www.burmeseclassic.com


တက္ကသိုလ်

# နေလင်းအောင်

ဝမ်အင်း၊ ဏ်ပိရွဲ့ကျန့်တောဝင်း၊

# ရေခဲဓားနှင့်မီးလျှံဓား

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ရေခဲများနှင့်မီးလျှံများ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

## လှည့်ကွက်

အရှေ့ဦး ...။

အရှေ့ဦးရောင်ခြည်သည် နွေးနွေးထွေးထွေးရှိ၏။

ပါးလွှာသော နှင်းမြူများက ဓာပဝါပါးနှယ် ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံရစ်သိုင်းထားလေသည်။

ကျန်းအာမခံဌာနရှေ့တွင် အာမခံဌာနအဖွဲ့သားများသည် ခရီးထွက်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်နေသည်။

ဌာနမှူး ကျန်းကျုံးရှန့်သည် အသက်အားဖြင့် ငယ်သော်လည်း အလွန်စေ့စပ်သေချာသူ ဖြစ်၏။

လမ်းခရီးတွင် အခက်အခဲ မကြုံတွေ့စေရန် မြင်းလှည်းတစ်ဆယ့်နှစ်စီးအား သေချာစွာ စစ်ဆေးနေလေသည်။

အတန်ကြာအောင် ကြည့်ရှုစစ်ဆေးပြီးမှ စိတ်ကျေနပ်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

“ကဲ … အားလုံး ခရီးထွက်ကြမယ်၊ လမ်းခရီးမှာ ကိုယ်တာဝန်ယူထားတဲ့ မြင်းလှည်းကို ဂရုစိုက်ပါ၊ တစ်စုံတစ်ခု အနှောင့်အယှက် ကြုံခဲ့ရင် ကိုယ့်မြင်းလှည်းကို ကိုယ်တာဝန်ယူရမယ်”

အာမခံဌာနသားများက ပြိုင်တူပင် ခေါင်းညိတ်လိုက်ကြသည်။

“ကောင်းပါပြီ ဌာနမှူးကျန်း”

ကျန်းကျုံးရှန့်သည် မနီးမဝေးတွင်ရပ်နေသော လောက်ဖုနှင့် ရှောင်ကျင်းတို့အား တည်ကြည်လေးနက်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

ရှောင်ကျင်းနှင့်လောက်ဖုတို့က သူ့အကြည့်ကို သဘောပေါက်နားလည်ဟန်ဖြင့် မြင်းလှည်းတန်းများ၏နောက်ဆုံးရှိ မြင်းနှစ်ကောင်ဆီသို့ လျှောက်သွားကာ ခုန်တက်လိုက်ကြလေသည်။

ကျန်းကျုံးရှန့်က မြင်းလှည်းတန်း၏ရှေ့ဆုံးရှိ မြင်းပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် မြင်းဇက်ကြိုးကိုလက်တစ်ဖက်က ဆုပ်ကိုင်ရင်း ကျန်လက်တစ်ဖက်ကို မြှောက်ယမ်းပြကာ …

“စထွက်”



ဟုအော်ရင်း မြင်းကိုစတင်မောင်းထွက်သွားလေသည်။

ကျန်းအာမခံဌာနသားများကလည်း သူ့နောက်မှ မြင်းလှည်းများကိုမောင်း၍ လိုက်ပါသွားကြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျုံးရှန့်သည် မြင်းကိုရှေ့ဆုံးမှ မောင်းနှင်လာသည်။

သူ၏နောက်တွင် လျှံငွေသိန်းနှစ်ဆယ်ထည့်ထားသော သေတ္တာများကို တင်ဆောင်ထားသည့် မြင်းလှည်းများနှင့် ထိုမြင်းလှည်းများကိုစောင့်ရှောက်ရန် မြင်းစီးသိုင်းပညာရှင်များ ပါရှိလာကြလေသည်။

အမှန်တွင် ...

ကျန်းအာမခံဌာန၏ သက်တမ်းတစ်လျှောက်တွင် ဤတစ်ကြိမ်သည် လူသားအများဆုံးအသုံးပြု၍ ခရီးထွက်ခဲ့ခြင်းဖြစ်လေသည်။

အကြောင်းကား ...

ယခုတစ်ကြိမ် ကျန်းကျုံးရှန့် လက်ခံထားသောအလုပ်သည် အလွန်တရာ တာဝန်ကြီးမားလှခြင်းကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ ...

ကျန်းကျုံးရှန့်အနေဖြင့် လုံးဝမပေါ့ဆသင့်ချေ။



ကျိုးတစ်ကောင်ကဲ့သို့ အရပ်မျက်နှာအားလုံးကို သတိထားနေရပေတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်သည် ပါးလွှာသောစက္ကူဖြင့်ပြုလုပ်ထားသော ပြတင်းပေါက်မှ တိုးဖောက်ဝင်ရောက်လာပြီး ချူးအော့လျှံ၏ခန္ဓာကိုယ်ပေါ် လွှမ်းခြုံကျရောက်လာသည်။

မျက်နှာပေါ်သို့ နေရောင်ထင်ဟပ်မှုကြောင့် တစ်ချက် ဂူးလွန့်လိုက်၏။

သို့သော် ညဥ့်နက်သန်းခေါင်ယံအချိန်လွန်မှ အိပ်စက်ခဲ့ရသဖြင့် ဦးခေါင်းတစ်ခုလုံး မူးဝေနေသောကြောင့် တစ်ဖက်သို့ စောင်းလှည့်ကာ ပြန်လည်အိပ်စက်ရန် ဟန်ပြင်လိုက်သည်။

ဤတွင် နားထဲသို့ ဆူညံသော အသံဗလံများ ရုတ်တရက်တိုးဝှေ့ဝင်ရောက်လာလေသည်။

'ကျုန်း အာမခံဌာန'

'ကျုန်း အာမခံဌာန'

'ကျုန်း အာမခံဌာန'

အသံများသည် တိုးညင်းရာမှ တဖြည်းဖြည်း ကျယ်လောင်



လာ၏။

ချူးအော့လျှံ၏မျက်ဝန်းများ ဝိုင်းစက်ပြူးကျယ်သွားကာ ကမန်းကတန်းထထိုင်လိုက်လေသည်။

ယင်းနောက် အခန်းထောင့်ရှိ မျက်နှာသစ်ကြွေဇလုံဆီသို့ ပြေးသွားကာ မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီး ဝရန်တာဘက်ဆီသို့ ပြေးထွက်လာခဲ့လေသည်။

ဝရန်တာ၌ ခြေစုံရပ်လိုက်မိစဉ်မှာပင် ကျုန်းကျူးရှန့် ဦးဆောင်သော ကျုန်းအာမခံအဖွဲ့သည် ယင်ချွန်ရဲဂေဟာရှေ့ရှိ မင်းလမ်းမကြီးပေါ်သို့ ရောက်ရှိလာပြီ ဖြစ်လေတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျိုးရှန့်သည် ရှေ့ဆုံးမှမြင်းကို မောင်းနှင်ခဲ့ရာ ယင်ချွန်ရဲဂေဟာရှေ့သို့ ရောက်ရှိလာ၏။

သူသည် ဝရန်တာကို ကမန်းကတန်းပြေးထွက်လာသော ချူးအော့လှျံအား တွေ့မြင်လိုက်ရလေသည်။

ချူးအော့လှျံကလည်း သူ့အားတွေ့မြင်လိုက်ဟန်တူ၏။ လက်နှစ်ဖက်ဝှေ့ယမ်းကာ နှုတ်ဆက်နေလေသည်။

ကျန်းကျိုးရှန့်က သူမအားပြုံးပြကာ ပြန်လည်လက်ဝှေ့ယမ်းပြလိုက်၏။

ထို့နောက်မြင်းကိုဆက်လက် မောင်းနှင်သွားသည်။

မကြာမီ ...

ကျန်းကျိုးရှန့်ဦးဆောင်သော ကျန်းအာမခံဌာနသည် မင်းလမ်းမကြီး၏အစွန်းတစ်ဖက်ဆီသို့ ရောက်ရှိပျောက်ကွယ်သွားလေသည်။

ချူးအော့လှျံသည် လမ်းမကြီး၏အစွန်ဆုံးဘက်ထိ ရောက်



အောင် ငေးမျှော်ကြည့်နေ၏။

ကျန်းကျိုးရှန့်နှင့် အာမခံအဖွဲ့သားများ မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည့်တိုင် သူမသည် ဝရန်တာတွင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေမိလေ၏။

သူမ၏ရင်ထဲတွင် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ စိတ်လှုပ်ရှားခြင်း စသည့်ခံစားချက်များကို ခံစားနေရလေသည်။

တစ်ချိန်တည်းမှာပင် ...

မင်းသားလေးကောင်းကန်းက ရေခဲတေးယူရန်ကိစ္စအတွက် ဝီကင်းမြို့တော်တွင် အာမခံဌာနများစွာရှိသည့်အနက် ကျန်းအာမခံဌာနကိုမှ အဘယ်ကြောင့် ရွေးချယ်ရပါသနည်းဟု တွေးတောနေမိလေသည်။

မိမိနှင့် ကျန်းကျိုးရှန့်တို့၏ သံယောဇဉ်ကို ပယ်ဖျက်ရိုက်ချိုးလို၍လော။

ချူးအော့လှျံသည် စဉ်းစားရင်း ခေါင်းတစ်ချက်ခါယမ်းလိုက်၏။

မင်းသားလေးကောင်းကန်းက ကျန်းကျိုးရှန့်အား ရွေးချယ်ခဲ့ခြင်းမှာ ဤအချက်တစ်ချက်တည်းနှင့် မဖြစ်နိုင်ဟု ယုံကြည်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား ...

မင်းသားလေးကောင်းကန်းသည် မိမိအား ကျန်းကျုံးရှုန့်နှင့် ရင်းနှီးစေရန်အတွက် အကွက်ချစီစဉ်ပေးခဲ့ခြင်းကြောင့်ပင် ဖြစ်နိုင်ပေသည်။

သို့ဆိုလျှင် ...

မင်းသားလေးကောင်းကန်းသည် ကျန်းကျုံးရှုန့်နှင့်ပတ်သက်၍ အလွန်ကြောက်စရာကောင်းသော အကြံအစည်တစ်ခုရှိနေပြီဟု မှတ်ယူရပေတော့မည်။

မည်သည့်အကြံအစည် ဖြစ်မည်နည်း။

စဉ်းစား၍ မရချေ။

ထိုအခိုက် ...

သူမသည် စန့်ကွမ်းချုံးမေအား ရုတ်တရက် သတိရလာသည်။

စန့်ကွမ်းချုံးမေသည် လွန်စွာအကင်းပါးသော မိန်းကလေးတစ်ယောက်ဖြစ်၏။

ထို့ပြင် မင်းသားလေးကောင်းကန်းနှင့် အလွန်ရင်းနှီးခဲ့သဖြင့် မင်းသားလေးကောင်းကန်း၏ အကြံအစည်ကို အနည်းနှင့်အများ သိရှိနိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။



ထို့ကြောင့် ...

သူမသည် စန့်ကွမ်းချုံးမေ၏အခန်းဆီသို့ လျှောက်လာခဲ့လေတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီသည် ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာပြီဖြစ်သည်။

သို့တိုင်အောင် စန္ဒကွမ်းချူးမေ၏အခန်းဆီမှ ပြာလဲ့လဲ့ မီးရောင်က ထွက်ပေါ်နေဆဲပင်ဖြစ်၏။

ချူးအော့လျှံသည် အခန်းတံခါးရှေ့တွင်ရပ်လျက် မျက်မှောင်ကြုတ်သွားသည်။

"စန္ဒကွမ်းချူးမေ အိပ်နေတယ်နဲ့တူတယ်၊ အင်းလေ ... သူညက ငါ့အတွက် အိပ်ရေးပျက်ခဲ့တာပဲ၊ မနှိုးတော့ပါဘူးလေ"

ယင်းသို့ရေရွတ်ရင်း လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။ ရုတ်တရက် ...

ထိုစဉ် သူမ၏မျက်ဝန်းအစုံက စန္ဒကွမ်းချူးမေ၏အခန်းတံခါးမှာ အနည်းငယ်ဟနေသည်ကို အမှတ်မထင်သတိပြုမိလိုက်သည်။

"ဟင် ... အခန်းတံခါးလည်း ပိတ်မထားပါလား၊ ကြည့်ရတာ နိုးနေပြီထင်တယ်"



ယင်းသို့ရေရွတ်ရင်း အခန်းတံခါးကို တွန်းဖွင့်လိုက်လေသည်။

ပြတင်းပေါက်မှ ထိုးဖောက်တိုးဝင်လာသော နေရောင်ခြည်၏ အလင်းရောင်နှင့် ပြာလဲ့လဲ့မီးရောင်တို့ကြောင့် အခန်းတစ်ခုလုံးကို ထင်ရှားစွာတွေ့မြင်ရလေသည်။

စန္ဒကွမ်းချူးမေ လဲလျောင်းနေသည်ကို တွေ့ရသည်။ သို့သော် ခုတင်ပေါ်၌မဟုတ်ပါ။ ကြမ်းပြင်ပေါ်၌ လဲလျောင်းနေခြင်းဖြစ်လေသည်။

ချူးအော့လျှံသည် စားပွဲပေါ်ရှိ အရက်အိုးနှင့် ဖန်ခွက်နှစ်လုံးကို တစ်ချက်လှမ်းကြည့်ကာ ပခုံးတစ်ချက်တွန့်လိုက်လေသည်။

"မမကွမ်းချူးမေက ကြမ်းပြင်နဲ့ခုတင်ကိုတောင် မှားပြီးအိပ်ရလောက်အောင် အရက်အလွန်အကျွံသောက်ထားတာကိုး"

ပြောရင်း အခန်းတွင်းသို့ လှမ်းဝင်လိုက်လေသည်။

ယင်းနောက် လဲလျောင်းနေသော စန္ဒကွမ်းချူးမေ၏မျက်နှာကို ငုံ့ကြည့်လိုက်သည်။

ထိုဒင်္ဂလေးမှာပင် ချူးအော့လျှံ၏မျက်လုံးအစုံသည် ရုတ်တရက် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားလက်ဖျားများ အေးစက်လာကာ ခန္ဓာကိုယ်ထဲမှ ဝိညာဉ်ပင်လျှင် လွင့်စဉ်သွားသည်ဟု ထင်မှတ်လိုက်မိလေတော့သည်။

✲



စန္ဒကူမ်းချူးမေသည် ကြမ်းပြင်ပေါ်၌ လဲလျောင်းနေ၏။

သူမ၏ပါးစပ်၊ နှာခေါင်းနှင့် နားရွက်တို့မှ သွေးများယိုစီးကျနေလေသည်။

မည်းနက်သောသွေးများ ဖြစ်၏။

သူမ၏မျက်လုံးအစုံက ပုစွန်တုပ်မျက်လုံးပမာ အပြင်သို့ပြူးထွက်နေလေသည်။

ချူးအော့လျှံသည် ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းလာ၏။

အကြောက်လွန်ကာ ခြေထောက်များပင် ကြမ်းပြင်ပေါ်၌ အမြစ်တွယ်လျက် မလှုပ်မယှက်ဖြစ်နေလေသည်။

ထိုအချိန်တွင် ...

အခန်းဆီသို့ လျှောက်လှမ်းလာနေသော ခြေသံများကို ကြားလိုက်ရသည်။

'ရှပ် .. ရှပ် .. ရှပ်'

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ...

တံခါးဆွဲဖွင့်သံနှင့် အခန်းတွင်းသို့ ဝင်ရောက်လာသော ခြေသံများကို ကြားလိုက်ရလေသည်။

ချူးအောင့်လျှံမှာ လှည့်ကြည့်ရန်ပင် ခွန်အားမရှိတော့သလို ဖြစ်နေသည်။

ရုတ်တရက် လူတစ်ယောက်၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

“ဩော် အောင့်လျှံ ... မင်းက ဒီကိုရောက်နေတာကိုး”

စကားသံနှင့်အတူ လူတစ်ယောက် အနီးသို့ရောက်ရှိလာ၏။

ချူးအောင့်လျှံက ထိုလူအား လှည့်မကြည့်ပါ။ သို့သော် ထိုလူ၏အသံကိုကြားလိုက်ရသည်နှင့် မည်သူမည်ဝါဖြစ်ကြောင်း မှတ်မိနေလေသည်။

ထိုလူကား အခြားလူမဟုတ်ပါ။ မင်းသားလေးကောင်းကန်းပင်ဖြစ်လေသည်။

သူနှင့်အတူ သစ်လွင်တောက်ပသော ဝတ်စုံများဝတ်ဆင်ထားသော လူနှစ်ယောက်ပါရှိလာလေသည်။

သူတို့သုံးယောက်သည် ချူးအောင့်လျှံအနီးသို့ရောက်ရှိလာ



သောအခါ ခြေလှမ်းရပ်တန့်လိုက်ကြသည်။

ထို့နောက် စန့်ကွမ်းချူးမေအား ငုံ့ကြည့်လိုက်ကြ၏။

ချက်ချင်းဆိုသလိုပင် သူတို့၏မျက်လုံးအကြည့်သည် ချူးအောင့်လျှံထံ စုပြုံကျရောက်လာလေသည်။

အနီရောင်ဝတ်စုံနှင့်အဘိုးအိုက ချူးအောင့်လျှံအား အေးတိအေးစက်ကြည့်ကာ ...

“မင်း အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ရက်စက်ရသလား”

ထိုစကားကြောင့် ချူးအောင့်လျှံ၏ခန္ဓာကိုယ်သည် ကျာပွတ်ဖြင့် အရိုက်ခံလိုက်ရသည့်အလား ဆတ်ခနဲ တစ်ချက်တုန်ခါသွားလေသည်။

ချက်ချင်းပင် ခေါင်းတွင်တွင်ခါယမ်းကာ ...

“မဟုတ်ဘူး မဟုတ်ဘူး ... ကျွန်မ ဘာမှ မလုပ်ဘူး”

အနီရောင်ဝတ်စုံနှင့်လူက ရွှေဝါရောင်ဝတ်စုံနှင့်လူအား တစ်ချက်လှမ်းကြည့်လိုက်သည်။

“ညီလေးလုံရှောင်မင် ... ဒီမိန်းကလေးကို ကြည့်စမ်း၊ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကျုပ်တို့မိတ်ဆွေ ကွမ်းကျူးမေကိုအဆိပ်ကျွေးပြီး သတ်ဝံ့တယ်၊ နောက်ပြီး မသတ်ဘူးလို့ ငြင်းနေတယ်”

www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါရောင်ဝတ်စုံနှင့်လူက ခေါင်းညိတ်လိုက်သည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ရက်စက်တဲ့ မိန်းကလေးမျိုး ကို ကျုပ်တို့ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ အစ်ကိုကြီးထန်က သူ့ ကို ဘယ်လိုဆုံးမဖို့ စိတ်ကူးထားသလဲ"

ချူးအော့လျှံသည် ထိတ်လန့်ကြောက်ရွံ့လွန်းသဖြင့် ခန္ဓာ ကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်လာလေသည်။

"မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်မ သူ့ဆီကိုရောက်တဲ့အချိန် မှာ သူ့ကို ဒီအတိုင်းတွေ့ခဲ့တာပါ"

လုံရှောင်မင်က ခြေထောက်တစ်ချက်ဆောင့်လိုက်ပြီး ...

"လူသတ်သမား ... မင်းက ကျုပ်တို့ကိုဗြောင်လိမ်ချင်တာ လား"

သူသည် အနီရောင်ဝတ်စုံနှင့်လူအား လှမ်းကြည့်ကာ ...

"အစ်ကိုကြီးထန်ဖုံးရီ ...သူ့ကို အမြန်ဆုံးဖမ်းပြီး အာဏာ သားတွေဆီကို ပို့လိုက်ကြရအောင်"

ထန်ဖုံးရီဆိုသူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒီလောက်ရက်စက်ကြမ်းကြုတ်တဲ့ မိန်းက လေးကို အာဏာသားလက်ထဲ အမြန်ဆုံးပို့ရမယ်"

ပြောပြီး ချူးအော့လျှံအား ဖမ်းချုပ်ရန် လက်လေးဖက်ကို



ရှေ့သို့ဆန့်တန်းလိုက်ကြသည်။

ချူးအော့လျှံသည် ထိတ်လန့်တကြားဖြင့် ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

သို့သော် ...

ထန်ဖုံးရီနှင့် လုံရှောင်မင်တို့၏လက်များက သူမ၏ပခုံးတစ် ဖက်စီကို ချုပ်ကိုင်ထားလိုက်ပြီးဖြစ်နေလေသည်။

ချူးအော့လျှံက အားကုန်ရုန်းကန်လိုက်၏။

သို့သော် ပခုံးနှစ်ဖက်မှာ သံမဏိညှပ်များဖြင့် အညှပ်ခံ ထားရသည့်အလား တင်းကျပ်လျက် အရိုးများ ကျိုးကြေသွား သည် ဟု ခံစားလိုက်မိလေသည်။

"လွှတ် လွှတ် ... ကျွန်မ မသတ်ဘူး၊ သူ့ကို ကျွန်မမသတ် ဘူး"

ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်ရုန်းကန်ရင်း သတိလစ် မေ့မြောသွားလေတော့၏။

မင်းသားလေးကောင်းကန်းသည် သတိလစ်မေ့မြောသွား သော ချူးအော့လျှံ၏ခန္ဓာကိုယ်အား ပွေ့ချီလိုက်သည်။

ယင်းနောက် ထန်ဖုံးရီနှင့် လုံရှောင်မင်တို့အား ပြုံးပြပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ...ဓားညီနောင်ဟာ သိုင်းပညာထူးချွန်ရုံတင် မကဘူး၊ ဟန်ဆောင်တဲ့ပညာမှာလည်း တစ်ဖက်ကမ်းခပ်အောင် ပြောင်မြောက်တာပဲကိုး"

လုံရှောင်မင်က ရယ်မောရင်း မင်းသားလေးကောင်းကန်း၏ ပခုံးကို တစ်ချက်ပုတ်လိုက်သည်။

"ဟား ဟား ဟား ...ဒါကတော့ ကျုပ်တို့ကို ကြည့်ရှုစောင့် ရှောက်ပေးတဲ့ မင်းသားလေးရဲ့အကျိုးကိုဆောင်ရွက်ရတာကိုး"

မင်းသားလေးကောင်းကန်းသည် သတိလစ်မေ့မြောနေသော ချူးအော့လျှံ၏မျက်နှာကလေးကို ငုံ့ကြည့်လိုက်မိသည်။

"ဘာပဲပြောပြော ခင်ဗျားတို့ ဟန်ဆောင်ကောင်းကြလို့ အခုဆိုရင် အော့လျှံတောင် မေ့မြောသွားရပြီ၊ ဒါကြောင့် ခင်ဗျားတို့ ရဲ့ ဟန်ဆောင်တဲ့ပညာကို ကျုပ်က မချီးကျူးဘဲ မနေနိုင်တော့ပါဘူး ... ဟား ဟား ဟား"

ထန်ဖုံးရီက သူ့အား မျက်ခုံးပင့်ကြည့်လိုက်ပြီး ...

"ကျုပ်ကလည်း မင်းသားလေးကောင်းကန်းရဲ့ အကွက် စေ့ စေ့ အစီအစဉ်ချပြီး လိုချင်တာကို ရအောင်ယူတတ်တဲ့ပညာကို မချီး မွမ်းဘဲ မနေနိုင်ပါဘူး ... ဟား ဟား ဟား"

လုံရှောင်မင်သည် မင်းသားလေးကောင်းကန်း ပွေ့ချီထား



သော ချူးအော့လျှံကို တစ်ချက်ငုံ့ကြည့်လိုက်၏။ ပြီးနောက် သက် ပြင်းတစ်ချက်ချကာ ...

"အင်း ... တကယ်ရှားပါးတဲ့ ရတနာတစ်ပါးပဲ၊ မင်းသား လေး ကောင်းနဲ့ ရှေ့သွားနောက်လိုက် ညီပါတယ်"

မင်းသားလေးကောင်းကန်း က ပြုံးလိုက်သည်။

ဤတစ်ကြိမ် သူ၏အပြုံးသည် ကျေနပ်အားရပြီး စိတ်ချမ်း မြေ့စွာ ပြုံးလိုက်ခြင်းဖြစ်သည်။ နှုတ်မှလည်း ...

"ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထန်ဖုံးရီက ရုတ်တရက် တည်ကြည်လေးနက်သောမျက် နှာထားဖြင့် သတိပေးစကား ပြောလိုက်သည်။

"ကဲ ... ကျုပ်တို့ ဒီမှာကြာရှည်နေလို့ မဖြစ်ဘူး"

လုံရှောင်မင်ကလည်း ခေါင်းညိတ်ကာ

"ဟုတ်တယ် ... ခက်တာက ဒီမိန်းကလေးကို ပွေ့ချီပြီး ထွက်သွားရင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်နေလိမ့် မယ်"

မင်းသားလေးကောင်းကန်းက လျှို့ဝှက်စွာ ပြုံးလိုက်ပြီး စန္ဒကူမွှေးမြူးမေ၏ ခုတင်ခေါင်းရင်းရှိ ပန်းချီကားချပ်ကို လက်ဖဝါးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တွန်းလိုက်သည်။

'ကျွီ'

ပန်းချီကားချပ်ကြီးသည် တဖြည်းဖြည်းအောက်သို့ နိမ့်ဆင်းသွားကာ တံခါးပေါက်တစ်ခု ဖြစ်ပေါ်လာသည်။

ထန်ဖုံးရီနှင့် လုံ့ရှောင်မင်တို့၏မျက်နှာပေါ်တွင် အလွန်အမင်းအံ့သြနေသည့် ဟန်မူရာများ ပေါ်လွင်လာလေသည်။

မင်းသားလေးကောင်းကန်းက သူတို့အား ပြုံးပြလိုက်ပြီး

"ထန်အဘိုး ... ခင်ဗျားက ကွမ်းချုံးမေရဲ့အလောင်းကို သယ်ခဲ့ပါ။ လုံ့အဘိုးက ဟောဟိုစားပွဲပေါ်က အရက်အိုးနဲ့ဖန်ခွက်နှစ်လုံးကို ယူခဲ့ပါ"

ပြောပြီး တံခါးပေါက်ထဲသို့ လှမ်းဝင်လိုက်သည်။

လုံ့ရှောင်မင်နှင့် ထန်ဖုံးရီတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြရာမှ ခေါင်းတစ်ချက်ခါယမ်းလိုက်ကြလေသည်။

သူတို့၏မျက်လုံးအစုံတွင် ထိတ်လန့်တုန်လှုပ်သည့် ခံစားမှုများ ယှက်ထင်လာ၏။

သို့သော် လက်ရှိအခြေအနေတွင် သူတို့အနေဖြင့် မင်းသားလေးကောင်းကန်း၏အမိန့်ကို နာခံရုံမှလွဲ၍ အခြားဘာမျှ



မတတ်နိုင်ချေ။

ထန်အဘိုးအိုသည် အေးစက်တောင့်တင်းနေသော စန့်ကွမ်းချုံးမေ၏အလောင်းကို ပွေ့ချီလိုက်၏။

လုံ့ရှောင်မင်ကလည်း စားပွဲပေါ်ရှိ အရက်အိုးနှင့် ဖန်ခွက်နှစ်လုံးကို ကောက်ယူလိုက်သည်။

ထို့နောက် မင်းသားလေးကောင်းကန်း ဝင်ရောက်သွားသည့် တံခါးပေါက်သို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လိုက်ကြလေသည်။

သူတို့သည် တံခါးပေါက်တွင်းသို့ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ရှည်လျားသောမြည်သံနှင့်အတူ ပန်းချီကားချပ်ကြီးသည် တဖြည်းဖြည်းအပေါ်သို့မြင့်တက်လာကာ နံရံပေါ်ရှိ ပန်းချီကားချပ်အဖြစ်သို့ ရောက်ရှိသွားလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

## အန္တရာယ်ခရီးစဉ်

တောလမ်းကလေးသည် ညီညာခြင်းမရှိဘဲ ချိုင့်ခွက်များ၊ ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပြည့်လျှံနေသည်။

လမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ချုံနွယ်များ စီတန်းပေါက်ရောက်နေသောကြောင့် ပို၍ကြမ်းတမ်းနေဟန်ရှိလေသည်။

အမှန်စင်စစ် ဤလမ်းကလေးအား မည်သူကမျှ အသုံးမပြုကြပါချေ။ အကြောင်းကား ဤလမ်းကလေးသည် အလွန်ကြမ်းတမ်းပြီး ဖြတ်သန်းရန် ခရီးမတွင်သောကြောင့် ဖြစ်လေသည်။

ထို့ပြင် ဤလမ်းကလေးကို အသုံးမပြုဘဲ အန်တုမြို့ကလေးသို့ သွားနိုင်သော အခြားလမ်းတစ်လမ်းလည်း ရှိနေသေးသောကြောင့်ဖြစ်သည်။



ယင်းအခြားလမ်းသည် အလွန်ပြန့်ပြူးချောမွေ့ပြီး လူသွားလူလာမပြတ်သောလမ်းဖြစ်၏။

သို့သော် တောလမ်းကလေးမှ ဖြတ်သန်းလျှင် အန်တုမြို့သို့ အမြန်ဆုံးရောက်ရှိနိုင်၏။ ထို့ကြောင့် ဖြတ်လမ်းတစ်ခုဟု ဆိုနိုင်ပေသည်။

မည်သို့ဆိုစေ ကုန်သည်ပွဲစားများနှင့် လမ်းသွားလမ်းလာများသည် တောလမ်းကလေးကို အသုံးပြုလေ့မရှိကြပါ။ ခရီးလမ်းပန်းကြမ်းတမ်းမှုကြောင့် အသုံးမပြုသည်မှာ ကြာလေပြီ။

သို့ရာတွင် ယနေ့အဖို့မူကား တောလမ်းကလေးပေါ်၌ လူဆယ်ယောက် ထူးခြားစွာဖြတ်သန်းသွားလာနေကြပေသည်။

လက်နက်ကိုယ်စီကိုင်ဆောင်ထားသော လူခြောက်ယောက်နှင့် ဝေါစင်ထမ်းထားသော လူလေးယောက်ဖြစ်သည်။

သို့ရာတွင် ဝေါစင်ဟုဆိုခြင်းထက် ဝါးကတ်ပြားတစ်ခု ထမ်းလာသည်ဟု ဆိုခြင်းက ပို၍ မှန်ကန်ပေလိမ့်မည်။

အကြောင်းမှာ အကာအရံကင်းမဲ့သော ဝါးဖြင့်ပြုလုပ်ထားသည့် ကတ်ပြားပေါ်တွင် ကုလားထိုင်တစ်လုံးတင်ထားသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



စွာတွေ့မြင်နေရလေသည်။

ထိုလူ၏ခန္ဓာကိုယ်ပေါ်တွင် ကျားသစ်သားရေနှင့်ချုပ်လုပ်ထားသော အင်္ကျီကိုဝတ်ဆင်ထားပြီး တွန့်လိမ်ကောက်ကွေးနေသော ဆံပင်ရှည်များကို ဖားလျားချထားလေသည်။

ရှည်လျားလှသော နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့ကြောင့် မျက်နှာကိုပင် ထင်ရှားစွာ မြင်တွေ့ရခြင်းမရှိပေ။

သူ့အား အဝေးမှ ရုတ်တရက်ကြည့်လိုက်လျှင် တောရိုင်းတိရစ္ဆာန်တစ်ကောင်နှင့်ပင် တူနေပေ၏။

သူသည် ဝေါစင်ပေါ်ရှိ ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာထိုင်၍ လိုက်ပါလာသော်လည်း မျက်လုံးအစုံကမူ ပတ်ဝန်းကျင်တစ်ခုလုံးအား ကျီးကန်းတောင်းမှောက် ကြည့်လာလေသည်။

ထိုမျက်လုံးအစုံတွင် စိုးရိမ်ပူပန်သော ဟန်အမူအရာများ ပေါ်လွင်နေ၏။

ယင်းအခိုက်မှာပင် သူ၏လက်တစ်ဖက်ရုတ်တရက်မြောက်တက်ကာ ...

"ရပ်လိုက်"

သူ၏အော်ဟစ်ဟန့်တားမှုကြောင့် အားလုံးသောလူများ ခြေလှမ်းရပ်တန့်သွားကြလေသည်။



တောရိုင်းတိရစ္ဆာန်နှင့်တူသောလူက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ရှေ့ကိုဆက်သွားရင် မြက်ခင်းလွင်ပြင်ပဲရှိတော့မယ်၊ သူတို့ကို ဘာဖြစ်လို့ မတွေ့ရသေးတာလဲ"

လှံတံကိုင်ဆောင်ထားသောသူက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကျန်းအာမခံဌာနကလူတွေ ဒီလမ်းကို အသုံးမပြုဘူးထင်ပါတယ်"

တောရိုင်းတိရစ္ဆာန်နှင့်တူသောလူက ခေါင်းခါယမ်းလိုက်သည်။

"မင်းရူးနေသလား သိုင်းလောကသားတွေ ဒီလောက်လိုချင်တပ်မက်နေတဲ့ ရေခဲဓားကို ကျန်းကျူးရှန့်က ဒီလိုချောင်ကျတဲ့လမ်းကလွဲလို့ တခြားလမ်းကို အသုံးပြုပါ့မလား"

လှံတံကိုင်ဆောင်ထားသောလူ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါဆိုရင် ကျုပ်တို့ရှေ့ပြေးလွှတ်လိုက်တဲ့အဖွဲ့သားတွေကို ဘာဖြစ်လို့ မတွေ့ရသေးတာလဲ"

ခေါင်းဆောင်ဖြစ်သူ တွေဝေသွားသည်။ လှံတံကိုကိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားသောလူက မချိပြုံး ပြုံးလိုက်ပြီး ...

"ကျုပ်အထင်တော့ သူတို့အနံ့တူမြို့ကိုများ လိုက်သွားကြသလားမသိဘူး"

ခေါင်းဆောင်ဖြစ်သူ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ကျုပ် ရထားတဲ့သတင်းအရဆိုရင် ကျန်းကျိုးရှန့်ဆိုတဲ့လူက ရေခဲဓားကို ဒီနေရာကပဲ သယ်လာမယ်လို့ သိထားတယ်"

သူ၏စကားဆုံးသည်နှင့် လူတစ်ယောက်၏အသံထွက်ပေါ်လာလေသည်။

"အင်း ... ရေခဲဓားရဲ့ ထောင်ချောက်ထဲကို ရောက်လာကြတဲ့လူတွေ မနည်းပါလား"

ထိုအသံသည် တည်ငြိမ်သော်လည်း အေးစက်စက်နိုင်လှ၏။

အားလုံးသောလူများသည် ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် ခန္ဓာကိုယ်များ တစ်ချက်တုန်ခါသွားကြသည်။

တောရိုင်းတိရစ္ဆာန်နှင့်တူသောလူကလည်း မိမိ၏ခါးတွင်ချိတ်ထားသော ဓားကောက်ဆီသို့ လက်တစ်ဖက်ရောက်ရှိသွားလေသည်။



သူသည် အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်ကာ ...

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

ဟု အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်လေတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



အသံသည် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ချုံပုတ်နောက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အားလုံးသောလူများ၏ မျက်လုံးအစုံသည် အသံလာရာသို့ တညီတညွတ်တည်း ရောက်ရှိသွားလေသည်။

ယင်းအချိန်တွင် ချုံပုတ်သည် တစ်ချက်လှုပ်ရှားသွားကာ လူရွယ်တစ်ယောက် ထွက်လာလေ၏။

အပြာရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ဖြစ်သည်။

ခရီးဝေးနှင်ခဲ့ဟန်ဖြင့် ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများတွင် ဖုန်များ၊ အမှိုက်များ ကပ်ငြိနေလေသည်။

သို့တိုင်အောင် ထိုလူရွယ်၏ ချောမောခန့်ညားသည့် ရုပ်သွင်ကို စိုးစိမျှ လွှမ်းမိုးနိုင်ခြင်းမရှိပေ။

သူသည် ဝေါစင်ရှေ့ မလှမ်းမကမ်းတွင် ခြေလှမ်းရပ်တန့်လိုက်သည်။



ဝေါစင်ပေါ်မှလူက မြေပြင်ပေါ်သို့ ခုန်ဆင်းလာ၏။

ယင်းနောက် အပြာရောင်ဝတ်စုံနှင့်လူရွယ်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ...

"နေပါဦး ... မင်းက ဘယ်သူလဲ၊ ဘာကြောင့် ရေခဲဓားအကြောင်းကို ပြောနိုင်ရတာလဲ"

အပြာရောင်ဝတ်စုံလူရွယ်က သူ့အား စေ့စေ့ကြည့်ကာ ...

"ကျုပ်က ကျန်းကျုံးရှန့် ... ကျုပ်ကိုယ်တိုင် ရေခဲဓားထောင်ချောက်ထဲကို ရောက်ခဲ့ရလို့ ရေခဲဓားအကြောင်းပြောနိုင်တာပါ"

"ဟင်"

"ဟာ"

ကျန်းကျုံးရှန့်ဟူသောအမည်ကြောင့် အားလုံးသောလူများ ထိတ်လန့်သွားကြလေသည်။

ခေါင်းဆောင်ဖြစ်သူက ကျန်းကျုံးရှန့်အား စိုက်ကြည့်လိုက်ပြီး အေးတိအေးစက်လေသံဖြင့် ...

"ဩော် ... ကျန်းကျုံးရှန့်ဆိုတာ မင်းကိုး"

"ဟုတ်ပါတယ် ... ကျုပ် ကျန်းကျုံးရှန့်ပါ"

ခေါင်းဆောင်ဖြစ်သူ၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာ

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

"မင်းက ကျုပ်လူတွေကို သတ်ပစ်လိုက်ပြီပေါ့ ... ဟုတ်လား"

ကျန်းကျုံးရှန့်က ခေါင်းခါယမ်းလိုက်သည်။

"သူတို့နဲ့ကျုပ်က ယှဉ်ပြိုင်ဘက်တွေ မဟုတ်ပါဘူး"

ပြောပြီး လက်ခုပ်တစ်ချက်တီးလိုက်၏။

ထိုအခါ လမ်းဘေးချုံပုတ်များ တစ်ချက်စီလှုပ်ခါသွားပြီး ပြိုလဲသွားကြလေသည်။

ယခုမှ ချုံပုတ်များနောက်ကွယ်တွင် သွေးကြောပိတ်ခံထားရသော လူဆယ်ယောက်နှင့် အာမခံအဖွဲ့သားဝတ်စုံဝတ်ဆင်ထားကြသော လူနှစ်ဆယ်၊ မြင်းလှည်းဆယ်စီးတို့အား တွေ့မြင်လိုက်ရလေသည်။

ခေါင်းဆောင်ဖြစ်သူက မျက်မှောင်ကြုတ်ကာ ...

"ကျန်တဲ့လူဆယ်ယောက်ရော"

ကျန်းကျုံးရှန့်က တည်ကြည်သောမျက်နှာထားဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်၊ ကျုပ်တို့က အတတ်နိုင်ဆုံး သွေးကြောပိတ်ပြီးဖမ်းပေမယ့် တချို့လူတွေက သိပ်ပြီးဒေါသကြီးကြတယ်လေ၊ ဒါကြောင့် ..."



ကျန်းကျုံးရှန့်က စကားကို ခေတ္တရပ်တန့်ထားလိုက်သည်။ ထို့နောက် တစ်နေရာသို့ စိုက်ကြည့်နေလေသည်။

ခေါင်းဆောင်ဖြစ်သူနှင့် အဖွဲ့သားများသည် ကျန်းကျုံးရှန့်၏မျက်လုံးရွေ့လျားရာသို့ ကြည့်လိုက်မိကြသည်။

ထိုအခါ လတ်ဆတ်သော မြေပုံဆယ်ခုကို တွေ့မြင်လိုက်ရ၏။

သူ၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။

"ကျန်းကျုံးရှန့် ... မင်းကို ကျုပ်သတ်မယ်"

ကျန်းကျုံးရှန့်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး ...

"တကယ်ဆိုရင် အစကတည်းက ခင်ဗျား သူတို့ကိုမလွှတ်သင့်ဘူး၊ ခင်ဗျားကိုယ်တိုင်ပဲ လာသင့်တယ်"

ခေါင်းဆောင်ဖြစ်သူ၏မျက်ဝန်းအစုံတွင် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းစသည့် ဟန်မူရာများ ပေါ်ထွက်လာ၏။

"ကောင်းပြီ ... အခု ကျုပ်ရောက်လာပြီ မင်း ဓားထုတ်ပါ"

ကျန်းကျုံးရှန့်က ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားက ကိုယ့်အခြေအနေကို ကိုယ် နားမလည်သေးဘူးကိုး၊ နေပါဦး ... ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့ ရန်သူလိုသဘောထား

www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ"

ခေါင်းဆောင်ဖြစ်သူက စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး ...

"မင်းတို့ ကျွန်းအောမခံဌာနက ရေခဲခဲ့ဆေးသယ်ယူလာမယ်ဆိုတဲ့သတင်းကို ကြားလိုက်ရကတည်းက ကျုပ်က ရေခဲခဲ့ဆေးကို ရယူဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒီရေခဲခဲ့ဆေးကိုသာရရင် ကျုပ်တို့မြောင်လူမျိုးတွေအတွက် တကယ်ဂုဏ်ယူစရာပဲလေ"

ကျွန်းကျူးရှန့် ပြုံးလိုက်သည်။

"ဟုတ်ပါ့မလား ... ဒီရေခဲခဲ့ဆေးကို ခင်ဗျားတို့ရမယ်ဆိုရင် ခင်ဗျားတို့ရဲ့မြောင်လူမျိုးတွေ အေးအေးချမ်းချမ်းနေနိုင်မယ် ထင်သလား၊ သိုင်းလောကသားတွေဝိုင်းပြီး လာလုကြမှာဗျ"

ခေါင်းဆောင်ဖြစ်သူ တွေဝေသွားလေသည်။

ကျွန်းကျူးရှန့်က နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး ...

"ခင်ဗျားကို ကျုပ် အခုရှင်းရှင်းလေးပြောလိုက်မယ်၊ ကျုပ်တို့ ခင်ဗျားတို့ဟာ ရေခဲခဲ့ဆေးရဲ့ထောင်ချောက်ထဲ ရောက်နေကြတာပါ"

ခေါင်းဆောင်ဖြစ်သူနှင့် မြောင်လူမျိုးများ နားမလည်နိုင်အောင် ဖြစ်သွားကြလေသည်။



"ဘယ်လို ... ထောင်ချောက် ... ဟုတ်လား"

ကျွန်းကျူးရှန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... အမှန်တော့ ကျုပ်တို့ဆီမှာ ရေခဲခဲ့ဆေး ပါမလာခဲ့ပါဘူးဗျာ"

"ဘယ်လို ... ရေခဲခဲ့ဆေး ပါမလာဘူး ... ဟုတ်လား"

ကျွန်းကျူးရှန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ အန်တုမြို့ကပြန်လာတဲ့ လမ်းခရီးတစ်လျှောက်မှာ ဒီလိုလုယက်သူတွေနဲ့ တွေ့ခဲ့ရတယ်၊ လုယက်သူအားလုံးက ကျုပ်တို့မှာ ရေခဲခဲ့ဆေးပါလာတယ်ဆိုပြီး သဲသဲမဲမဲ တိုက်ခိုက်ကြတော့တာပဲ"

သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

"အဲဒီလိုတိုက်ခိုက်ကြတဲ့လူတွေထဲမှာ အားလုံးနီးပါးဟာ သေဆုံးကုန်ကြတယ်၊ တကယ်တော့ ကျုပ်တို့မှာ လူသတ်ချင်တဲ့ဆန္ဒမရှိပါဘူး၊ မလွှဲမရှောင်သာလို့ ကိုယ့်အသက်ကိုယ် ကာကွယ်ရင်းက သူတို့ကို ထိခိုက်သွားတာပါ"

မြောင်လူမျိုးခေါင်းဆောင်က သူ့အား စိုက်ကြည့်နေသည်။

ကျွန်းကျူးရှန့်က သက်ပြင်းချရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဘက်ကလည်း ခုနစ်ယောက်ကျဆုံးရတာပါပဲ၊ ဘယ်လောက်ဝမ်းနည်းကြေကွဲစရာကောင်းသလဲ၊ သူတို့ခုနစ်ယောက်သေဆုံးသွားတဲ့အတွက် ကျန်ရစ်ခဲ့တဲ့မိသားစုကို ကျုပ် ဘယ်လိုမျက်နှာပြရမလဲတောင် မသိတော့ပါဘူး"

မြောင်လူမျိုးခေါင်းဆောင် မျက်မှောင်ကုတ်သွားလေသည်။

"နေစမ်းပါဦး ... မင်းတို့က အန်တုမြို့ကို ရေခဲဓားယူဖို့လာကြတဲ့ ကျန်းအာမခံဌာနပဲ၊ ဘာဖြစ်လို့ ရေခဲဓားက ပါမလာရတာလဲ"

ကျန်းကျုံးရှန့်၏ မျက်နှာပေါ်တွင် ခံပြင်းသော ဟန်မူရာများပေါ်လွင်လာလေသည်။

"ကျုပ်တို့ အန်တုမြို့ကိုရောက်တော့ နတ်မျက်စိဂူးချိယန့်ဟာ သေဆုံးနေပြီလေ၊ သူက ရေခဲဓား အရောင်းအဝယ်လုပ်တဲ့လူ၊ ရေခဲဓား အရောင်းအဝယ်လုပ်တဲ့ညမှာပဲ သေဆုံးသွားလို့ ကျုပ်တို့ရောက်ချိန်မှာ သင်္ဂြိုလ်ပြီးစီးနေပါပြီ၊ သူနဲ့အတူ ရေခဲဓားလည်း ထူးဆန်းစွာ ပျောက်ဆုံးသွားတယ်လို့ ပြောပါတယ်"

မြောင်လူမျိုးခေါင်းဆောင်၏မျက်နှာပေါ်တွင် ထူးဆန်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။



"မင်းရဲ့ခန္ဓာကိုယ်ပေါ်မှာလည်း ဒဏ်ရာတွေ မနည်းပါလား"

ကျန်းကျုံးရှန့်မျက်နှာ ကွက်ခနဲပျက်သွားပြီး မချိပြုံး ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့"

မြောင်လူမျိုးခေါင်းဆောင်က လက်ကာပြလိုက်ပြီး

"ဒါပေမဲ့ ... အနည်းဆုံး ကျုပ်နဲ့ရင်ဆိုင်နိုင်သေးတယ်လို့ ပြောမလို့လား"

ကျန်းကျုံးရှန့်က အံ့သြသွားသည်။

မြောင်လူမျိုးခေါင်းဆောင်သည် အလွန်ပါးနပ်ပြီး ဉာဏ်ကောင်းသူဖြစ်ကြောင်းသဘောပေါက်လိုက်သည်။

"ဟုတ်ပါတယ်"

မြောင်လူမျိုးခေါင်းဆောင်က ပြုံးလိုက်လေသည်။

"ကျုပ်က ဒဏ်ရာရထားတဲ့လူနဲ့ ဘယ်တော့မှ ယှဉ်ပြိုင်ပြီး မတိုက်ခိုက်ချင်ဘူး၊ အထူးသဖြင့် ... အကျိုးအမြတ်မရှိတဲ့အလုပ်ကို မလုပ်ချင်ဘူး"

ကျန်းကျုံးရှန့်က မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ခင်ဗျားဆိုလိုတာက ရေခဲဓားကို မရနိုင်ဘဲနဲ့ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



မြောင်လူမျိုးတွေကို အဆုံးရှုံးမခံနိုင်ဘူး ဆိုပါတော့"

"အင်း ... ဒီသဘောပါပဲ"

"ဒါဆိုရင် ... ခင်ဗျားက ကျုပ်တို့ကို မတိုက်ခိုက်တော့ဘူး ပေါ့"

"ဟုတ်တယ်၊ ကျန်းအာမခံဌာနဟာ လူပေါင်းတစ်ထောင် ကျော်ကိုတောင် ကျော်လွှားနိုင်ခဲ့သေးတာပဲ၊ ကျုပ်တို့ကိုလည်း ကျော်ဖြတ်နိုင်မှာပါ"

"ဒီလောက်လည်း အထင်မကြီးပါနဲ့ဗျာ"

မြောင်လူမျိုးခေါင်းဆောင်က ပြုံး၍ ခေါင်းခါယမ်းလိုက် သည်။

"ကျုပ်က ဘယ်သူ့ကိုမှ အထင်မကြီးတတ်ဘူး၊ ဒါပေမဲ့ ... မင်းတို့ ကျန်းအာမခံဌာနကိုတော့ တကယ်အထင်ကြီးမိတယ်"

ကျန်းကျုံးရှန့်က နှုတ်ခမ်းဝွန့်ရုံပြုံးလိုက်သည်။

"ဆိုပါဦးဗျာ"

မြောင်လူမျိုးခေါင်းဆောင်သည် ကျန်းကျုံးရှန့်နှင့် မြင်း လှည်းများအနီး စီတန်းရပ်နေကြသော အာမခံဌာနအဖွဲ့သားများ ကို မျက်လုံးဝေ့၍ကြည့်လိုက်ပြီး ...

"မင်းတို့ဟာ အခု ဒီရောက်တဲ့အထိ တိုက်ပွဲပေါင်းများစွာ



ကို ရင်ဆိုင်တိုက်ခဲ့ပြီးပြီ၊ ခန္ဓာကိုယ်ပေါ်မှာလည်း ဓားဒဏ်ရာ အ နည်းဆုံးတစ်ချက်စီတော့ ရခဲ့ကြမှာပဲ"

သူသည် ခေါင်းတစ်ချက်ခါယမ်းကာ ...

"ဒါပေမဲ့ ... မင်းတို့အားလုံးကိုကြည့်ရင် တောင်တစ်လုံးလို ဘိတတ်ရပ်နေကြတယ်၊ ဒါဟာ ... မင်းတို့ရဲ့စိတ်ဓာတ်ခိုင်မာမှုကို ပြနေတာပဲ၊ ဒီလိုစိတ်ဓာတ်ခိုင်မာတဲ့ မင်းတို့ကို ကျုပ်တို့ကယှဉ်ပြိုင် နိုင်ဖို့ဆိုတာ မလွယ်ပါဘူး" .

ကျန်းကျုံးရှန့်က ပြုံး၍လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက် လေသည်။

"ကျေးဇူးတင်ပါတယ်"

မြောင်လူမျိုးခေါင်းဆောင်က မချိပြုံးပြုံး၍ လက်ကာပြ လိုက်သည်။

"ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး၊ ကျုပ်ကလည်း မင်း ကိုကျေးဇူးတင်ရမှာပါ"

ကျန်းကျုံးရှန့်က မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲခင်ဗျာ"

မြောင်လူမျိုးခေါင်းဆောင်က သူ့အား တည်ကြည်လေး နက်သောမျက်နှာဖြင့် စိုက်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကျုပ်တို့သာ ရေခဲတောရခဲ့ရင် မြောင်လူမျိုးတွေက အေးအေးဆေးဆေးနေနိုင်မှာမဟုတ်လို့ ပြောခဲ့တဲ့ ခင်ဗျားရဲ့ စကားဟာ သဘာဝကျပြီး ကျုပ်ရဲ့အသည်းနှလုံးကို တုန်လှုပ်စေပါတယ်"

သူက စကားဆက်လိုက်သည်။

"နောက်ပြီး ... ကျုပ်လူတွေကို မင်းက အကုန်လုံးသတ်ပစ်လိုက်နိုင်ပါလျက် သွေးကြောပိတ်ပြီး ဖမ်းလို့ရတဲ့လူကိုဖမ်းထားခဲ့တယ်၊ ဒါဟာ ... မင်းတို့ ကျန်းအာမခံဌာနရဲ့ ဖြူစင်တဲ့စိတ်ထားကို ပြသတာပဲလေ၊ ဒါကြောင့် ... ကျုပ်က မင်းတို့ကို လေးစားမိတယ်၊ ကျုပ်ကို အမြင်မှန်ရစေတဲ့အတွက်လည်း ကျေးဇူးတင်မိပါတယ်"

"ဒီစကားကြားရတာ ကျုပ် ဝမ်းသာတယ်ဗျာ"

မြောင်လူမျိုးခေါင်းဆောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ခက်တာက မင်းတို့ရေခဲတောသယ်ယူလာမယ့် လမ်းခရီးကို ဘယ်သူသိနေသလဲ မသိဘူး"

ကျန်းကျုံးရှန့်က မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားစကားအဓိပ္ပာယ်က"

မြောင်လူမျိုးခေါင်းဆောင်သည် အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်ယူကာ ကျန်းကျုံးရှန့်ထံသို့ လှမ်းပေးလိုက်သည်။



ကျန်းကျုံးရှန့်က သတိကြီးစွာထား၍ လှမ်းယူလိုက်သည်။ ယင်းနောက် စာရွက်ကိုဖြန့်ကာ ဖတ်လိုက်သည်။

စာရွက်ပေါ်တွင် ...

*မြောင်လူမျိုးခေါင်းဆောင်ကြီး ဇေ့ယုံကျွမ်း*

*သင်တို့၏ မြောင်ဒေသ လျှမ်းလျှမ်းတောက်အောင်မြင်ရန် စေတနာဖြင့် ရေခဲတော သယ်ဆောင်လာမည့် လမ်းခရီးကို မြေပုံနှင့်တကွ ရေးဆွဲပေးလိုက်ပါတယ်၊*

*သတိပြုရန်မှာ ရေခဲတောသယ်ယူလာမည့် ကျန်းအာမခံ ဌာနမှ ကျန်းကျုံးရှန့်အား သုတ်သင်နိုင်မှသာ ရေခဲတောကို ရရှိပါမည်။*

*စေတနာရှင်တစ်ဦး*

ကျန်းကျုံးရှန့်သည် ထိုစာကိုဖတ်ပြီးသည်နှင့် မျက်နှာပေါ်ရှိ သွေးကြောများတစ်ချက် တွန့်သွားလေသည်။

သူသည် အလွန်ဉာဏ်ကောင်းသော လူရွယ်တစ်ယောက်ဖြစ်သည်။

ယင်းကြောင့် ချုံးအော့လျှံမှတစ်ဆင့် အလုပ်အပ်နှံလာသူသည် ရေခဲတောကို တည်ကြက်အဖြစ်အသုံးချကာ မိမိအား အလ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းသော ထောင်ချောက်တစ်ခုထဲသို့ ထိုးထည့်နေကြောင်း ကောင်းစွာနားလည်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် နတ်မျက်စိဂူးချီယန့် အသတ်ခံရခြင်းမှာလည်း အလုပ်အပ်နှံသူ၏ ပယောဂမကင်းနိုင်ဟု မှတ်ယူနိုင်၏။

ဤသို့ဆိုလျှင် သိုင်းလောကသားအားလုံး လိုချင်တပ်မက်နေကြသော ထူးဆန်းစွာပျောက်ဆုံးသွားသည့် ရေခဲဓားသည် နတ်မျက်စိဂူးချီယန့်လက်ထဲမှ အလုပ်အပ်နှံသူလက်ထဲသို့ ရောက်ရှိနေပြီလော။

သူသည် ယင်းသို့စဉ်းစားမိသောအခါ ရင်ထဲ၌ ပြင်းပြင်းထန်ထန် လှုပ်ရှားလာလေသည်။

အကြောင်းကား အလုပ်အပ်နှံသူသည် လွန်စွာကောက်ကျစ်စဉ်းလဲပြီး အင်အားကြီးမားသော လူဖြစ်လိမ့်မည်ဟု ယုံကြည်မိသောကြောင့်ဖြစ်သည်။

ထိုကဲ့သို့ လူတစ်ယောက်၏လက်ထဲသို့ ရေခဲဓားရောက်ရှိသွားခဲ့လျှင် သိုင်းလောကတစ်ခုလုံးဆိုးရွားသော ကံကြမ္မာနှင့် ရင်ဆိုင်ရတော့မည်မှာ သေချာနေပေတော့၏။

သူသည် မြောင်လူမျိုးခေါင်းဆောင် ဝေးယုံကျွမ်းအား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။



"အခုလို ကျုပ်ကို ဒီစာပေးဖတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး၊ အရေးကြီးတာက မင်းတို့ပီကင်းမြို့တော်ကို မရောက်မချင်း အန္တရာယ်တွေ အများကြီးနဲ့ ရင်ဆိုင်ရလိမ့်ဦးမယ်"

ကျန်းကျုံးရှန့်က မချိပြုံးပြုံးကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ခင်ဗျားဆီကို ရောက်နေတဲ့စာမျိုး တခြားလူတွေဆီလည်း ရောက်နေကြမှာပါ၊ ဒါကြောင့် လမ်းခရီးတစ်လျှောက် တိုက်ပွဲပေါင်းများစွာကို ကျုပ်တို့ ရင်ဆိုင်ခဲ့ရတာပေါ့"

မြောင်လူမျိုးခေါင်းဆောင်ဝေးယုံကျွမ်းသည် မျက်မှောင်တစ်ချက်ကြုတ်ကာ

"ဒါနဲ့ ... မင်းတို့ ကျန်းအာမခံဌာနမှာ ဘယ်လိုကြီးမားတဲ့ ရန်သူရှိခဲ့လို့ ခုလိုထောင်ချောက်အဆင်ခံရတာလဲ"

ကျန်းကျုံးရှန့် ပခုံးတွန့်လိုက်သည်။

"ကျုပ်တို့က ဓားသွားပေါ် လမ်းလျှောက်နေရတဲ့လူတွေဆိုတော့ ခန့်မှန်းရခက်ပါတယ်၊ ဒါပေမဲ့ ကြီးမားတဲ့ရန်ငြိုးဆိုတာ မရှိသလောက်ပါပဲ"

မြောင်လူမျိုးခေါင်းဆောင် ဝေးယုံကျွမ်းသည် သွေးကြော ပိတ်ခံထားရသော မိမိ၏လူများကို လှမ်းကြည့်ကာ မချိပြုံးပြုံး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျုပ် ဖေးယုံကျွမ်းက ရေခဲဓားသတင်း ရေးထားတဲ့စာ ရွက်တစ်ရွက်ကြောင့် လောဘတက်ပြီး ကျုပ်လူတွေကို စေလွှတ် လုစေတယ်၊ ကံကောင်းပြီး မင်းရဲ့ကြင်နာမှုကြောင့် သူတို့အသက် တွေကို ပြန်ရခဲ့တာပါ"

ကျန်းကျုံးရှန့်က ပြုံးပြီး သွေးကြောပိတ်ခံထားရသော လူ ဆယ်ယောက်အား သွေးကြောများ ပြန်လည်ဖွင့်ပေးလိုက်လေ သည်။

ထိုလူဆယ်ယောက်သည် သွေးကြောများပြန်ပွင့်လာသည် နှင့် ရှေးဦးစွာ ဖေးယုံကျွမ်းရှေ့သို့လျှောက်သွားကာ ဒူးထောက် ဂါရ ဝ ပြုလိုက်သည်။

"သခင်ကြီး ... ကျုပ်တို့ တာဝန်မကျေတဲ့အတွက် အပြစ်ရှိပါ တယ်"

ဖေးယုံကျွမ်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့မှာ အပြစ်မရှိပါဘူး၊ ကျုပ်မှာသာ အပြစ်ရှိတာ ပါ၊ မင်းတို့အသက်တွေ ပြန်ရလိုက်တာကိုပဲ ကျေးဇူးတင် ဝမ်းသာ လှပါပြီ"

သူသည် ကျန်းကျုံးရှန့်အား ညွှန်ပြလိုက်ပြီး ...



"ကဲ ... မင်းတို့ သူ့ရဲ့ကောင်းကျွန်းကို ကျေးဇူးတင်စကား ပြောလိုက်ပါဦး"

အားလုံးသောလူများသည် ကျန်းကျုံးရှန့်အား ဦးညွှတ်ကာ ကျေးဇူးတင်စကားဆိုလိုက်ကြလေသည်။

ကျန်းကျုံးရှန့်က ပြုံး၍ လက်ကာပြလိုက်၏။

"ကိစ္စမရှိပါဘူးဗျာ ... ကျုပ်က မြောင်လူမျိုးတွေနဲ့ ရင်းနှီး သိကျွမ်းရတာကိုပဲ ကျေးဇူးတင်လှပါပြီ"

သူသည် မြင်းလှည်းနံဘေး၌ တန်းစီရပ်နေသော အာမခံ ဌာနအဖွဲ့သားများအား တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ... အချိန်မလင့်ခင် ပီကင်းမြို့တော်ရောက်အောင် ပြန်ရမှာဆိုတော့ ကျုပ်တို့ကို ခွင့်ပြုပါဦး"

ဖေးယုံကျွမ်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ... နောက်နောင် လမ်းကြုံရင် မြောင်ဒေသ က မင်းတို့ကို ကြိုဆိုနေပါတယ်"

ကျန်းကျုံးရှန့်က ခေါင်းညိတ်ပြပြီး မြင်းပေါ်သို့တက်ကာ ရှေ့ဆုံးမှ စတင်ထွက်ခွာသွားသည်။

ကျန်းအာမခံဌာနအဖွဲ့သားများကလည်း မြင်းလှည်းများ ပေါ်တက်ကာ မောင်းထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇေ့ဇယ်ပုံကျွမ်းသည် ကျန်းကျုံးရှန့်တို့လူစုမြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ ငေးကြည့်ပြီးမှ ဝေါ်စင်ပေါ် ပြန်တက်ကာ ကျန်းကျုံးရှန့်နှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ထွက်ခွာသွားလေသည်။

✲ ✲ ✲



## အခန်း (၁၅)

## အပြောင်းအလဲ

မည်မျှ အချိန်ကြာသွားမှန်း မသိပါ။ ချူးအော့လျှံ ပြန်လည်သတိရလာပြီဖြစ်လေသည်။

သတိရလာသည်နှင့် ပထမဦးဆုံးတွေ့မြင်လိုက်ရသည်မှာ မျက်လုံးတစ်စုံဖြစ်လေသည်။

ယင်းမျက်လုံးအစုံသည် သူမအား စိုးရိမ်သောအကြည့်ဖြင့် ကြည့်နေသော မင်းသားလေးကောင်းကန်း၏ မျက်လုံးအစုံပင်ဖြစ်လေသည်။

မင်းသားလေးကောင်းကန်းသည် ချူးအော့လျှံ သတိရလာသည်ကိုတွေ့မြင်ရသောအခါ ကရုဏာသက်စွာ ပြုံးပြလိုက်၏။

"မင်း သတိရလာပြီလား"

ချူးအော့လျှံ ခေါက်ခနဲ ထထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်တုန်လှုပ်သော မျက်ဝန်းအစုံဖြင့် အခန်းတစ်ခုလုံးအား ဝေ့ကြည့်လိုက်၏။

"မင်းသားလေးကောင်း ... ကျွန် ကျွန်မ မသတ်ဘူး၊ မသတ်ဘူး"

မင်းသားလေးကောင်းကန်းသည် ကြေကွဲဝမ်းနည်းဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်၏။

ချူးအေ့လျှံက သူ၏လက်ကိုဖမ်းဆုပ်ပြီး အားကိုးတကြီးမော့ကြည့်ကာ

"ရှင် ... ရှင် ကျွန်မပြောတာကို ယုံရဲ့လားဟင်"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ် ယုံကြည်ပါတယ်"

ချူးအေ့လျှံ၏မျက်လုံးအစုံတစ်ချက် ဝင်းလက်သွား၏။ သို့သော် ရုတ်ခြည်းပင် တုန်လှုပ်ချောက်ချားဟန် ပေါ်လွင်လာပြီး ...

"ဒါ ... ဒါပေမဲ့ ဟိုအဘိုးကြီးနှစ်ယောက်က အာဏာသားတွေကို သွားခေါ်နေကြပြီထင်တယ်၊ သူတို့က ကျွန်မ့သတ်တယ်လို့ ထင်နေတာ"

မင်းသားလေးကောင်းကန်းက တဆတ်ဆတ်တုန်ခါနေသော ချူးအေ့လျှံ၏ ခန္ဓာကိုယ်အား ယုယစွာ သိုင်းဖက်ထားလိုက်သည်။



"အေ့လျှံ ... မင်း သိပ်ပင်ပန်းနေပြီ၊ အေးအေးဆေးဆေး အနားယူလိုက်ပါဦး"

ချူးအေ့လျှံသည် သူ၏ရင်ခွင်ထဲ ခေါင်းမှီထားလိုက်မိသည်။

"ကျွန် ကျွန်မ ဘယ်လိုစိတ်အေးနိုင်မှာလဲ၊ သူတို့က ကျွန်မကို လူသတ်သမားလို့ ထင်နေကြပြီရှင့်"

မင်းသားလေးကောင်းကန်းက ချူးအေ့လျှံ၏ ဆံကေသာများကို ယုယစွာ ပွတ်သပ်လိုက်ပြီး ...

"စိတ်ချပါ ... မင်းဘယ်တော့မှ ကျုပ်ရှေ့မှာ ဒုက္ခမရောက်စေရပါဘူး၊ နောက်ပြီး သူတို့က မင်းကိုအာဏာသားတွေဆီကို သွားမတိုင်ပါဘူး"

ချူးအေ့လျှံသည် သူ၏စကားကြောင့် မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။

"ဘယ်လို ... သူတို့က ကျွန်မကို အာဏာသားတွေဆီကို သွားမတိုင်ဘူး ... ဟုတ်လား"

မင်းသားလေးကောင်းကန်းကပြုံး၍ ခေါင်းညိတ်လိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချူးအော့လျှံက မယုံကြည်နိုင်ဟန်ဖြင့် ...

"တကယ်လားဟင်"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ် မညာပါဘူး၊ အခုဆိုရင် သူတို့က မင်းကိုမတိုင်တဲ့ အပြင် ကွမ်းချူးမေရဲ့အလောင်းကိုတောင် ဖျောက်ဖျက်ပစ်လိုက်ပါ ပြီ"

ချူးအော့လျှံ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုလဲ ... ရှင်က သူတို့ကိုတစ်စုံတစ်ခုပေးဆပ်ပြီး နှုတ်ပိတ်ခိုင်းခဲ့တာလား"

မင်းသားလေးကောင်းကန်းက မချိပြုံး ပြုံးလိုက်သည်။

သူသည် လွန်စွာရက်စက်ကြမ်းကြုတ်ပြီး ညာဏ်နီညာဏ်နက်များသူဖြစ်သည့်တိုင် ချူးအော့လျှံကိုမူ နက်ရှိုင်းစွာ သံယောဇဉ်ကြီးမားနေသည်မှာ အမှန်ပင်။

"အင်း ... ဒီကိစ္စတွေကို မေးမနေနဲ့တော့ ဖြစ်နိုင်ရင် လုံးဝ မေ့ထားလိုက်ပါ"

ချူးအော့လျှံ ခေါင်းခါယမ်းလိုက်သည်။

"မလွယ်ဘူးထင်တယ်၊ ကျွန်မ မျက်လုံးထဲမှာ မမစန့်ကွမ်းချူးမေရဲ့ ထိတ်လန့်စရာကောင်းတဲ့ သေဆုံးမှုမြင်ကွင်းကို ဘယ်လိုမှ



မေ့ပစ်လို့ရမှာ မဟုတ်ဘူး"

မင်းသားလေးကောင်းကန်းသည် သူမ၏ထိတ်လန့်တုန်လှုပ်နေသောမျက်နှာလေးကိုကြည့်ကာ ရင်ထဲ၌တင်းကျပ်လာမိသည်။

"အော့လျှံ ... မင်း ဒီလိုသာချောက်ချားနေရင် အာဏာသားတွေက သံသယဖြစ်လာမှာပေါ့၊ ဒါကြောင့် စိတ်ကိုတည်ငြိမ်အောင် ကြိုးစားပါ"

ချူးအော့လျှံ တွေဝေသွားလေသည်။ အတန်ကြာမှ မင်းသားလေးကောင်းကန်းအား ကျေးဇူးတင်သောမျက်ဝန်းအစုံဖြင့် ကြည့်လိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် ကျွန်မကို လူသတ်သမားဘဝက ကယ်ထုတ်တာကို ကျေးဇူးတင်ပါတယ်"

ချူးအော့လျှံသည် ယင်းသို့ပြောပြီးမှ မိမိရောက်ရှိနေသော နေရာကို သတိထား၍ အကဲခတ်ကြည့်လိုက်မိသည်။

"မင်းသားလေးကောင်း ဒီနေရာက"

ချူးအော့လျှံ၏ စကားမဆုံးမီမှာပင် မင်းသားလေးကောင်းကန်းက ကြားဖြတ်ပြောလိုက်၏။

"ဒီနေရာဟာ မြို့တောင်ပိုင်းက ကျုပ်ပိုင်ဆိုင်တဲ့ ခြံဝင်း

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကြီးတစ်ခြံပါ"

ချူးအော့လျံ မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ကျွန်မကို ရှင် ဒီနေရာ ခေါ်လာတာပေါ့"

မင်းသားလေးကောင်းကန် က သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း"

ချူးအော့လျံသည် ယခုမှ မင်းသားလေးကောင်းကန်း၏ ရင်ခွင်ထဲရောက်ရှိနေသည့်အဖြစ်ကို သတိပြုမိကာ ရုတ်ခြည်းပင် မင်းသားလေးကောင်းကန်း၏ ရင်ခွင်ထဲရုန်းထွက်ဖယ်ခွာလိုက်၏။

ယင်းတဒင်္ဂအချိန်ကလေး၌ မင်းသားလေးကောင်းကန်းသည် သူ၏ရင်ထဲ၌ တန်ဖိုးအထားဆုံးအရာတစ်ခု လက်လွှတ်ဆုံးရှုံးသွားသလို ခံစားလိုက်ရလေသည်။

သူသည် နှုတ်ခမ်းကိုကိုက်ကာ ချူးအော့လျံအား မချင့်မရဲဖြင့် စိုက်ကြည့်လိုက်လေသည်။

ချူးအော့လျံက သူ့အကြည့်ကို ရင်မဆိုင်ဝံ့ဟန်ဖြင့် ခေါင်းငုံ့ထားလိုက်သည်။

မင်းသားလေးကောင်းကန်းသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ လေးကန်သော ခြေလှမ်းအစုံဖြင့် အခန်းတံခါးဝဆီသို့



လျှောက်သွားလေသည်။

ချူးအော့လျံက ဖြည်းညင်းစွာ မော့ကြည့်လိုက်ပြီး ...

"မင်းသားလေးကောင်း"

မင်းသားလေးကောင်း ခြေလှမ်းရပ်တန့်လိုက်၏။ သို့သော် လှည့်မကြည့်ပါ။

"မင်း ဘာပြောစရာရှိလို့လဲ ကျုပ်က မင်းအနားယူနိုင်အောင် အပြင်ကိုထွက်သွားမလို့ပါ"

ချူးအော့လျံ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်ဟာ သူများတွေအပေါ်ကို ဩဇာအာဏာငွေကြေးတွေနဲ့ လွှမ်းမိုးချုပ်ကိုင်စိုးမိုးနိုင်ပေမယ့် ကျွန်မအပေါ်မှာတော့ တကယ်ကူညီစောင့်ရှောက်ပါတယ်"

မင်းသားလေးကောင်းကန်းက ချာခနဲ လှည့်ကြည့်လိုက်သည်။

"မင်း ကျုပ်အပေါ် နားလည်တယ် ... ဟုတ်လား"

ချူးအော့လျံ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

မင်းသားလေးကောင်းကန်း၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆိုရင် မင်းက ကျုပ်ရဲ့မေတ္တာတရားကို နားလည်ပြီ ပေါ့ ဟုတ်လား"

ချူးအော့လျှံက ဒုတိယအကြိမ် ခေါင်းညိတ်ပြလိုက်ပြန် သည်။

"ရှင်ဟာ ကျွန်မအပေါ်မှာ မေတ္တာတရားတကယ်ကြီးမား ပါတယ်၊ ဒါကို ကျွန်မက ဂရုမပြုဘဲနေလို့မရပါဘူး၊ ဒါပေမဲ့"

ချူးအော့လျှံက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်လိုက် သည်။

မင်းသားလေးကောင်းကန်းသည် ချူးအော့လျှံက စကား မဆက်သော်လည်း ကောင်းစွာနားလည်လိုက်သည်။ ရင်ထဲ၌ စစ်ခနဲ နာကျင်စွာ ခံစားလိုက်ရသည်။

ချူးအော့လျှံ၏မေတ္တာပန်းသည် ကျန်းကျူးရှန့်အတွက် ဖြစ် နေသည် မဟုတ်ပါလား။

*



မင်းသားလေးကောင်းကန်းသည် ငြိုးနေ၏။ မျက်လုံးအစုံ တွင်မူ ကြေကွဲဝမ်းနည်းသည့် ခံစားမှုကို ဖုံးကွယ်၍ မရပါချေ။

ချူးအော့လျှံက သူ့အားစိုက်ကြည့်လိုက်သည်။ သူ မည်သို့ ခံစားနေရသည်ကို သိပေသည်။ သို့ရာတွင် သူမအနေဖြင့် မည်သို့ မျှ နှစ်သိမ့်နိုင်စွမ်းမရှိပါ။

ချစ်ခြင်းမေတ္တာသည် လွှဲပြောင်းပေးဝေနိုင်သော ရုပ်ဝတ္ထု တစ်ခုမဟုတ်ရာ မင်းသားလေးကောင်းကန်းအား ကရုဏာသက်စွာ ကြည့်နေရုံမှ အပ ဘာများတတ်နိုင်ပါမည်နည်း။

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ အတန်ကြာမှ မင်းသားလေးကောင်းကန်းထံမှ သက်ပြင်းချသံကို ကြားရလေ သည်။

"အင်း ... ကံတရားက ငါ့အပေါ် တကယ်မတရားဘူး၊ ငါ့ရဲ့ အသက်ထက် တန်ဖိုးထားမြတ်နိုးမိတဲ့ မိန်းကလေးတစ်ယောက်ဆီ က မေတ္တာတုံ့ပြန်မှုကိုတောင်မှ ငါ မရပါလား"

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့လျှံရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

"ဒီလိုလည်း မဟုတ်ပါဘူးလေ ကံတရားက ရှင့်ကို စည်းစိမ် ဉစ္စာနဲ့ ဩဇာအာဏာမြင့်မားတဲ့လူတစ်ယောက်အဖြစ် ဖန်တီးပေး ထားတာပဲ၊ ဒါဟာ အကောင်းဆုံးနှစ်သိမ့်မှုပဲ မဟုတ်လား"

မင်းသားလေးကောင်းကန်းက သူမအား စိုက်ကြည့်လိုက် သည်။ အတန်ကြာမှ ခေါင်းတစ်ချက်ခါယမ်းကာ

"မလိုချင်ဘူး ... ကျုပ်က နှစ်သိမ့်မှုဆိုတာကို မလိုချင်ဘူး၊ လောကပေါ်မှာရှိသမျှ အောင်မြင်မှုတွေအကုန်လုံးဟာကျုပ်အတွက် ပဲ ဖြစ်ရမယ်"

ချူးအော့လျှံ၏ မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"ရှင့်စကားရဲ့အဓိပ္ပာယ်က"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။ အလွန် လျှို့ဝှက်သော အပြုံးမျိုးဖြစ်၏။

"ကျုပ်က မင်းရဲ့ဘဝတစ်သက်တာလက်တွဲဖို့ မျှော်လင့် ထားတယ်၊ ဒါကြောင့် ကျုပ်ရဲ့အောင်မြင်မှုတွေထဲမှာမင်းနဲ့ဆုံဆည်း နိုင်ဖို့အကြောင်းလည်းပါတယ်"

ချူးအော့လျှံ မျက်မှောင်ကြုတ်သွားသည်။

"ဩော် ... ဒါကြောင့် ရှင်က အစ်ကိုကျန်ကျုံးရှန်နဲ့ ကျွန်မကို



ကွဲကွာသွားအောင် ရေခဲဓားကို ယူခိုင်းတဲ့ကိစ္စမှာ အသုံးချခဲ့တာပေါ့ ဟုတ်လား"

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းခါယမ်းလိုက် သည်။

"အခြားအရေးကြီးတဲ့ကိစ္စတွေလည်း ပါတယ်"

ချူးအော့လျှံ စိတ်ဝင်စားသွားသည်။

"ဘာကိစ္စလဲ"

မင်းသားလေးကောင်းကန်းက ပခုံးတစ်ချက်တွန့်ကာ

"ဒီကိစ္စကို မင်းသိဖို့မလိုဘူး၊ ဒါပေမဲ့ မင်းသိထားရမယ့် ကိစ္စတစ်ခုရှိတယ်"

"ဘာများလဲ"

"မနက်ဖြန် ကျန်းကျုံးရှန် ပီကင်းကိုပြန်ရောက်လိမ့်မယ်"

ချူးအော့လျှံ၏မျက်နှာ ဝင်းလက်တောက်ပသွား၏။

"ဘယ်လို ... သူ သူဘာမှမဖြစ်ဘဲ ပြန်ရောက်လာမယ် ဟုတ်လား"

မင်းသားလေးကောင်းကန်းမျက်လုံးအစုံတွင် ရက်စက် ကြမ်းကြုတ်သောဟန်မူရာများ ပေါ်လွင်လာလေသည်။ သို့သော် နှုတ်ခမ်းအစုံကမူ နှစ်လိုဖွယ်ရာ ပြုံးနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သူ ဒီကိုရောက်လာတဲ့အခါ မေးကြည့်ပေါ့"

ချူးအော့လျှံ အံ့သြသွားသည်။

"သူ ဒီကိုရောက်လာမယ် ... ဟုတ်လား"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်ပြလိုက်သည်။ ချူးအော့လျှံက မျက်မှောင်ကုတ်လိုက်သည်။

"ကျွန်မရှိတဲ့နေရာကို သူ ဘယ်လိုသိနိုင်မှာလဲ"

မင်းသားလေးကောင်းကန်းက ပြုံးရင်း ဘာမျှမပြောဘဲ လှမ်းထွက်သွားရန် ဟန်ပြင်လိုက်သည်။

ချူးအော့လျှံက သူ့အား ကမန်းကတန်းလှမ်းခေါ်လိုက်လေသည်။

"မင်းသားလေး ခဏ"

မင်းသားလေးကောင်းကန်းက လှည့်မကြည့်ပါ။ ခြေလှမ်းမှန်မှန်ဖြင့် ဆက်လျှောက်သွား၏။

"အော့လျှံ ... ဒီလိုအခြေအနေမှာ တခြားစကားတွေ ပြောနေမယ့်အစား သူ့ကိုဆီးကြိုပြီး ပြုစုဖို့ပြင်ဆင်ထားပါ"

ချူးအော့လျှံ ရင်ထိတ်သွားလေသည်။ သူမက မင်းသားလေးကောင်းကန်းဆီသို့ ပြေးလွှားသွားကာ လမ်းကိုပိတ်ဆို့ရပ်တန့်လိုက်သည်။



မင်းသားလေးကောင်းကန်းလည်း ခြေလှမ်းရပ်တန့်လိုက်သည်။ ချူးအော့လျှံက သူ့အားစိုက်ကြည့်လိုက်ပြီး

"ကျွန်မက သူ့ကိုပြုစုရမယ် ... ဟုတ်လား"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။ ချူးအော့လျှံ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ရှင်ပြောတဲ့စကားက သူ့မှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရလာတယ်ဆိုတဲ့သဘောလား"

မင်းသားလေးကောင်းကန်းက ဒုတိယအကြိမ် ခေါင်းညိတ်လိုက်သည်။ ချူးအော့လျှံ အံတစ်ချက်ကြိတ်လိုက်သည်။

"ဒါ ဒါ ရှင်လိုချင်တဲ့ အခြေအနေမျိုး မဟုတ်လား"

မင်းသားလေးကောင်းကန်း၏မျက်နှာ တင်းမာခက်ထန်သွားလေသည်။

"မဟုတ်ဘူး"

ချူးအော့လျှံ မျက်မှောင်ကြုတ်သွားသည်။

"ဒီလိုအခြေအနေမျိုးကို ရှင့်အနေနဲ့ မလိုအပ်ဘူးဆိုရင် သူ့ကို ဘာဖြစ်လို့ ရေခဲဓားယူဆောင်ဖို့ အလုပ်အပ်ခဲ့ရတာလဲ"

"ဒါကို ကျုပ်ပြောပြစရာမလိုဘူး၊ သိပ်သိချင်ရင် သူ့ကို မေးပါ ... သူပြောပြပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့လျှံ တွေဝေသွားသည်။ သူမသည် မင်းသားလေးကောင်းကန်းနှင့် ကျန်းကျုံးရှန့်တို့ကြားတွင် ထိပ်တန်းလျှို့ဝှက်ချက်တစ်ခုရှိနေပြီဟု နားလည်လိုက်၏။

ယင်းလျှို့ဝှက်ချက်ကား အဘယ်နည်း။ သူမ စဉ်းစား၍ မရပါ။

အကြောင်းကား မင်းသားလေးကောင်းကန်းနှင့် ကျန်းကျုံးရှန့်တို့သည် တစ်ကြိမ်တစ်ခါမျှ တွေ့ကြုံစကားပြောဖူးခြင်းမရှိသောကြောင့်ပင်။

ထိုအချိန်တွင် မင်းသားလေးကောင်းကန်းသည် သူမ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"အော့လျှံ ... ကျုပ်လောကပေါ်မှာ တန်ဖိုးအထားဆုံး ရတနာတစ်ပါးဟာ မင်းပဲ၊ တကယ်လို့ ကျုပ် မင်းကိုမရနိုင်ဘူးဆိုရင် လောကမှာ ကျုပ် အသက်ရှင်နေတဲ့လူတစ်ယောက် မဖြစ်စေရဘူး"

မင်းသားလေးကောင်းကန်းက စကားဆက်လိုက်သည်။

"ဘာဖြစ်လို့လဲဆိုရင် နှလုံးသားထဲက မင်းရှောင်ပြေးသွားတဲ့ ဆုံးရှုံးမှုဒဏ်ကို ရင်ဆိုင်ဖို့တဲ့ခွန်အား ကျုပ်မှာ မရှိလို့ဘဲ"

ချူးအော့လျှံ ထိတ်လန့်သွားသည်။ မင်းသားလေးကောင်းကန်းသည် ကျန်းကျုံးရှန့်နှင့် အသက်ချင်းထပ်၍ မလွဲမသွေ ထိပ်တိုက်ရင်ဆိုင်တော့မည်ကို နားလည်လိုက်သောကြောင့်ဖြစ်သည်။



သူမသည် ကမန်းကတန်းပင် ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း ဟင့်အင်း ... ရှင်တို့နှစ်ယောက် မတိုက်ခိုက်ရဘူး"

မင်းသားလေးကောင်းကန်းက ခေါင်းခါယမ်းလိုက်ရင်း ...

"ဒါဟာ မလွဲမရှောင်နိုင်တဲ့ကိစ္စပါ။ ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက်ပဲ လောကပေါ်မှာရှိရမယ်၊ အဲဒီတစ်ယောက်က လောကပေါ်မှာရှိသမျှ အောင်မြင်မှုတွေအားလုံးကို ပိုင်ဆိုင်ရမယ်"

ချူးအော့လျှံ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ကဲ ... ကျုပ်ကို သွားခွင့်ပြုပါဦး"

မင်းသားလေးကောင်းကန်းက ပြောပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

ထိုအချိန် အသက်ငါးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ယောက် ဝင်ရောက်လာသည်။

မင်းသားလေးကောင်းကန်းသည် ထိုလူကြီးအား တွေ့မြင်သည့်အခါ ရုတ်တရက်ခြေလှမ်းရပ်တန့်ပြီး ချူးအော့လျှံဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်သည်။

"အေဉ္စလ္လံ ... လောကပေါ်မှာ ရှိသမျှ အောင်မြင်မှုတွေ အားလုံးကို ပိုင်ဆိုင်နိုင်မယ့်လူဟာ ကျုပ်ဖြစ်ပါစေလို့ ဆုတောင်းပေးပါ၊ ဒါမှ မင်းအဖေဦးချူးဝေယွမ်လည်း လောကပေါ်မှာ ကြာရှည်အသက်ရှင်နိုင်မှာ"

ထိုစကားသံသည် ချူးအေဉ္စလ္လံ၏ခန္ဓာကိုယ်တစ်ခုလုံး ရေခဲပြင်ထဲ ထိုးကျသွားသည့်အလား အေးစက်တောင့်တင်းသွားစေ၏။

သူမသည် ဖခင်ဖြစ်သူအားကြည့်ရင်း မျက်ရည်များ ရစ်ဝဲလာလေသည်။

"ဖေဖေ"

ခေါ်ရင်း ဖခင်ဖြစ်သူထံ ပြေးလွှားသွားလေသည်။

ချူးဝေယွမ်က သူမအားဆီးကြိုထွေးပွေ့ထားလိုက်၏။ ပြီးနောက် မင်းသားလေးအား ပြုံးပြကာ ...

"မင်းသားလေးကောင်း ... တူမောင်ကလွဲပြီး လောကပေါ်မှာ ဘယ်လိုလူမျိုးကမှ အောင်မြင်မှုအားလုံးကို ပိုင်ဆိုင်နိုင်တဲ့ လူမျိုး မဖြစ်နိုင်ပါဘူး"

မင်းသားလေးကောင်းကန်းက အားပါးတရ ရယ်မောလိုက်လေသည်။



"ဟား ဟား ဟား ... ဦးလေးချူးက တကယ်ညဏ်ကောင်းတာပဲကိုး၊ ဟုတ်တယ် ... ကျုပ်ကလွဲပြီး လောကပေါ်မှာ အောင်မြင်မှုအားလုံးကို ပိုင်ဆိုင်နိုင်တဲ့လူ မရှိစေရဘူး ... ဟား ဟား ဟား"

မင်းသားလေးကောင်းသည် အားပါးတရ ရယ်မောရင်း အခန်းထဲမှ ထွက်ခွာသွားလေသည်။

✲

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ အသက်ကင်းမဲ့ တိတ်ဆိတ်နေခြင်းမျိုး ဖြစ်သည်။ လှုပ်ရှားမှုမရှိဘဲ အသံဗလံတို့ ကင်းမဲ့နေ၏။

အကယ်၍သာ လေတိုက်ခတ်မှုမရှိခဲ့လျှင် ကမ္ဘာမြေပြင်သည် အသက်ရှိပါလေစဟု သံသယဝင်ဖွယ်ဖြစ်ပေလိမ့်မည်။

မည်မျှအချိန်ကြာသွားမှန်းမသိ။

ချူးအော့လှူံ၏ ငိုရှိုက်သံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

"အဟင့် ဟင့် ဟင့်"

ချူးအော့လှူံ၏ ငိုရှိုက်သံကြောင့် ချူးဝေယွမ်၏မျက်နှာပေါ်တွင် ထူးဆန်းသည့် ဟန်မူရာများထွက်ပေါ်လာလေသည်။

"သမီး အော့လှူံ"

ချူးအော့လှူံက သူ့အားမော့ကြည့်လိုက်ပြီး

"ဖေဖေရယ် ... သမီးတို့သားအဖက ဘယ်လိုဝဋ်ကြွေး



တွေရှိလို့ မင်းသားလေးကောင်းရဲ့ အသုံးချခံရတဲ့ဘဝမျိုးကို ရောက်ခဲ့ကြရတာလဲဟင်"

ချူးဝေယွမ်က ပြုံးလိုက်သည်။

"ဒါဟာ ဖေဖေတို့အတွက် ဝဋ်ကြွေးမဟုတ်ပါဘူး၊ ကံတရားရဲ့ဖေးမမှုကြောင့် မင်းသားလေးကောင်းနဲ့ ပတ်သက်ခဲ့တာပါ"

ချူးအော့လှူံမှာ ဘဝင်မကျနိုင်အောင် ဖြစ်သွားရလေသည်။ မျက်ရည်များဖြင့် စိုစွတ်နေသောမျက်လုံးအစုံဖြင့် မော့ကြည့်ကာ

"ဖေဖေ သူဟာ ဖေဖေ့ကို အဆိပ်ဖြေဆေးပေးပြီး ချုပ်ကိုင်ထားခဲ့သလို သမီးကိုလည်း ကြောက်စရာကောင်းတဲ့အသုံးချမှုတွေကိုလုပ်ခဲ့တယ်၊ ဒီလိုလူမျိုးနဲ့ပတ်သက်နေတာ ဘယ်လိုကံကောင်းနိုင်မှာတဲ့လဲ ဖေဖေရယ်"

ချူးဝေယွမ်က ခေါင်းခါယမ်းလိုက်သည်။

"အဲ့ဒီလိုမပြောနဲ့လေ ... ဖေဖေ အခုချိန်ထိ အသက်ရှင်နေနိုင်တာဟာ သူ့ရဲ့ကျေးဇူးပဲ မဟုတ်လား"

ချူးအော့လှူံမှာ နားမလည်နိုင်အောင်ဖြစ်သွားရလေသည်။

"ဖေဖေ သူ့ကိုဒီလောက်အထိ ကြောက်နေတာဟာ သူ့ဆီ

www.burmeseclassic.com

www.burmeseclassic.com



က ဖြေဆေးမရမှာ စိုးလို့လား"

ချူးဝေယွမ်က ပြုံးရင်း ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"ဖေဖေက အသက်ကြီးပါပြီ၊ နောက်ပြီး သိုင်းလောကသားပါ။ ဒါကြောင့် သေဆုံးခြင်းဆိုတာကို သိပ်ဂရုစိုက်စရာ မလိုတော့ပါဘူး"

ချူးအော့လျှံက မျက်ခုံးပင့်ကာကြည့်လိုက်သည်။

"ဖေဖေက ဘာဖြစ်လို့ သူ့ကို ဒီလောက်တောင် ဂရုစိုက်နေရတာလဲ"

ချူးဝေယွမ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... သမီးမသိသေးတဲ့ လျှို့ဝှက်ချက်တွေ ဖေဖေနဲ့သူ့ကြားမှာရှိနေတယ် သမီး"

ချူးအော့လျှံ စိတ်ဝင်စားလာသည်။

"လျှို့ဝှက်ချက် ... ဟုတ်လား"

"ဟုတ်တယ် သမီး"

ချူးအော့လျှံ မျက်မှောင်ကြုတ်သွားသည်။

"ဖေဖေဟာ သူ့ရဲ့မူပိုင်တီထွင်ထားတဲ့ အရိုးဆွေးအဆိပ်မိသွားတယ်ဆိုတာကလွဲပြီး တစ်ခါမှ လျှို့ဝှက်ချက်ရှိတယ်လို့ မပြောခဲ့ပါလား"



"ဘာလဲ ... သမီးက ဖေဖေ့စကားကို သံသယဝင်နေလို့လား"

ချူးအော့လျှံ ခေါင်းငုံ့သွားသည်။ အတန်ကြာမှ တိုးညင်းသောအသံဖြင့်

"ခွင့်လွှတ်ပါ ဖေဖေ ... တကယ်ဆိုရင် သမီး ဖေဖေ့ကို သံသယမဝင်သင့်ဘူး၊ ဒါပေမဲ့ ဖေဖေက ဒီလောက်ရက်စက်ယုတ်မာတဲ့ မင်းသားလေးကောင်းအပေါ် ဂရုစိုက်လွန်းတာတော့ ဘဝင်မကျစရာဘဲ"

ချူးဝေယွမ်က မချိပြုံး ပြုံးလိုက်ကာ

"တကယ်ဆိုရင် ဖေဖေက သူ့အပေါ် ဒီထက်ပိုပြီး ဂရုစိုက်သင့်ပါတယ်၊ ဘာဖြစ်လို့လဲ သိလား"

ချူးအော့လျှံ ခေါင်းခါယမ်းလိုက်သည်။ ချူးဝေယွမ်သည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ငေးမျှော်ကြည့်ရင်း

"သူ့ရဲ့အဖေ ကောင်းကျက်မိန်ဟာ ဖေဖေရဲ့ အသုံးမကျမှုကြောင့် သေဆုံးခဲ့ရလို့ပါ"

"ရှင်"

မမျှော်လင့်သောစကားကြောင့် ချူးအော့လျှံမှာ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက ဖေဖေ့ရဲ့အသုံးမကျမှုကြောင့် သေဆုံးခဲ့ရတယ် ... ဟုတ်လား"

ချူးဝေယွမ် ခေါင်းညိတ်လိုက်သည်။ ထို့နောက် ကြေကွဲဝမ်းနည်းဟန်ဖြင့် ကုလားထိုင်တစ်လုံးဆီသို့ လျှောက်သွားကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။

ချူးအော့လျှံက ဖခင်ဖြစ်သူအနီးရှိ ကုလားထိုင်တွင် ဝင်ရောက်ထိုင်ချလိုက်ပြီး

"ဖေဖေ ဒီအကြောင်းတွေကို သမီး သိနိုင်မလားဟင်"

ချူးဝေယွမ်သည် စဉ်းစားတွေဝေခြင်းမပြုဘဲ ခေါင်းညိတ်လိုက်၏။

"ဒီအကြောင်းတွေကို သမီးအနေနဲ့ သိသင့်တာမို့ ဖေဖေလည်း ပြောပြမလို့ပါပဲ"

ချူးဝေယွမ်၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသည့် ဟန်မူရာများ ထင်ဟပ်လာ၏။ အတန်ကြာတွေဝေနေပြီးမှ ချောင်းတစ်ချက် ဟ န့်လိုက်သည်။

"အဟမ်း ... လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က လက်နက်ပါရဂူကြီး ကျန်းကျုံးရီဟာ ရေခဲဓားနဲ့ မီးလျှံဓား နှစ်လက်ကို တီထွင်ခဲ့တယ်၊ ဒီဓားနှစ်လက်ဟာ အအေးဓာတ်နဲ့ အပူဓာတ်နှစ်မျိုးကို အခြေ



ခံပြီး တီထွင်ထားတာဆိုတော့ အင်မတန်ကြောက်စရာကောင်းအောင် အစွမ်းထက်ခဲ့တယ်လေ"

စကားကို ခေတ္တရပ်နားပြီးမှ ဆက်ပြောလိုက်သည်။

"ဒါကြောင့် ဒီဓားနှစ်လက်ကို သိုင်းလောကသားအားလုံးက ရှူးသွပ်အောင် လိုချင်တပ်မက်ခဲ့ကြတယ်၊ အဲဒီလို ရှူးသွပ်အောင် လိုချင်တပ်မက်တဲ့ သိုင်းလောကသားတွေထဲမှာ ဖေဖေလည်း ပါဝင်ခဲ့တယ်ဆိုပါတော့"

ချူးအော့လျှံမျက်နှာပေါ်တွင် အံ့ဩသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဘယ်လို ... ဖေဖေလည်း ဒီဓားနှစ်လက်ကို ရယူချင်ခဲ့တယ် ... ဟုတ်လား"

ချူးဝေယွမ်က မချိပြုံး ပြုံးလိုက်သည်။

"သမီး အံ့ဩသွားတယ် ထင်တယ်"

"ဟုတ်တယ် ဖေဖေ ... ဒီလောက်သူများအတွက်ကိုပဲ ဂရုစိုက်ပေးနေတဲ့ ဖေဖေက ဒီလို လိုချင်တပ်မက်တဲ့ လောဘရှိခဲ့တယ်ဆိုတာ မယုံနိုင်စရာဘဲ"

ချူးဝေယွမ်၏မျက်နှာတွင် နောင်တရသည်ဟန်မူရာများ ယှက်သန်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ လောဘနဲ့မကင်းတဲ့ သတ္တဝါတစ်မျိုးပါ၊ ဒါကြောင့် ဖေဖေလည်း လောဘနဲ့မကင်းခဲ့ပါဘူး၊ အထူးသဖြင့် လွန်ခဲ့တဲ့ဆယ်နှစ်ကျော်တုန်းကသာ ဖေဖေ့ရဲ့ပယောဂကြောင့် ကောင်းကျက်မိန် မသေဆုံးခဲ့ရင် အခုအချိန်အထိ ဖေဖေဟာ အတ္တကြီးတဲ့ လောလသားကောင် ဖြစ်နေဦးမှာပါပဲ"

ချူးအောင့်လျှံမှာ နားမလည်နိုင်ဟန်ဖြင့် သူ့အား ကြည့်လိုက်၏။ ချူးဝေယွမ်က မချိပြုံးပြုံး၍ လက်ကာပြလိုက်သည်။

"အမှန်တော့ ဖေဖေဟာ ရေခဲဓားနဲ့ မီးလျှံဓားနှစ်လက်ကို သတင်းကိုကြားတာနဲ့တစ်ပြိုင်နက် ရှုးသွပ်အောင် လိုချင်တပ်မက်ခဲ့တာပါ"

"အဲဒီအချိန်မှာပဲ ဖေဖေဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ကောင်းကျက်မိန်နဲ့ လက်တွဲမိခဲ့ကြတယ်လေ"

သူက ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်သည်။

"ဒါကြောင့် ကျန်းအိမ်တော်ကို တိတ်တဆိတ်ဝင်ပြီး ကျန်းကျုံးရီကို လုပ်ကြံခဲ့ကြတယ်၊ ဖေဖေတို့နှစ်ယောက်နဲ့အတူ ကြေးစားငါးယောက်လည်း ပါခဲ့တယ်လေ"

ချူးဝေယွမ်သည် ဝမ်းနည်းကြေကွဲသော အပြုံးတစ်ခုကို



ပြုံးလိုက်သည်။

"ဒါဟာ ဖေဖေတို့က ကျန်းကျုံးရီကို လှော့တွက်မိခဲ့ကြတာပဲ၊ တကယ်တော့ ကျန်းကျုံးရီဟာ သိုင်းလောကမှာ အလကား ကျော်ကြားနေတာ မဟုတ်ဘူး"

ချူးအောင့်လျှံက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဖေဖေပြောချင်တဲ့ အဓိပ္ပာယ်က ကျန်းကျုံးရီရဲ့ ပြန်လည်တိုက်ခိုက်မှုကြောင့် ဖေဖေတို့ အထိနာခဲ့တယ်ဆိုပါတော့ ... ဟုတ်လား"

"ဟုတ်တယ် သမီး ... အဲဒီတိုက်ပွဲမှာ ကျန်းကျုံးရီရဲ့ အိမ်သားအားလုံးသေဆုံးခဲ့ရသလို ဖေဖေတို့ဘက်က ကြေးစားငါးယောက်လည်း သေဆုံးခဲ့ရတယ်၊ ဖေဖေလည်း သူ့ရဲ့ရေခဲဓားချက်ကြောင့် သေဆုံးရမယ့်အချိန်မှာ ကောင်းကျက်မိန် ဝင်ကူခဲ့လို့ အသက်ရှင်ခွင့်ရခဲ့တာပါ၊ ကောင်းကျက်မိန်ဟာ ကိုယ့်ကိုယ်ကိုယ် အသက်စွန့်ကာယ်ရင်း သေဆုံးသွားခဲ့ရတာမို့ ဖေဖေ့ရင်ထဲမှာ တကယ်နာကျင်ထိခိုက်ခဲ့ရပါတယ်"

ချူးအောင့်လျှံသည် သူ၏စကားများကို နားထောင်ရင်း ရင်ထဲ၌ မွန်းကျပ်လာလေသည်။ ချူးဝေယွမ်က စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကျန်းကျုံးရီဆီက ရရှိလိုက်တဲ့ဓားကောင်းကန်းကို လွှဲအပ်လိုက်တယ်၊ နောက်ပြီး ကောင်းကျက်မိန်ရဲ့ အလိုဆန္ဒကိုဖြည့်ဆည်းပေးဖို့လည်း ဖေဖေ ဆုံးဖြတ်လိုက်တယ်"

ချူးအော့လျှံ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုဆန္ဒမျိုးလဲ ဖေဖေ"

ချူးဝေယွမ်၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေသည်။ သူသည် ချူးအော့လျှံအား စိုက်ကြည့်လိုက်ပြီး ...

"ဖေဖေ အသက်ရှင်နေသမျှကာလပတ်လုံး မင်းသားလေးကောင်းရဲ့ စိတ်ချမ်းသာမှုကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမယ်ဆိုတဲ့ ဆန္ဒပါ"

ချူးအော့လျှံက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာဘဲ၊ တစ်သက်တာလုံး သူ့ဆန္ဒကို တစ်ချိန်လုံးဖြည့်ဆည်းပေးနိုင်မယ်လို့ ဖေဖေထင်သလား"

ချူးဝေယွမ် ခေါင်းညိတ်လိုက်သည်။

"ဖေဖေ ဖြည့်ဆည်းပေးနိုင်ပါတယ်"

ချူးအော့လျှံ မျက်မှောင်ကြုတ်သွားသည်။

"ဘာကြောင့် ဖေဖေ ဒီလိုပြောနိုင်တာလဲ"



ချူးဝေယွမ် ပြုံးလိုက်သည်။ ကြေကွဲဝမ်းနည်းသော အပြုံးဖြစ်၏။

"ကောင်းကျက်မိန်က ဖေဖေ့ကိုကာကွယ်ရင်း ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့တယ်၊ သေခါနီးဆဲဆဲအချိန်မှာ ဖေဖေ့ဆီက အခွင့်အရေးသုံးခု တောင်းဆိုခဲ့တယ်"

ချူးအော့လျှံ စိတ်ဝင်စားလာလေသည်။

"ဘာတွေများပါလိမ့်"

ချူးဝေယွမ်က တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြလိုက်သည်။

"နံပါတ်တစ် သူ့သားကို ရေခဲဓား အပ်နှင်းပေးပါ၊ နံပါတ်နှစ် သူ့ရဲ့ဆရာဆီ ကောင်းကန်းကိုပို့ပြီး သိုင်းပညာသင်ကြားပေးပါ၊ နံပါတ်သုံး 'ဖေဖေက ကောင်းကန်းရဲ့ဆန္ဒကို အတတ်နိုင်ဆုံး အနီးကပ်စောင့်ရှောက်ပြီး ဖြည့်ဆည်းပေးဖို့ပဲ"

ချူးအော့လျှံ တိတ်ဆိတ်စွာ နားထောင်နေသည်။ ချူးဝေယွမ်က စကားဆက်လိုက်သည်။

"သူ့ရဲ့ဆန္ဒသုံးခုစလုံးကို ဖြည့်ဆည်းပေးမယ်လို့ ဖေဖေ ချက်ချင်းကတိပေးလိုက်တယ်၊ အဲဒီအချိန်မှာ သူက ဖေဖေ့ကို ကတိတည်နိုင်ပါ့မလားလို့ မေးတယ်၊ ဒီမှာတင် ဖေဖေက သူ့ရဲ့ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မှာအမြဲသိမ်းဆည်းထားတဲ့ ကောင်းမျိုးအနွယ်ရဲ့ မူပိုင်အဆိပ်ဖြစ်တဲ့ အရိုးဆွေးအဆိပ်ကို သောက်ပြပြီး အဆိပ်ဖြေဆေးကို သူ့သားကောင်းကန်းဆီမှာ လစဉ်တောင်းသောက်မယ်ဆိုတဲ့အကြောင်း ပြောပြလိုက်တယ်"

ချူးအောင့်လျှံ ထိတ်လန့်တုန်လှုပ်သွား၏။

"ဒါ ဒါဆိုရင် အရိုးဆွေးအဆိပ်ကို ကောင်းကျက်မိန်ကတိုက်တာမဟုတ်ဘဲ ကိုယ့်ဆန္ဒနဲ့ကိုယ် သောက်ခဲ့တယ်ဆိုပါတော့ ဟုတ်လား ဖေဖေ"

ချူးဝေယွမ် ခေါင်းညိတ်လိုက်သည်။ ချူးအောင့်လျှံက သဘောပေါက်နားလည်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဪ ... ဒါကြောင့် ဖေဖေက မင်းသားလေးကောင်းအပေါ် ဂရုတစိုက် ဒီလောက်ကောင်းနေတာကိုး"

ချူးဝေယွမ်က မချိပြုံးပြုံးလိုက်သည်။

"တကယ်တော့ ဖေဖေ့ရဲ့ ဂရုစိုက်မှုဟာ အသက်သေဆုံးသွားရတဲ့ ကောင်းကျက်မိန်ရဲ့စေတနာနဲ့နှိုင်းယှဉ်ရင် ဘာမှ မပြောပလောက်ပါဘူးကွယ်"

သူက ချူးအောင့်လျှံ၏လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး



"သမီး အောင့်လျှံ ... ဖေဖေဟာ သူ့အဖေနဲ့ အသက်တစ်ချောင်း အကြွေးရှိခဲ့တဲ့လူပါ၊ ဒါကြောင့် သမီးအနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် ကြိုးစားပြီး မင်းသားလေးကောင်းအပေါ် ဂရုစိုက်ပါကွယ်"

ချူးအောင့်လျှံက မချိပြုံး ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ခွင့်လွှတ်ပါ ဖေဖေ ...သူနဲ့ပတ်သက်ပြီး လိုအင်ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးဖို့ဆိုတာ သမီးအနေနဲ့ မဖြစ်နိုင်ပါဘူး"

ချူးဝေယွမ် ကွက်ခနဲ့ မျက်နှာပျက်သွားလေသည်။

"ဘယ်လို ... သမီးက သူ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ဘူး ဟုတ်လား"

"ဟုတ်ပါတယ်... စိတ်ချမ်းသာမှုဆိုတာ လူသားတိုင်းရဲ့ မျှော်လင့်ချက်တစ်ခုပါ၊ မင်းသားလေးကောင်းအနေနဲ့ စိတ်ချမ်းသာမှုကို မျှော်လင့်မယ်ဆိုရင် သမီးကလည်း သမီးရဲ့ စိတ်ချမ်းသာမှုကို မျှော်လင့်မိတာပါပဲ"

ချူးဝေယွမ်က သူမအား ငေးငိုင်စိုက်ကြည့်နေမိလေသည်။ ချူးအောင့်လျှံက စကားဆက်လိုက်သည်။

"သမီးရဲ့ မျှော်လင့်ချက်က ကျန်းကျုံးရှန့်နဲ့ တစ်သက်တာလက်တွဲဖို့ပါ"

ချူးဝေယွမ်သည် ကျန်းကျုံးရှန့် ဟူသော အမည်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကွက်ခနဲပျက်သွားကာ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်လိုက်လေသည်။

"မဖြစ်ဘူး မဖြစ်ဘူး ... ကျွန်းကျုံးရှန့်ကို သမီးလက်ထပ်လို့ မဖြစ်ဘူး"

ချူးအော့လျှံက ဖခင်ဖြစ်သူအား မျက်မှောင်ကြုတ်၍ကြည့်လိုက်မိသည်။

"ဖေဖေ ... ကျွန်းကျုံးရှန့်ဆိုတဲ့နာမည် ကြားလိုက်တာနဲ့ မကောင်းဆိုးဝါးတစ်ကောင် တွေ့မြင်လိုက်သလိုမျိုး ဘာဖြစ်လို့ ထိတ်လန့်တုန်လှုပ်သွားရတာလဲ၊ မင်းသားလေးကောင်းနဲ့ ကျွန်းကျုံးရှန့်တို့ကြားမှာ ထိပ်တန်းလျှို့ဝှက်ချက်တစ်ခု ရှိနေပြီလား"

ချူးဝေယွမ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်းသားလေးကောင်းနဲ့တင် မကဘူး ... ဖေဖေနဲ့လည်း ရှိနေတယ်"

ချူးအော့လျှံ၏ရင်ထဲ၌ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ဟင်း ... ဖေဖေနဲ့လည်း အစ်ကိုကျွန်းကျုံးရှန့်က ပတ်သက်နေတယ် ... ဟုတ်လား"

"ဟုတ်တယ် သမီး"



"ဘယ်လိုပတ်သက်တာလဲဟင်"

ချူးဝေယွမ်က သူမအား စေ့စေ့ကြည့်လိုက်ပြီး အေးစက်စက်လေသံဖြင့် တစ်ခွန်းချင်း ပြောလိုက်သည်။

"သူဟာ လက်နက်ပါရဂူကြီး ကျွန်းကျုံးရီရဲ့သားဖြစ်နေလို့ပဲ"

ချူးအော့လျှံ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားရကာ ထိတ်လန့်တုန်လှုပ်သော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်ပြီး

"ဘယ်လို ဘယ်လို ... သူက လက်နက်ပါရဂူကြီး ကျွန်းကျုံးရီရဲ့သား ... ဟုတ်လား"

ချူးဝေယွမ် ခေါင်းညိတ်လိုက်သည်။ ချူးအော့လျှံမှာ တွေဝေငေးငိုင်သွားရပြီး

"သြော် ... ဒါကြောင့် အစ်ကိုကျွန်းကျုံးရှန့်က ရေခဲတားဆိုတဲ့ အသံကိုကြားလိုက်တာနဲ့ တစ်ပြိုင်နက် အလုပ်အပ်တဲ့ အလုပ်ရှင်ကို စိတ်ဝင်စားခဲ့တယ်၊ နောက်ပြီး ကျွန်မက သူ့ကို ဒီလောက်အန္တရာယ်များတဲ့အလုပ်ကို လက်မခံဖို့ပြောတာတောင် ခေါင်းမာပြီး ငြင်းဆန်ခဲ့တာကိုး"

ချူးဝေယွမ်က မချိပြုံးပြုံးလိုက်သည်။

"ဟုတ်တယ် သမီး ... သူဟာ ဖေဖေတို့နဲ့ ကျွန်းကျုံးရီရဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်နေစဉ်မှာ အိမ်တော်ထိန်းကြီးနဲ့အတူ ထွက်ပြေးသွားခဲ့တယ်၊ သူနဲ့အတူ မီးလျှံဓားလည်းပါသွားတယ်လေ၊ ဒါကြောင့် သိုင်းလောကထဲ လှည့်လည်ကျင်လည်ရင်း နေရာအနှံ့ သတင်းရယူနိုင်အောင် ကျန်းအာမခံဌာနကို ထူထောင်ခဲ့တာပေါ့၊ ရောက်ရာအရပ်မှာ ရေခဲဓားအကြောင်းကို နားစွင့်ရင်း မိသားစုကို သတ်တဲ့တရားခံကို လိုက်ရှာနေတာပဲ”

ချူးအော့လျှံ၏မျက်နှာတစ်ခုလုံးမှာ ပို၍ဖြူဖပ်ဖြူရော်ဖြစ်လာတော့သည်။

အဝေးသို့မျှော်ကြည့်ရင်း အတန်ကြာအောင် စဉ်းစားနေပြီးမှ မချိုပြုံးပြုံးကာ

“ဪ ... ဒါကြောင့် မင်းသားလေးကောင်းက ကျွန်မကို သူနဲ့ရင်းနှီးအောင် ဖန်တီးခဲ့ပြီး ရေခဲဓားယူဖို့ အလုပ်အပ်နှံခဲ့တာကိုး၊ သူ့ရဲ့သဘောက ရေခဲဓားသတင်းကိုနားစွင့်နေတဲ့ အစ်ကိုကျန်းကျူးရှန့်ကို ရေခဲဓားသတင်းပေးလိုက်တာပဲ၊ ကျန်းကျူးရှန့်က ရေခဲဓားကိုယှဉ်နိုင်ဖို့ မီးလျှံဓားကို ထုတ်ပြီးအသုံးပြုရတော့မယ်၊ ဒါမှသာ ဖခင်ကိုသတ်တဲ့လူရဲ့သားကို ပြန်ကလဲ့စားချေနိုင်မှာ၊ တစ်ဖက်ကလည်း ကျန်းကျူးရှန့်ကိုရှင်းပြီး သိုင်းလောကမှာ ပြိုင်ဘက်ကင်း လူဘစ်ယောက်ဖြစ်လာသလို မီးလျှံဓားကိုပါ ပိုင်ဆိုင်လာနိုင်မယ်လို့



မျှော်လင့်ထားပုံပဲ”

သူမ၏စကားအဆုံးတွင် လက်ခုပ်သံများ ထွက်ပေါ်လာလေသည်။

‘ဖြောင်း ဖြောင်း ဖြောင်း’

“မင်း တကယ်ဉာဏ်ကောင်းတဲ့ မိန်းကလေးပဲ”

*

www.burmeseclassic.com

www.burmeseclassic.com



မှောင်စပြုလာပြီဖြစ်သည်။

ထိုအချိန် ...

ဖျော့တော့သောအလင်းရောင်အောက်တွင် လူတစ်ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာသည်။

ရုပ်ရည်လွန်စွာချောမောပြီး နှစ်လိုဖွယ်ရာကောင်းသောလူရွယ်တစ်ယောက်ဖြစ်လေသည်။

ချူးဝေယွမ်သည် ထိုလူရွယ်အား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးညွှတ်လိုက်လေသည်။

"မင်းသားလေးကောင်း"

မှန်ပါသည်။

ယခု ဝင်ရောက်လာသူမှာ မင်းသားလေးကောင်းကန်းပင်ဖြစ်၏။

မင်းသားလေးကောင်းကန်းက ချူးအော့လျှံအား ကြည့်လိုက်သည်။



ချူးအော့လျှံကလည်း သူ့အား စေ့စေ့ကြည့်နေ၏။

သူမ၏မျက်ဝန်းအစုံက ဟန်မူရာကင်းမဲ့လွန်းလှသည်။ ဟန်မူရာကင်းမဲ့ခြင်းမှာ အထင်သေးသည့်သဘောပင် မဟုတ်ပါလော။

မင်းသားလေးကောင်းကန်းက မချိပြုံး ပြုံးလိုက်သည်။

"မင်းက ကျုပ်ကို အထင်သေးနေပုံပဲ"

"ဟုတ်တယ် ... ကျွန်မက ရှင့်ကို အထင်သေးမိတယ်"

ချူးဝေယွမ်မှာ အားတုံ့အားနာဖြစ်သွားပြီး

"သမီး"

မင်းသားလေးကောင်းကန်းကပြုံး၍ လက်ကာပြလိုက်သည်။ ပြောချင်ရာပြောပါစေဟူသော သဘောပင်။

ချူးအော့လျှံက မင်းသားလေးကောင်းကန်း အနီးသို့ တစ်လှမ်းချင်းတိုးကပ်လာကာ

"ရှင်ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ဓားနှစ်လက်ထဲက တစ်လက်ပါ။ ဒီလို လူတစ်ယောက်အနေနဲ့ အစ်ကိုကျန်းကျုံးရှန့်ကို ရင်ဆိုင်ချင်ရင် ပြောင်ပြောင်တင်းတင်း စိန်ခေါ်သင့်တယ်၊ အခုလို ကျွန်မကိုအသုံးချပြီး ပရိယာယ်တွင်နေတာကတော့ အောက်တန်းကျလွန်းတယ် ... အထင်သေးစရာ

www.burmeseclassic.com

www.burmeseclassic.com



ပဲပေါ့"

မင်းသားလေးကောင်းကန်းက မဲ့ပြုံးပြုံးလိုက်သည်။

"သူဟာ ကျန်းကျုံးရီရဲ့သားဆိုတာ သိလိုက်ကတည်းက အမည်နာမမတပ်ဘဲ သူ့ကိုကျားတောင်ကုန်းမှာ ယှဉ်ပြိုင်ဖို့ ကျုပ် စိန်ခေါ်ခဲ့ဖူးတယ်၊ ဒါပေမဲ့ သူက ရောက်မလာဘူးလေ"

သူ၏စကားကြောင့် ချူးအော့လျှံအနည်းငယ် ဟွေဝေသွား လေသည်။

"အင်း ... ဒါကတော့ သူက တိုက်ခိုက်ရမှာကို ရွံ့မုန်းလို့ဖြစ် မှာပေါ့"

မင်းသားလေးကောင်းကန်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး ... သူသာ တိုက်ခိုက်ရမှာ ရွံ့မုန်းတယ်ဆိုရင် ရေခဲဓားအကြောင်းကို ဘာဖြစ်လို့ တိတ်တဆိတ် စုံစမ်းနေခဲ့ရတာ လဲ"

ချူးအော့လျှံက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"ဒါကြောင့် ရှင်က ရေခဲဓားနဲ့မှားပြီး မီးလျှံဓားကို ရယူဖို့ ကြိုးစားခဲ့တယ် ဆိုပါတော့"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူများတွေက ငါးကြီးကိုလိုချင်လို့ ငါးကြီးနဲ့



မှားခဲ့တယ်၊ ဒါဟာ တရားမျှတတဲ့ ယှဉ်ပြိုင်မှုပဲလေ"

ချူးအော့လျှံ နှုတ်ခမ်းကိုတင်းတင်းစေ့ထားလိုက်သည်။ မျက်ဝန်းတွင်မူ စိုးရိမ်ထိတ်လန့်မှုများ စွန်းထင်းနေ၏။

မင်းသားလေးကောင်းကန်းက နာကျင်ကြေကွဲစွာဖြင့် ပြုံး ရင်း ...

"အော့လျှံ ... မင်းကိုကြည့်ရတာ ကျန်းကျုံးရှန် ရှုံးနိမ့်သွား မှာကို သိပ်ပြီးကြောက်နေပုံရတယ်"

ချူးအော့လျှံက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး ...

"မင်းသားလေးကောင်း ... ရှင် ဒီနေရာကို နောက်တစ် ခေါက် ပြန်လာတာဟာ ဒီစကားတွေကို ပြောချင်လို့လား"

မင်းသားလေးကောင်းကန်းက ပြုံး၍ လက်ကာပြလိုက် သည်။

"ဟာ ... မဟုတ်ရပါဘူးဗျာ"

တစ်ဆက်တည်း ချူးဝေယွမ်အား ညွှန်ပြလိုက်ပြီး ...

"ကျုပ်က ဦးလေးချူးဆီကို လာတာပါ"

ချူးဝေယွမ် ပျာပျာသလဲဖြစ်သွားပြီး ...

"ကိစ္စထူးရှိလို့လား"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထူးတယ် … အခန်းထဲရောက်မှ ပြောကြတာပေါ့"

ချူးဝေယွမ်က ခေါင်းညိတ်ကာ ထွက်သွားလေသည်။

မင်းသားလေးကောင်းကန်းက ချူးအေ့လျှံအား တစ်ချက်ပြုံးပြပြီး ချူးဝေယွမ်နောက်မှ တစ်လှမ်းချင်းလှမ်းကာ လိုက်ပါသွားသည်။

ချူးအေ့လျှံက ကမန်းကတန်းဟန့်တားလိုက်သည်။

"ခဏ"

ချူးအေ့လျှံက ကမန်းကတန်းလှမ်း၍ ဟန့်တားလိုက်သဖြင့် မင်းသားလေးကောင်းကန်းက ခြေလှမ်းရပ်တန့်လိုက်သည်။

ချူးအေ့လျှံက သူ့အနီးသို့ လျှောက်လာပြီး …

"ရှင်က ဖေဖေ့ကို ဘယ်လိုကြောက်စရာကောင်းတဲ့ အသုံးချမှုတွေနဲ့ အသုံးချဦးမလို့လဲ"

မင်းသားလေးကောင်းကန်း၏ရင်ထဲ၌ အပ်ကလေးဖြင့် အထိုးခံလိုက်ရသလို စစ်ခနဲ နာကျင်သွားသည်။

သို့သော် မျက်နှာပေါ်က အပြုံးကမူ ပျောက်ကွယ်သွားခြင်းမရှိပေ။

"ဒါတွေကို မင်း သိစရာမလိုပါဘူးလေ၊ အခုချိန်မှာ မင်းသိသင့်တာ တစ်ခုပဲရှိတယ်"



ချူးအေ့လျှံက မဲ့ပြုံးပြုံးလိုက်သည်။

"ဆိုပါဦး"

မင်းသားလေးကောင်းကန်းက လက်နှစ်ဖက်ကို နောက်ပစ်ပြီး ဦးခေါင်းကိုမော့ကာ …

"အခုဆိုရင် ဦးလေးချူးက ကျန်းကျုံးရှန့်ရဲ့အဖေကို သတ်ခဲ့တယ်ဆိုတာ မင်းသိပြီးပြီ မဟုတ်လား၊ ဒါကြောင့် မင်းရဲ့ အနာဂတ်ဘဝဖော်အဖြစ် ဘယ်သူ့ကိုရွေးချယ်သင့်တယ်ဆိုတာ မင်းသိဖို့ မကောင်းဘူးလား"

"ဟင်"

ထိုစကားသည် ဓားပါးလေးတစ်လက်ပမာ ချူးအေ့လျှံ၏ အသည်းနှလုံးထဲသို့ စူးနစ်ဝင်ရောက်လာသည်။

သူမသည် ပြူးကျယ်သောမျက်ဝန်းအစုံဖြင့် မင်းသားလေးကောင်းကန်းအားစိုက်ကြည့်ရင်း နောက်သို့ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်သွားမိလေ၏။

မင်းသားလေးကောင်းကန်းက သူမအား တစ်ချက်ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ခွင့်လွှတ်ပါ … ကျုပ် ဒီစကားကို မပြောချင်ပါဘူး၊ ဒါပေမဲ့ ဒါဟာ အမှန်တရားပါ၊ ကျန်းကျုံးရှန့်က ကိုယ့်ဖခင်ကိုသတ်ခဲ့သူရဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဘဝတစ်သက်တာအဖော်အဖြစ် လက်တွဲဝံ့ပါ့မလား၊ တကယ်လို့ သူက မင်းကိုသိပ်ချစ်လို့ မျက်စိစုံမှိတ်ပြီး လက်ထပ်ခဲ့မယ်ဆိုရင်တောင် မင်းတို့ရဲ့ အိမ်ထောင်ရေးဟာ ပြီးပြည့်စုံတဲ့ ပျော်ရွှင်မှုကို ရနိုင်ပါ့မလား"

ချူးအောင့်လျှံမှာ သက်မဲ့အရုပ်ကလေးတစ်ရုပ်လို မလှုပ်မယှက်ဖြင့် ငိုင်ကျသွားလေသည်။

မင်းသားလေးကောင်းကန်းက သက်ပြင်းတစ်ချက်ကို အသာချရင်း ...

"အင်း ... ဒီစကားတွေကို ကျုပ်က မင်းတို့နှစ်ယောက်စလုံး နောင်တမရစေချင်လို့ ပြောတာပါ၊ အထူးသဖြင့် မင်းကိုပိုပြီး နောင်တမရစေချင်ဘူး"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

အခန်းတံခါးဝမှ ထွက်ခွာချိန်တွင် ချူးအောင့်လျှံ၏ ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သူကိုယ်တိုင်လည်း မျက်ဝန်းအစုံ၌ စိုစွတ်ရစ်ဝဲလာသည့် မျက်ရည်စများကို ထိန်းချုပ်နိုင်စွမ်း မရှိခဲ့ချေ။

နှုတ်ခမ်းတစ်ချက်ကိုက်ကာ ခြေလှမ်းသွက်သွက်လှမ်း၍



ထွက်ခွာခဲ့လေ၏။

ချူးအောင့်လျှံ၏ငိုရှိုက်သံက နောက်ဘက်ဆီ၌ ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေတော့၏။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

## မုဆိုးနှင့် သားကောင်

ပျော်စံရာ ...။

ကြေးစားဂေဟာတစ်ခု၏ နာမည်ကြီး ပီကင်းမြို့တော်၏ မင်းလမ်းမကြီးနံဘေးတွင် တည်ရှိနေသည်။

အမှန်တွင် ဤနေရာသည် ယခင်က ယင်ချွန်ရဲဂေဟာတည်ရှိခဲ့သော အဆောက်အအုံပင်ဖြစ်လေသည်။

ယင်ချွန်ရဲဂေဟာမှ စန့်ကွမ်းချုံးမေ ရုတ်တရက်ပျောက်ဆုံးသွားပြီးနောက် ယင်ချွန်ရဲဂေဟာဟူသော ရွှေရောင်စာလုံးကြီးများသည်လည်း အဆောက်အအုံ၏ နဖူးစည်းမှာ ကွယ်သွားခဲ့လေပြီ။

ယင်းနောက်တွင်မူ ပျော်စံရာဂေဟာဟူသော ကြီးမားသည့် ရွှေရောင်စာလုံးကြီးများက အဆောက်အအုံ၏နဖူးစည်းတွင် အစားထိုးနေရာယူလာခဲ့လေသည်။



ယခု ...

ပျော်စံရာဂေဟာတစ်ခုလုံးတွင် မီးရောင်များ ထိန်ထိန်လင်းနေ၏။

ထိန်ထိန်လင်းနေသော မီးရောင်အောက်တွင် အသက်တစ်ဆယ့်ရှစ်၊နှစ် တစ်ဆယ့်ကိုးနှစ်ခန့်ရှိသော ကြေးစားမိန်းကလေးများသည် မျက်နှာပေါ်တွင် ရောင်စုံခြယ်သထားကြပြီး ဝင်ရောက်လာသောယောကျ်ားများအား ကြိုဆိုနေကြသည်ကို တွေ့မြင်နေရလေသည်။

သူမတို့၏ခန္ဓာကိုယ်မှ မွှေးကြိုင်သောရနံ့များသည် အခန်းတစ်ခုလုံးအား ပျံ့လွင့်ထုံမွှမ်းနေ၏။

အားလုံးသော မိန်းကလေးများသည် တံခါးဝမှ တစ်ဆင့်ဝင်ရောက်လာကြသော ယောကျ်ားတို့အား မြူဆွယ်သောမျက်လုံးများဖြင့် ကြည့်ရင်းပျူငှာစွာ ကြိုဆိုနေကြသည်။

"ဟေး အစ်ကိုကြီး ... ကျွန်မ ဒီမှာလေ"

"အစ်ကို မလာတာတောင် ကြာပြီနော်၊ ကျွန်မက သတိရနေတာ၊ ကြွပါရှင်"

၎င်းတို့သည် တံခါးဝမှ ဝင်ရောက်လာကြသူများအား ပျူငှာစွာကြိုရင်း မိမိတို့၏အခန်းရှိရာသို့ ခေါ်ဆောင်သွားကုန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်တွင် လူရွယ်တစ်ယောက်သည် တံခါးပေါက်မှ လှမ်းဝင်လာလေသည်။

မိန်းကလေးများသည် ထိုလူရွယ်အား ကြိုဆိုရန် ဟန်ပြင်လိုက်ကြ၏။

သို့သော် ၎င်းတို့၏ခြေလှမ်းများ ရုတ်တရက်တုံ့ခနဲ ရပ်သွားကြကာ ပြူးကျယ်သောမျက်လုံးများဖြင့် လူရွယ်အား စိုက်ကြည့်မိကြလေသည်။

၎င်းတို့၏မျက်လုံးများတွင် ထိတ်လန့်တုန်လှုပ်ကာ ဟန်မူရာများ အထင်သားပေါ်လွင်နေကြသည်။

ယင်းအခိုက်မှာပင် လူရွယ်က ရှေ့သို့ဆက်၍လှမ်းလာရာ မိန်းကလေးများသည် ရုတ်ခြည်း သတိပြန်ဝင်လာကြပြီး ...

"အား"

"အမယ်လေး"

ထိတ်လန့်တကြားအော်ဟစ်ရင်း ခြေဦးတည့်ရာ ပြေးထွက်ကြကုန်တော့သည်။

"ဘာဖြစ်တာလဲဟေ့ ... ဒီလောက်တောင် ဆူညံနေရသလား"

ရုတ်တရက် အေးစက်တင်းမာသော အော်ငေါက်သံတစ်သံ



ထွက်ပေါ်လာလေသည်။

ယင်းအသံကြောင့် ပြေးလွှားနေသော မိန်းကလေးနှင့် ဝင်ရောက်လာသော လူရွယ်သည် အသံလာရာသို့ လှမ်းကြည့်လိုက်ကြသည်။

အရပ်ခုနစ်ပေခန့်ရှိသော အမျိုးသမီးတစ်ယောက်က အပေါ်ထပ်လှေကားဆီမှ ပြေးဆင်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အမျိုးသမီးသည် လှေကားတစ်လျှောက် ပြေးဆင်းလာရင်း အခန်းတစ်ခုလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

လူရွယ်အားတွေ့မြင်လိုက်သောအခါ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားပြီး ခြေလှမ်းရပ်တန့်လိုက်လေသည်။

အကြောင်းကား ...

ဝင်ရောက်လာသည့် လူရွယ်၏ အဝတ်အစားများ၌ သွေးများ မြင်မကောင်းအောင် စွန်းထင်းနေပြီး မျက်နှာတစ်ခုလုံးသည်လည်း သွေးဆုတ်ကာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

သူမသည် ထိုလူရွယ်အား ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျန်း ... ကျန်းကျုံးရှန့်"

အသံတုန်တုန်ယင်ယင်ဖြင့် အော်လိုက်မိသည်။

မှန်ပါသည် ...။

ထိုလူရွယ်ကား ကျန်းကျုံးရှန့်ဖြစ်၏။

သူသည် အားတုံ့အားနာဟန်ဖြင့် ကြည့်လိုက်ပြီး ...

"ခွင့်လွှတ်ပါ ... ဒီလိုအခြေအနေမျိုးနဲ့ ကျုပ် ဒီနေရာကို မလာသင့်မှန်း သိပါတယ်၊ ဒါပေမဲ့ ကျုပ် ပီကင်းကိုရောက်ရောက်ချင်း အော့လျံ့နဲ့ အရေးတကြီးတွေ့ချင်တဲ့ဆန္ဒ သိပ်စောနေတာမို့ အခုလို လာမိတာပါ"

အမျိုးသမီးကြီးသည် ထိတ်လန့်နေသောစိတ်ကို ထိန်းချုပ်ရင်း လှေကားအတိုင်း ဆင်းလာကာ ကျန်းကျုံးရှန့်ထံသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

"ကျန်းအာမခံဌာနမှူး ... ရှင့်ရဲ့ဒဏ်ရာတွေက မနည်းပါလား၊ ဘယ်လိုဖြစ်ပြီး ..."

သူမ၏စကားမဆုံးမီ ကျန်းကျုံးရှန့်က အမျိုးသမီးကြီး၏လက်ကိုဆွဲကိုင်လိုက်ပြီး ...

"မိန်းမထိန်းလီမေ ... အော့လျံ့ ရှိတယ်မဟုတ်လား၊ ကျုပ် သူနဲ့ သွားတွေ့လိုက်ဦးမယ်"



ပြောရင်း အပေါ်ထပ်သို့ ခြေလှမ်းဒယိမ်းဒယိုင်ဖြင့် လျှောက်သွားရန် ဟန်ပြင်လိုက်သည်။

လီမေက ကမန်းကတန်း ဟန့်တား လိုက်သည်။

"ဟော့ ဟော့ ... အော့လျံ့ အပေါ်ထပ်မှာ မရှိဘူးကွဲ့"

ကျန်းကျုံးရှန့် မျက်မှောင်ကြုတ်သွားသည်။

"ဒါဆိုရင် ဘယ်မှာရှိသလဲ"

"သူ ဒီမှာ မနေတော့ဘူး ... တခြားတစ်နေရာ ရောက်နေပြီ"

ကျန်းကျုံးရှန့်၏မျက်ခုံးအစုံက မြင့်တက်သွားသည်။

"ဟင် ... ဘယ်လိုဖြစ်လို့လဲ"

လီမေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... ပြောရရင်တော့ စန့်ကွမ်းချုံးမေ ရုတ်တရက်ကြီး ပျောက်ဆုံးသွားတော့ သူက ဒီလိုနေရာမျိုးမှာ ဆက်မနေဝံ့တော့ဘူးပေါ့ကွယ်"

ကျန်းကျုံးရှန့်၏မျက်နှာပေါ်တွင် အံ့ဩသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဘယ်လို ... မမစန့်ကွမ်းချုံးမေ ရုတ်တရက်ပျောက်ဆုံးသွားတယ် ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



လီမေက ခေါင်းညိတ်လိုက်သည်။ ကျန်းကျုံးရှန့် ဘဝင်မကျဖြစ်သွားလေသည်။

"သူ ဘယ်ကိုထွက်သွားတာလဲ"

"အင်း ... သူ ဘယ်ကိုထွက်သွားသလဲဆိုတာ ကျွန်မတို့လည်း မသိဘူး၊ သိစရာလည်း မလိုဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"သူ ဒီနေရာကိုရောက်လာတုန်းကလည်း ဖြုန်းစားကြီးရောက်လာတာပဲ၊ ဒါကြောင့် အခုလို ဖြုန်းစားကြီးပြန်ပျောက်သွားတာလည်း မဆန်းပါဘူး၊ နောက်ပြီး သူလိုမိန်းကလေးမျိုးကို ဘယ်သူကမှ ဂရုထားတာ မဟုတ်ဘူး၊ သူ ရှိနေတယ်၊ ရှိမနေဘူးဆိုတာကိုလည်း ဘယ်သူကမှ အရေးလုပ်မနေဘူး"

ကျန်းကျုံးရှန့်၏ရင်ထဲ၌ ဘဝင်မကျနိုင်အောင် ဖြစ်သွားရလေသည်။

သူသည် မျက်မှောင်ကုတ်လိုက်လေသည်။

"သူက ယင်ချွန်ရဲ့ဂေဟာတစ်ခုလုံး လျှစ်လျူရှုပြီး ထွက်သွားတာဟာ တကယ့်အံ့ဩစရာပဲ၊ ဒါဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးလို့ ဆိုရမှာပဲ"

လီမေ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။



သို့သော် ရုတ်ခြည်းပင် ဟန်ဆောင်ပြုံးပြလိုက်ပြီး ...

"မင်း မှားနေပြီ ... သူက ယင်ချွန်ရဲ့ဂေဟာကို လျှစ်လျူရှုပြီး ထွက်သွားတာ မဟုတ်ဘူး၊ ရောင်းသွားတာပါ"

ကျန်းကျုံးရှန့်မှာ ပို၍ မျက်မှောင်ကြုတ်သွားလေသည်။

"ယင်ချွန်ရဲ့ဂေဟာကို ရောင်းသွားတာ ... ဟုတ်လား"

လီမေ ခေါင်းညိတ်လိုက်သည်။ ကျန်းကျုံးရှန့် အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဘယ်သူ့ကို ရောင်းသွားတာလဲ"

"ကျုပ်ကို"

ဤစကားကို လီမေက ပြောလိုက်ခြင်းမဟုတ်ပါ။

အပေါ်ထပ်လှေကားထိပ်ဆီ ထွက်ပေါ်လာသော စကားသံ ဖြစ်သည်။

ကျန်းကျုံးရှန့်က အသံလာရာဆီသို့ မော့ကြည့်လိုက်၏။ အသက်ခြောက်ဆယ်ခန့် အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ကျန်းကျုံးရှန့်သည် ထိုအဘိုးအိုအား အကဲခတ်ကြည့်လိုက်ရင်း ...

"အဘက ဓားညီနောင်လို့ သိုင်းလောကမှာ ကျော်ကြား

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုနှစ်ယောက်ထဲက ထန်အဘိုး မဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

တစ်ဆက်တည်းပင် အဘိုးအိုက ကျန်းကျုံးရှန့်အား စေ့စေ့ကြည့်ကာ ...

"ဒါနဲ့ မင်း အခုလာတာ စန့်ကွမ်းချုံးမေ အကြောင်းကို စုံစမ်းဖို့လား ဒါဆိုရင် ကျုပ်က သူ့ဆီက ယင်ချွန်ရဲဂေဟာကို ဝယ်ယူလိုက်တဲ့ စာချုပ်စာတမ်းကို အရင်ထုတ်ပြရလိမ့်မယ်"

ကျန်းကျုံးရှန့် ခေါင်းတွင်တွင် ခါယမ်းလိုက်လေသည်။

"မ မဟုတ်ပါဘူး ... ကျုပ်က စန့်ကွမ်းချုံးမေအကြောင်း စုံစမ်းဖို့မဟုတ်ပါဘူး"

ထန်အဘိုးခေါ် ထန်ဖုံးရီက ပြုံးလိုက်သည်။ အလွန်ကောက်ကျစ်စဉ်းလဲသော အပြုံးမျိုးဖြစ်သည်။

"ဒါဆိုရင် ချူးအော့လျှံအကြောင်းကို သိချင်တယ်ပေါ့ ... ဟုတ်လား"

ကျန်းကျုံးရှန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ထန်ဖုံးရီသည် ကျန်းကျုံးရှန့်ကိုယ်ပေါ်ရှိ အဝတ်အစားများ



တွင် စွန်းထင်းနေသော သွေးသွက်များအားကြည့်၍ ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီလိုအခြေအနေမျိုးနဲ့ ချူးအော့လျှံဆီ မင်းသွားလို့ဖြစ်ပါ့မလား"

ကျန်းကျုံးရှန့် ခရိုပြုံးပြုံးလိုက်သည်။

"ကျုပ်ကိုယ်ပေါ်မှာ ဒဏ်ရာတွေမနည်းပေမယ့် အနည်းဆုံးမတ်တတ်ရပ်ပြီး လမ်းလျှောက်နိုင်ပါသေးတယ်"

ထန်ထုံးရီက ရယ်မောလိုက်သည်။

"ဟား ဟား ဟား"

အတန်ကြာအောင် ရယ်မောပြီးမှ ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် ... ဒီလိုသတ္တိမျိုးရှိတာ ကောင်းတယ်"

ကျန်းကျုံးရှန့်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး

"ဒါဆို ကျုပ်က ချူးအော့လျှံဆီကို သွားလို့ဖြစ်ပြီလား"

ထန်ဖုံးရီက ခေါင်းညိတ်လိုက်သည်။

"ဖြစ်တယ် ... ဒါပေမဲ့ ကျုပ်မေးတဲ့မေးခွန်းတစ်ခုကိုတော့ ဖြေရလိမ့်မယ်"

"မေးပါ ... ကျုပ်ဖြေနိုင်တာဆိုရင် ဖြေပါ့မယ်"

ထန်ဖုံးရီက သူ့အားစိုက်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ချူးအော့လျှံကို ဘာဖြစ်လို့ ဒီလောက်တွေ့ချင်နေရတာလဲ"

ကျန်းကျူးရှန့်၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေသည်။

"သူဟာ ကျုပ်ရဲ့ဘဝတစ်သက်တာမှာ ကျုပ်ဘာတာယ်မြတ်နိုးတဲ့ တစ်ဦးတည်းသောချစ်သူမို့ပါ၊ အခု သူ့ကိုလျို့ဝှက်လူတစ်ယောက်က ကြောက်စရာကောင်းတဲ့ အသုံးချမှုတွေနဲ့ အသုံးချ ချုပ်ကိုင်ထားတယ်၊ ဒါကြောင့်"

သူ၏စကားမဆုံးမီ ထန်ဖုံးရီက ကြားဖြတ်လိုက်သည်။

"ဒါကြောင့် မင်းက သူ့ဘဝကို ကယ်တယ်ဖို့ လျို့ဝှက်လူနဲ့ ရင်ဆိုင်မယ်ဆိုပါတော့"

ကျန်းကျူးရှန့် ခေါင်းညိတ်ပြလိုက်ရာ ထန်ဖုံးရီက မျက်ခုံးပင့်ကာ ကြည့်လိုက်ပြီး ...

"ဒီလိုအခြေအနေမျိုးနဲ့ မင်း ရင်ဆိုင်နိုင်ပါ့မလား"

ကျန်းကျူးရှန့်က ရင်ကော့လိုက်သည်။

"ကျုပ်ကိုယ်ထဲမှာ နောက်ဆုံးသွေးတစ်စက်ကျန်တဲ့အချိန်ထိ ရင်ဆိုင်နိုင်ပါတယ်"

ကောက်ကျစ်စဉ်းလဲ၍ ကြောက်မက်ဖွယ်ရာကောင်းသော



အပြုံးမျိုး ထန်ဖုံးရီ၏မျက်နှာတွင် ထင်ဟပ်လာသည်။

"ကောင်းပြီ ... ကျုပ် ခုချက်ချင်း ချူးအော့လျှံဆီကို လိုက်ပို့ပေးမယ်၊ တစ်ခုတော့ပြောမယ် ... မင်း ချူးအော့လျှံကိုတွေ့ပြီးရင် နောင်တမရပါစေနဲ့"

"စိတ်ချ ... ချူးအော့လျှံနဲ့ပတ်သက်ရင် နောင်တဆိုတာ ကျုပ်မှာ မရှိစေရဘူး"

ထန်ဖုံးရီက အားရပါးရ ရယ်မောလိုက်သည်။ ယင်းနောက် လက်ခုပ်သုံးချက်တီးလိုက်သည်။

'ဖြောင်း ဖြောင်း ဖြောင်း'

သူ၏လက်ခုပ်သံဆုံးသွားသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်ပြေးလွှားရောက်ရှိလာလေသည်။

ထိုလူ၏ခန္ဓာကိုယ်သည် အလွန်ကြီးမားတုတ်ခိုင်ပြီး အရပ်မြင့်မားလွန်းသဖြင့် ရုတ်တရက်ကြည့်လျှင် လူဝံတစ်ယောက် မတ်တတ်ရပ်နေသလို ထင်မှတ်ရလေသည်။

သူသည် ထန်ဖုံးရီအားဦးညွတ်ပြီး ...

"အမိန့်ရှိပါ ခင်ဗျာ"

ထန်ဖုံးရီက သူ့အားလှည့်မကြည့်ပါ ကျန်းကျူးရှန့်ကို ညွှန်ပြလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကို သခင်မလေးချူအော့လျှံဆီ ပို့ပေးလိုက်ပါ"

ထိုလူသည် ကျန်းကျုံးရှန့်အား ငုံ့ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

ယင်းနောက် ပျော့ကားများကို တစ်ထစ်ချင်းနင်း၍ ဆင်းလာလေသည်။

ထန်ဖုံးရိက ကျန်းကျုံးရှန့်အား လှည့်ကြည့်၍ပြုံးပြကာ ...

"ဌာနမှူးကျန်း ... ကျုပ်ရဲ့တပည့် ယကျွကြီးနောက်ကို လိုက်သွားပါ။ ခင်ဗျားတွေ့ချင်တဲ့ ချူးအော့လျှံဆီ ရောက်သွားပါလိမ့်မယ်"

ကျန်းကျုံးရှန့်က လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် ... ကျုပ်ကို သွားခွင့်ပြုပါဦး"

ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသော ယကျွကြီးဆိုသူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

* * *



## အခန်း (၁၇)

### ထောင်ချောက်အဆင့်ဆင့်

BURMESE CLASSIC .com

ညဦးသည် ပို၍ ပို၍ နက်ရှိုင်းလာပြီဖြစ်၏။ အမှောင်ထုက တစ်စထက်တစ်စ သိပ်သည်းလာပြီဖြစ်လေသည်။

နှင်းမြူများသည် ဓာပဝါနယ် တစ်လောကလုံးကို ဖြန့်ကြက်လွှမ်းခြုံထား၏။

အအေးဓာတ်လွန်ကဲမှုကြောင့် ကျန်းကျုံးရှန့်၏ကိုယ်ပေါ်ရှိ ဒဏ်ရာသည် တဆစ်ဆစ်နာကျင်လာလေသည်။

မကြာမီ ချူးအော့လျှံနှင့် ဆုံတွေ့ရတော့မည်ဟူသော အသိကြောင့် နာကျင်မှုကို ကြိတ်မှိတ်ခံစားရင်း လျှောက်လာနေရသည်။

ယကျွကြီးသည် သူ့အား လှည့်ပင်မကြည့်ဘဲ ခြေလှမ်းသုတ်သုတ်ဖြင့် ရှေ့မှလျှောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျုံးရှန့်သည် သူ့နောက်မှလိုက်လာရင်း အာခေါင်များပူပြင်းခြောက်သွေ့ကာ ခန္ဓာကိုယ်တစ်ခုလုံး ချစ်ချစ်တောက်ပူလောင်လာလေသည်။

သို့ရာတွင် ရှေ့မှလျှောက်နေသော ယက္ခကြီးအားမျက်ခြည်ပြတ်သွားမည် စိုးရိမ်သဖြင့် အံကိုတင်းတင်းကြိတ်ကာ ဆက်လက်လျှောက်လာ၏။

ဤသို့ဖြင့် ယက္ခကြီးနှင့် ကျန်းကျုံးရှန့်တို့သည် ရှေ့ဆင့်နောက်ဆင့် လျှောက်လျက်ရှိနေကြလေသည်။

✲

BURMESE CLASSIC .com



လေတဟူးဟူး တိုက်ခတ်လာ၏။ ဆီးနှင်းများသည် လေနှင့်အတူ တဖြောဖြောကျဆင်းလာသည်။

မြို့တော်တစ်ခုလုံး ငွေလတိုက်သံမှအပ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

ကျန်းကျုံးရှန့်၏ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါလာ၏။ ခြေလှမ်းများလည်း နှေးကွေးလာသည်။

သူသည် အံကိုတင်းတင်းကြိတ်၍ လျှောက်လာခဲ့ရာမြို့ပြင်သို့ ရောက်ရှိလာကြောင်း သတိပြုမိလိုက်သည်။

ယင်းအချိန်မှာပင် ရှေ့မှလျှောက်နေသော ယက္ခကြီးက ခြေလှမ်းရပ်တန့်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့ပြင် မြို့ပြင်အနီးရှိ ကြီးမားသော ခြံဝင်းတစ်ခုရှေ့သို့ ရောက်ရှိနေပြီဖြစ်ကြောင်းကိုလည်း သိရှိလိုက်ရလေတော့၏။

✲

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းသည် ကြီးမားကျယ်ပြန့်မည်ဟု ခန့်မှန်းရ၏။

သို့သော် မည်ရွေ့မည်မျှ ကျယ်ဝန်းသည်ကိုမူ ခန့်မှန်းရခက်ပေသည်။

ထိုနည်းတူ ခြံဝင်းအတွင်းရှိ အိမ်ကိုလည်း တွေ့မြင်ရခြင်း မရှိပါ။

အကြောင်းကား ...

ကာရံထားသည့် အုတ်နံရံများသည် ထူထဲမြင့်မားလှခြင်းကြောင့် ဖြစ်သည်။

ခြံဝင်းကို အုတ်နံရံဖြင့် ကာရံထားပြီး အတွင်းသို့ လှမ်း၍ မမြင်တွေ့နိုင်အောင် လုံခြုံစိတ်ချရပေသည်။ ခြံဝင်းတည်ဆောက်ထားပုံမှာ ခံတပ်သဖွယ်ဖြစ်နေသည်။

ယက္ခကြီးဆိုသောလူသည် ခြေလှမ်းရပ်တန့်ကာ မလှမ်းမကမ်း၌ရပ်နေသော ကျန်းကျုံးရှန့်အား တစ်ချက်လှမ်းကြည့်လိုက်သည်။



ယင်းနောက် ခြံဝင်းအလယ်ရှိ အလွန်ကြီးမားသော သစ်သားတံခါးမကြီးဆီသို့ လျှောက်သွားလေသည်။

ယက္ခကြီးသည် တံခါးမကြီးအနီးသို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် သစ်သားတံခါးပေါ်ရှိ သံကွင်းကိုမ၍ ခေါက်လိုက်လေသည်။

'ဒေါက်'

'ဒေါက်'

'ဒေါက်'

BURMESE CLASSIC .com

တံခါးခေါက်သံ သုံးချက် ထွက်ပေါ်လာသည်။

တံခါးခေါက်သံများသည် တစ်ချက်နှင့်တစ်ချက်တူညီနေသောကြောင့် လျှို့ဝှက်သင်္ကေတဖြင့် ခေါက်လိုက်ခြင်းဖြစ်ကြောင်း ကျန်းကျုံးရှန့် သဘောပေါက်လိုက်သည်။

တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင် တံခါးရွက်သည် အတွင်းသို့ အနည်းငယ်ဟသွားသည်။

ဦးခေါင်းတစ်ခုလုံး ဖွေးဖွေးဖြူနေသည့် ခေါင်းတစ်လုံးပြူထွက်လာ၏။

ကျန်းကျုံးရှန့်သည် ထိုလူအားတွေ့မြင်လိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ရေခဲပြင်ထဲ ထိုးကျသွားသည့်အလား အေးစက်

www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းသွားလေတော့သည်။

သစ်သားတံခါးသည် အတွင်းဘက်သို့ အနည်းငယ်ဟသွားပြီး ဖွေးဖွေးဖြူသော ဦးခေါင်းတစ်လုံးပြူထွက်လာသည်။

ထိုလူ၏မျက်နှာသည် ဦးခေါင်းမှ ဆံပင်များကဲ့သို့ ဖွေးဆွတ်နေသဖြင့် လူသေမျက်နှာတစ်ခုကဲ့သို့ ဖြစ်နေ၏။

မျက်နှာပေါ်တွင် မျက်ခုံးမွေးမရှိပါ။ မျက်တောင်မွေးလည်း မရှိပါ။

ထို့ပြင် နှာခေါင်းမှာ တိုလွန်းသဖြင့် လူတစ်ယောက်မျက်နှာနှင့်ပင် မတူချေ။

ညဉ့်နက်သန်းခေါင်ယံအချိန် လူသူကင်းမဲ့သည့် ဤကဲ့သို့သောနေရာမျိုး၌ ထိုသူအား ရုတ်တရက်တွေ့မြင်လိုက်ရလျှင် ထိတ်လန့်တုန်လှုပ်သွားမည်မှာ အမှန်ပင်။

ကျန်းကျုံးရှန့်သည် ထိုလူအား စိုက်ကြည့်ရင်း ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်လာသလို ခံစားလိုက်ရသည်။

ထိုလူသည် ကျန်းကျုံးရှန့်အား အေးစက်စက်တစ်ချက်လှမ်းကြည့်၏။

ပြီးမှ ယက္ခကြီးအား လှည့်ကြည့်၍ ခေါင်းညိတ်လိုက်သည်။

ကျန်းကျုံးရှန့်၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။



ခြံဝင်းထဲမှ ခေါင်းပြူထွက်လာသူနှင့် ယက္ခကြီးတို့သည် မိမိဤနေရာကို ရောက်ရှိလာမည်ကို ကြိုတင်သိရှိနေကြောင်း ရိပ်စားမိလိုက်သည် မဟုတ်ပါလော။

သို့ဆိုလျှင် ...

ယက္ခကြီးသည် မိမိအား ဤနေရာသို့ခေါ်ဆောင်လာခြင်းသည် လွန်စွာကြောက်မက်ဖွယ်ရာကောင်းသော ထောင်ချောက်ထဲသို့ ခေါ်ဆောင်လာခြင်းပင်လော။

ယင်းသို့တွေဝေစဉ်းစားနေစဉ် ...

သစ်သားတံခါးသည် အနည်းငယ်ထပ်မံဟသွားကာ စိမ်းဖန့်ဖန့်မီးအိမ်တစ်လုံး ကိုင်ဆောင်ထားသော ပိန်လှီရှည်လျားလှသည့် လက်တစ်ဖက် ထွက်လာလေသည်။

ယက္ခကြီးက ကျန်းကျုံးရှန့်အား လှည့်ကြည့်ပြီး ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ကျန်းကျုံးရှန့်သည် သူ၏အကြည့်ကို သဘောပေါက်နားလည်သည့်ဟန်ဖြင့် ပွင့်နေသော သစ်သားတံခါးအတွင်းသို့ လှမ်းဝင်လိုက်သည်။

သစ်သားတံခါးအတွင်းသို့ ရောက်ရှိသွားသည်နှင့် ခြံဝင်းတံခါးမှာ ပြန်လည်ပိတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

စိမ်းလဲ့လဲ့မီးအိမ်ကို ကိုင်ဆောင်ထားသော အဘိုးအိုသည် ရှေ့မှလျှောက်သွားရာ ကျန်းကျုံးရှန့်လည်း နောက်မှ လိုက်ပါသွားလေတော့၏။

✲



ခြံဝန်းသည် အလွန်ကျယ်ဝန်းလှ၏။

ခြံဝင်းတစ်ခုလုံး ထင်းရှူးပင်များ အစီအရီစိုက်ပျိုးထားသဖြင့် ထင်းရှူးနံ့များ သင်းပျံ့လျက်ရှိသည်။

စိမ်းလဲ့လဲ့မီးအိမ် ကိုင်ဆောင်ထားသော အဘိုးအိုသည် ကျန်း ကျုံးရှန့်အား စံအိမ်တံခါးဝဆီသို့ လိုက်ပို့လိုက်၏။

ယင်းနောက် လှည့်ထွက်သွားရန်ဟန်ပြင်လိုက်သည်။

ကျန်းကျုံးရှန့်က သူ့လက်အား လှမ်းဆွဲလိုက်ပြီး ...

"အဘ ... ကျေးဇူးပြုပြီး ချူးအော့လျှံဆီရောက်အောင် ပို့ပေး ပါ"

အဘိုးအိုက သူ့အားစိုက်ကြည့်လိုက်သည်။

"ကျုပ်က မင်းကို သခင်မလေးချူးအော့လျှံဆီကို ပို့ပေးခဲ့ပြီးပြီပဲ၊ စံအိမ်ထဲအထိတော့ ကျုပ်ဝင်ခွင့်မရှိဘူး"

ကျန်းကျုံးရှန့်သည် သူ့စကားကြောင့် လွန်စွာဝမ်းသာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တစ်ခုလုံးရှိ ဒဏ်ရာများကြောင့် ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရသည့်ကိုင် အံကိုတင်းတင်းကြိတ်၍ ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး ... အရေးကြီးတာက မင်း ကံကောင်းနိုင်အောင် ကြိုးစားပါ"

ပြောပြီး ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ကျန်းကျုံးရှန့် မျက်မှောင်ကြုတ်လျက် ကျန်ရစ်ခဲ့သည်။ ခဏကြာမှ စံအိမ်တံခါးကို လက်ဖြင့်ခေါက်လိုက်သည်။

'ဒေါက် ဒေါက် ဒေါက်'

အခန်းတွင်းမှ တုံ့ပြန်သံမကြားရချေ။ အော်ဟစ်ခေါ်ရန်ဟန်ပြင်လိုက်၏။

သို့သော် လည်ချောင်းတစ်ခုလုံး မီးစနှင့်အထိုးခံထားရသည့်အလား ခြောက်သွေ့ပူပြင်းနေသဖြင့် အသံက ထွက်မလာခဲ့ချေ။

ထို့ကြောင့် ...



နောက်တစ်ကြိမ် တံခါးခေါက်ရန် ဟန်ပြင်လိုက်၏။

သို့ရာတွင် ခန္ဓာကိုယ်တစ်ခုလုံး လေးလံလာပြီး ဦးခေါင်းတစ်ခုလုံး မူးဝေကိုက်ခဲလာပြီး အရုပ်ကြိုးပြတ်လဲကျသွားလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝိန်းဝိတ်အောင် မှောင်မိုက်နေ၏။ ယင်းအမှောင်ထုကြား မှ ထုရိုက်သံ၊ အော်ဟစ်သံ၊ ဆူပူကြိမ်းမောင်းသံများ အဆက်မပြတ် ထွက်ပေါ်လာလေသည်။

အသံများသည် ဝေးလိုက်နီးလိုက်ဖြစ်နေ၏။ ဝေးသွားသော အခါ တိုးညင်း၍ နီးလာသောအခါ အလွန်ကျယ်လောင်နေလေ သည်။

ယင်းအခိုက် အမှောင်ထုကြားမှ အလင်းရောင်တန်းလေး ဘိုးဖောက်ဝင်ရောက်လာလေသည်။

ယင်းအလင်းရောင်တန်းနှင့်အတူ ဗိုးတဝါးနိုင်လှသော ပုံရိပ် ကစ်ရိပ်ကို တွေ့မြင်လိုက်ရလေသည်။

ပုံရိပ်သည် တဖြည်းဖြည်းနှင့် ပီပြင်လာ၏။ မိန်းကလေး တစ်ယောက်ဖြစ်သည်။

အတိအကျဆိုရပါလျှင် စိုးရိမ်ထိတ်လန့်သော မျက်လုံးအစုံ ဖြင့် ကြည့်နေသော ချူးအော့လျှံပင်ဖြစ်လေသည်။



သူမသည် နွမ်းယဲ့ယဲ့ပြုံးလိုက်ပြီး ...

"အစ်ကိုကျန်း ... ရှင် သတိရလာပြီလား"

အသံသည်တိုးလိုက် ကျယ်လိုက်ဖြစ်နေသေးသည်။

အတန်ကြာမှ အသံများကို ပီပီပြင်ပြင် ကြားလာရလေ သည်။

"ဟေ့ ကျန်းကျိုးရှန့် ... လိပ်လို ပုန်းမနေနဲ့ တံခါးဖွင့်စမ်း"

"ကျန်းအာမခံဌာနမှူး ... ခေါင်းရှောင်မနေနဲ့ ကိုယ့်အပြစ် ကို ကိုယ်ဝန်ခံပါ"

"ဟေ့ ... ထွက်မလာရင် မီးရှို့ကွာ"

'ဝုန်း ဝုန်း ဝုန်း'

ကျန်းကျိုးရှန့်သည် လူးလဲ၍ ထရန်ကြိုးစားလိုက်၏။ ဦး ခေါင်းတစ်ခုလုံး မိုက်ခနဲဖြစ်ကာ ပြန်လည်လဲကျသွား၏။

သို့သော် နူးညံ့ပျော့ပျောင်းသော လက်ကလေးနှစ်ဖက်က သူ၏ခန္ဓာကိုယ်အား ဖေးမထားလိုက်သဖြင့် လဲကျသွားခြင်းမရှိခဲ့ ပါ။

သူသည် အခန်းတစ်ခုလုံးအား မျက်လုံးဝေ့ကြည့်လိုက် သည်။ သန့်ပြန့်ခမ်းနားပြီး ပြင်ဆင်ထားပုံမှာ မိန်းကလေးတစ် ယောက်၏ အခန်းဖြစ်ကြောင်း သိသာလှ၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများလည်း လဲလှယ်ထားရုံမက ဒဏ်ရာများကိုပါ ဆေးစည်းထားကြောင်း တွေ့မြင်ရသည်။

ကျန်းကျုံးရှန့်က ချူးအော့လျှံအား စိုက်ကြည့်လိုက်ပြီး

"ကျုပ် ဘယ်ရောက်နေသလဲ"

ချူးအော့လျှံက ပြုံးရင်း ...

"ကျွန်မအခန်းထဲ ရောက်နေတယ်လေ"

ကျန်းကျုံးရှန့် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုရောက်လာတာလဲ"

"ကျွန်မရှင့်အတွက် စိတ်ပူလွန်းလို့ အိပ်မပျော်ဘဲရှိနေတုန်း တံခါးခေါက်သံကြားလို့ ထွက်ကြည့်တဲ့အခါ ရှင့်ကို တံခါးဝမှာ လဲကျနေတာ တွေ့လိုက်ရတာပဲ"

သူမက ဆက်၍ ရှင်းပြလိုက်သည်။

"ရှင့်တစ်ကိုယ်လုံး မီးခဲလိုပူချစ်နေပြီး အဖျားကြီးနေလို့ ကျွန်မ ရှင့်ကို အခန်းထဲခေါ်လာတာပါ"

ကျန်းကျုံးရှန့်က ဘဝင်မကျသော ဟန်အမူအရာဖြင့် ကြည့်လိုက်သည်။

"မင်းက ကျုပ်ခန္ဓာကိုယ်ကို သယ်နိုင်လို့လား"



ချူးအော့လျှံက ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း"

"ဒါဖြင့်"

ကျန်းကျုံးရှန့်၏ မျက်ဝန်းထဲမှ သံသယအရိပ်အငွေ့များကြောင့် ချူးအော့လျှံ၏ရင်ထဲ၌ နင့်ခနဲခံစားလိုက်ရလေသည်။ ယင်းကြောင့် သက်ပြင်းတစ်ချက် ကျိတ်၍ ချလိုက်ပြီး

"အဘဝမ်းကို အကူအညီတောင်းပြီး ရွှေ့ခဲ့တာပါ"

ကျန်းကျုံးရှန့်က မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"အဘဝမ်းဆိုတာ ကျုပ်ကိုလိုက်ပို့ကဲ့ သရဲတစ္ဆေနဲ့တူတဲ့ လူထင်ပါရဲ့"

"ဟုတ်ပါတယ်"

ကျန်းကျုံးရှန့်က သူမအား စေ့စေ့ကြည့်လိုက်ပြီး ...

"ဒါနဲ့ မင်းက ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲ၊ စန့်ကွမ်းချုံးမေကော ဘယ်ရောက်နေရတာလဲ"

ချူးအော့လျှံ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ထင်ဟပ်လာသည်။ ဖြစ်ကြောင်းကုန်စင် ရှင်းပြရန် ဟန်ပြင်လိုက်၏။ သို့သော် ရှင်းမပြနိုင်သေးမီမှာပင်

"ဟေ့ ကျန်းကျုံးရှန့် ... အထဲမှာ မင်းရှိမှန်း ငါတို့သိတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ဘာလဲ … လိပ်လိုခေါင်းဝှက်နေတာလား”

“ကျန်းကျုံးရှန့် … ထွက်လာခဲ့စမ်း၊ မင်းထွက်မလာရင် မင်းရဲ့ အာမခံအဖွဲ့သားတွေအားလုံးကို ခုချက်ချင်း သတ်ပစ်လိုက်မယ်”

ရုတ်တရက် ထွက်ပေါ်လာသော တံခါးထုရိုက်သံနှင့် အော်ငေါက်ကြိမ်းမောင်းသံကြောင့် ကျန်းကျုံးရှန့်၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

“ဘယ်သူတွေလဲ … ဘာဖြစ်လို့ ကျုပ်ရဲ့ အာမခံအဖွဲ့သားတွေကို သတ်ရမှာလဲ”

ပြန်လည်အော်ဟစ်ပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။

သို့သော် ဦးခေါင်းတစ်ခုလုံး မူးဝေနောက်ကျိနေသဖြင့် မဟန်နိုင်ဘဲ ခန္ဓာကိုယ်ယိမ်းယိုင်သွားရာ ချူးအော့လျံက စိုးရိမ်တကြီးဖြင့် ဖေးမလိုက်သည်။

“အစ်ကိုကျန်း အစ်ကိုကျန်း … သတိထားပါ၊ ကျွန်မပဲ သူနဲ့ ထွက်တွေ့လိုက်ပါ့မယ်”

သူမသည် ကျန်းကျုံးရှန့်အား စားပွဲအနီးရှိ ကုလားထိုင်၌ ထိုင်စေရန် ဆွဲခေါ်လာ၏။ ကျန်းကျုံးရှန့်က ခေါင်းခါယမ်းလိုက်သည်။

“အော့လျံ … ကျုပ် ဒီလိုရှောင်တိမ်းနေစရာမလိုဘူး၊ သူတို့က ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ကျုပ်ရဲ့ အာမခံအဖွဲ့သားတွေကို သတ်ရမှာလဲ၊ ဒါကို ကျုပ်ကိုယ်တိုင်မေးရမယ်”



ပြောပြီး အံကိုတင်းတင်းကြိတ်ကာ တံခါးဝဆီသို့ လျှောက်သွား၏။

ချူးအော့လျံသည် သူ့အားဖေးမရင်း လိုက်ပါခဲ့ရာ ကျန်းကျုံးရှန့်က သူမ၏ပခုံးကိုဆုပ်ကိုင်လိုက်ပြီး

“အော့လျံ … အခြေအနေဘယ်လိုမှန်း မသိဘူး၊ ဒါကြောင့် မင်းနေခဲ့ပါ”

သူသည် ယင်းသို့ပြောပြီး ခြေလှမ်းဒယီးဒယိုင်ဖြင့် တံခါးဝဆီသို့ လျှောက်သွားကာ တံခါးကိုဆွဲဖွင့်လိုက်သည်။ ထိုအခါ သူ၏ မျက်လုံးများ အဆမတန် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

✲

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်ဖြာကျနေသော မြေပြင်ပေါ်တွင် ကျန်းအာမခံဌာနမှ အဖွဲ့သားဆယ်ယောက်အား ကြိုးဖြင့် အထပ်ထပ်စုစည်းချည်နှောင်ထားသည်ကို တွေ့လိုက်ရသည်။

အာဏာသားဝတ်စုံ ဝတ်ဆင်ထားသော လူဆယ်ယောက်က သူတို့အား ဝိုင်းရံထားကြ၏။

ကျန်းကျုံးရှန့်သည် မိမိအဖွဲ့သားများ၏ အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသည့်အခါ အံ့ဩတုန်လှုပ်သွား၏။

"နေကြပါဦး ... ကျုပ်တို့ ကျန်းအာမခံဌာနဟာ အာမခံလုပ်ငန်းကို အသန့်ရှင်းဆုံး လုပ်ကိုင်ခဲ့ကြတယ်ဆိုတာ ပီကင်းတစ်မြို့လုံး သိတယ်၊ ဘာဖြစ်လို့ ကျုပ်လူတွေကို ဖမ်းကြတာလဲ"

ကျန်းကျုံးရှန့်က ခံပြင်းသော လေသံဖြင့် မေးလိုက်သည်။ အာဏာသားများက ကျန်းကျုံးရှန့်အား စူးရှသော မျက်လုံးများဖြင့် ကြည့်လိုက်ကြ၏။

ခေါင်းဆောင်ဖြစ်ဟန်တူသောသူက ကျန်းကျုံးရှန့်ထံသို့ တစ်လှမ်းချင်းလျှောက်လာကာ



"ကျန်းအာမခံဌာနမှူး ... ခင်ဗျားတို့ရဲ့ ရိုးသားမှုကို ကျုပ်တို့အားလုံး သိထားကြပါတယ်၊ ဒါပေမဲ့ အခုတစ်ကြိမ် အာမခံဌာနမှူးတို့ရဲ့ လုပ်ငန်းဆောင်ရွက်မှုက အကြီးအကျယ်လွဲချော်နေလို့ ဖမ်း...တာပါ"

ကျန်းကျုံးရှန့် မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်တို့ လုပ်ငန်းဆောင်ရွက်တာ လွဲချော်တယ် ... ဟုတ်လား"

အာဏာသားခေါင်းဆောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဆိုပါဦး ... ဘယ်လိုလွဲချော်တာလဲ"

အာဏာသားခေါင်းဆောင်က မိမိ၏လက်အောက်မှ အာဏာသားများဘက်သို့ကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ထိုအခါ အာဏာသားတစ်ယောက်က ခြံဝင်းထဲမှ ပြေးထွက်သွား၏။ ခဏအကြာတွင် အာဏာသားပြန်ရောက်လာသည်။

သူ့နောက်မှ မြင်းလှည်းဆယ်စီး မောင်းနှင်လာ၏။

အာဏာသားခေါင်းဆောင်က ကျန်းကျုံးရှန့်အား တည်ကြည်သောမျက်နှာထားဖြင့် လှမ်းကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းအာမခံဌာနမှူး ... ဒီမြင်းလှည်းတွေကို ခင်ဗျားသိပါသလား"

ကျန်းကျိုးရှန့် ခေါင်းညိတ်လိုက်သည်။

"ဒါဟာ ကျုပ်တို့ ကျန်းအာမခံဌာနက မြင်းလှည်းတွေပဲ ကျုပ်သိတာပေါ့"

"ကောင်းပြီ ... ဒါဆို ဒီမြင်းလှည်းထဲမှာ ဘယ်လိုပစ္စည်းတွေ ပါရှိသလဲ"

ကျန်းကျိုးရှန့်၏ရင်ထဲ၌ အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

အာဏာသားခေါင်းဆောင်၏ အမေးစကားသည် တရားခံတစ်ယောက်ကို စစ်မေးသလိုမျိုး ဖြစ်နေသည် မဟုတ်ပါလော။

ကျန်းကျိုးရှန့်သည် အာဏာသားခေါင်းဆောင်အား အကဲခတ်လိုက်ရင်း ...

"ဒီမြင်းလှည်းထဲမှာ လျှံငွေသိန်းနှစ်ဆယ် ထည့်ထားတဲ့ သေတ္တာဆယ်လုံးတိတိရှိပါတယ်"

အာဏာသားခေါင်းဆောင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ဒါဆိုရင် အခု ဒီသေတ္တာတွေကို ကျန်းအာမခံ ဌာနမှူးရှေ့မှာ ချပြီးဖွင့်ပြပါ့မယ်"



စကားဆုံးသည်နှင့် လက်တစ်ချက်ဝှေ့ယမ်းရာ အာဏာသားများသည် မြင်းလှည်းများပေါ်မှ သေတ္တာဆယ်လုံးကို သယ်မကာ မြေပြင်ပေါ်သို့ ချလိုက်ကြ၏။

ထို့နောက် သေတ္တာဆယ်လုံးကို ပြိုင်တူဖွင့်လိုက်ကြသည်။

သေတ္တာဆယ်လုံးပွင့်သည်နှင့် တစ်ပြိုင်နက် ကျန်းကျိုးရှန့်၏ ခန္ဓာကိုယ်တစ်ခုလုံး ကျာပွတ်နှင့် အရိုက်ခံလိုက်ရသည့်အလား တစ်ချက်တုန်ခါသွားပြီး မျက်လုံးများလည်း အဆမတန် ဝိုင်းစက်ပြူးကျယ်သွားရလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာဆယ်လုံးသည် ပွင့်လျက်ရှိ၏။

သေတ္တာထဲတွင် သစ်ရွက်ခြောက်များဖြင့် ပြည့်နှက်နေလေသည်။

ကျန်းကျုံးရှန့်သည် ပြူးကျယ်သော မျက်လုံးအစုံဖြင့် သေတ္တာဆယ်လုံးအား စိုက်ကြည့်ရင်း နဖူးပေါ်၌ချွေးများပင် စို့လာလေသည်။

ဤသေတ္တာဆယ်လုံးထဲ၌ တစ်လုံးလျှင် ငွေနှစ်သိန်းကျဖြင့် လျှံငွေသိန်းနှစ်ဆယ်ထည့်ထားသည်မှာ အမှန်ပင်ဖြစ်သည်။

ဗီကင်းသို့ပြန်ရောက်သည့်နေ့မှာပင် သူကိုယ်တိုင်စစ်ဆေးသိမ်းဆည်းထားခဲ့ခြင်းဖြစ်၏။

ယခုမူ အဘယ်ကြောင့် လျှံငွေအစား သစ်ရွက်ခြောက်များဖြစ်နေရပါသနည်း။

သူသည် ချူးအေ့လျှံအား ကြိုးကိုင်၍ မိမိထံ ရေခဲဓားယူဆောင်ပေးရန် အလုပ်လာရောက်အပ်နှံသည့် လှိုဖုက်လူအား သိ



ချင်စေ၍ဖြင့် ချူးအေ့လျှံထံသို့ ထွက်လာခဲ့မိခြင်းသည် မိမိ၏ မဟာအမှားပင်ဖြစ်၏။

ဆန္ဒစောစွာ ပြုမူခဲ့မိခြင်းကြောင့် လှိုဖုက်လူ၏ထောင်ချောက်ထဲသို့ ရောက်ရှိခဲ့ရပြီ မဟုတ်ပါလား။

ဤတစ်ကြိမ်တွင် မိမိတစ်ဦးတစ်ယောက်တည်းသာမဟုတ်ဘဲ အာမခံအဖွဲ့သားများပါ ဒုက္ခအကြီးအကျယ်ကြုံတွေ့ရခြင်း ဖြစ်၏။

သူ၏ရင်ထဲ၌ နာကြည်းခံပြင်းသော ဝေဒနာများ လှိုင်းတံပိုးနှယ် ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိသည်။

"ထောင်ချောက် ... ဒါဟာ အင်မတန်ကြောက်စရာကောင်းတဲ့ ထောင်ချောက်ပဲ"

ကျန်းကျုံးရှန့်၏နှုတ်မှ လွတ်ခနဲ အသံထွက်သွားသည်။

အာဏာသားခေါင်းဆောင် မျက်မှောင်ကြုတ်သွားပြီး ...

"ဘယ်လို ... ထောင်ချောက် ... ဟုတ်လား"

ကျန်းကျုံးရှန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်တို့က မတရား လုပ်ကြံထောင်ချောက်ဆင်ခံရတာပါ"

အာဏာသားခေါင်းဆောင်သည် ကျန်းကျုံးရှန့်အား စေ့စေ့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း သက်ပြင်းမှုဦးမှုဦးချလိုက်လေသည်။

"အင်း ... ကျုပ်ရဲ့အတွေ့အကြုံအရ ခင်ဗျားလိမ်ညာပြော နေတာမဟုတ်ဘူးဆိုတာ ကျုပ်ယုံတယ်၊ ဒါပေမဲ့"

ကျန်းကျုံးရှန့်က မချိပြုံး ပြုံးကာ ...

"ဒါပေမဲ့ ကျုပ်တို့ရဲ့ အာမခံဌာနကလူတွေကို တရားဥပဒေ အရ မဆောင်ရွက်လို့ မဖြစ်ဘူးလို့ ပြောမလို့မဟုတ်လား"

အာဏာသားခေါင်းဆောင်က အားတုံ့အားနာဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကျန်းကျုံးရှန့်က သူ့အားစိုက်ကြည့်လိုက်ပြီး ...

"ကျုပ် သေရမှာကို ကြောက်ရွံ့တဲ့လူ မဟုတ်ပါဘူး၊ ဒါပေ မဲ့ ကျန်းအာမခံဌာနရဲ့ သိက္ခာနဲ့ မဆိုင်တဲ့လူတွေကို မထိခိုက်စေချင် ဘူး"

အာဏာသားခေါင်းဆောင်သည် တစ်ချက်တွေဝေသွားပြီး

"အင်း ... ကျုပ်အမှုထမ်းလာတာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီ၊ တစ်ကြိမ်တစ်ခါမှ ဒီလောက်ကြောက်စရာကောင်းတဲ့ ထောင်ချောက် မျိုး မကြုံဖူးဘူး၊ တကယ်လို့ ခင်ဗျားသာအမှန်တကယ် ထောင် ချောက်ဆင်ခံရတာဆိုရင် ကျုပ်ဟာ အမှန်တရားကိုမျက်နှာလွှဲပြီး



လူဆယ့်တစ်ယောက်ကို သေတွင်းထဲပို့တဲ့ အမှုထမ်းတစ်ယောက် အဖြစ်မခံနိုင်ဘူး"

ကျန်းကျုံးရှန့်၏မျက်လုံးအစုံကတစ်ချက်ဝင်းလက်တောက် ပသွား၏။ သူသည် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ခင်ဗျားရဲ့ တာဝန်တိကျမှုနဲ့ သစ္စာတရားကို ကျုပ် ကျန်း ကျုံးရှန့်က လေးစားပါတယ်"

အာဏာသားခေါင်းဆောင်က ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေကို မပြောပါနဲ့ဗျာ၊ အရေးကြီးတာက အခုကိစ္စမှာ ခင်ဗျားတို့ကို ထောင်ချောက်ဆင်တဲ့တရားခံက ဘယ်သူလဲ၊ ခင်ဗျား သိလား"

ကျန်းကျုံးရှန့် မဲ့ပြုံးပြုံးလိုက်သည်။ သူသည် တံခါးအကွယ် တွင် ချောင်းမြောင်းကြည့်ရှုနေသော ချူးအော့လျှံဘက်သို့ မသိမသာ တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျုပ် အနီးစပ်ဆုံး သိရှိထားပါတယ်"

အာဏာသားခေါင်းဆောင်၏မျက်နှာတစ်ခုလုံး ဝင်းလက် တောက်ပသွားလေသည်။

"ဒါဆိုရင် ပြောပါ ... ကျုပ် ခု ချက်ချင်းဖမ်းဆီးပြီး ရုံးတော် ကို တင်ပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျုံးရှန့်က ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းရင်း ...

"လောလောဆယ် အဲဒီလူကို စုံစမ်းရပါဦးမယ်"

သူက စကားဆက်လိုက်ပြန်သည်။

"ဒါကြောင့် ကျုပ်ကိုနောက်ထပ် အချိန်သုံးရက်လောက်ပေးပါဗျာ၊ ကျုပ်ကိုယ်တိုင် အဲဒီလူကို စုံစမ်းပါရစေ"

အာဏာသားခေါင်းဆောင်က ဘဝင်မကျဟန်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ...

"မဖြစ်သေးဘူး၊ သုံးရက်အတွင်း အဲဒီလူကို ခင်ဗျား မဖမ်းနိုင်ဘူးဆိုရင်ကော"

ကျန်းကျုံးရှန့်သည် ငေးငိုင်သွားရာမှ နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး ...

"အဲဒီလူကို မဖမ်းဆီးနိုင်ဘူးဆိုရင် သုံးရက်ပြည့်တာနဲ့ ကျုပ်ဦးခေါင်းကို ခင်ဗျားဆီ ကိုယ်တိုင်လာပြီး အပ်နှံပါ့မယ်"

အာဏာသားခေါင်းဆောင်က အနည်းငယ်စဉ်းစားလိုက်သည်။ ထိုစဉ် အာမခံအဖွဲ့သားများသည် အာဏာသားခေါင်းဆောင်ရှေ့တွင် ဒူးထောက်လိုက်ကြပြီး ...

"လူကြီးမင်းခင်ဗျာ ... ကျုပ်တို့ကလည်း ကျန်းအာမခံဌာနမှူးလေးရဲ့စကားကို ကျုပ်တို့ရဲ့အသက်ဆယ်ချောင်းနဲ့ အာမခံပါတယ်၊ ကျေးဇူးပြုပြီး သုံးရက်အတွင်း လျှို့ဝှက်လူကို ရှာဖွေခွင့်ပေးပါ"



အာဏာသားခေါင်းဆောင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ကျုပ်က တရားခံအမှန်ကိုလိချင်လို့ ဒီလိုအခွင့်အရေးပေးလိုက်မယ်၊ နောက်ပြီး အာမခံဌာနမှူးရဲ့ သတ္တိနဲ့ တည်ကြည်မှုကိုလည်း ယုံကြည်ပါတယ်၊ တစ်ခုတော့ ကြိုပြောပါရစေ"

"ပြောပါ"

အာဏာသားခေါင်းဆောင်က ကျန်းကျုံးရှန့်အား စိုက်ကြည့်လိုက်ပြီး ...

"သုံးရက်ပြည့်လို့မှ တရားခံကိုမတင်နိုင်ရင်တော့"

ကျန်းကျုံးရှန့်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"ကျုပ်ရဲ့ဦးခေါင်းကို ခင်ဗျားဆီ လာအပ်ပါ့မယ်"

အာဏာသားခေါင်းဆောင်သည် ခေါင်းညိတ်ကာ အာမခံအဖွဲ့သားများကို ခေါ်ဆောင်လျက် ပြန်လည်ထွက်ခွာသွားသည်။

မြင်းလှည်းဆယ်စီးသည်လည်း သူတို့နောက်မှ မောင်းနှင်၍ လိုက်ပါသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံအစစ်အမှန်မပေါ်သရွေ့ သူသည် ကျန်းအာမခံဌာနသားများကို ဖမ်းဆီးထားရမည် မဟုတ်ပါလား။

* * *



မသိမသာ သက်ပြင်းချရင်း ...

"ဒါဆို ကျွန်မပေးတဲ့ဆေးကို မှန်မှန်သောက်ပြီး ဝေဒနာသက်သာအောင် အရင်အနားယူပါ"

"မဖြစ်နိုင်ဘူး ... ကျုပ်အတွက် အချိန်မရတော့ဘူး"

သူ့စကားကြောင့် ချူးအော့လျံ့ စိတ်ထိခိုက်သွားသည်။

"ကောင်းပြီလေ ... ဒါဆို ကျွန်မပြောပြပါ့မယ်၊ တစ်ခုတော့ရှိတယ်၊ ဒီဆေးကိုတော့ အရင်သောက်ပါ"

"မလိုဘူး ... အရေးကြီးတာက မင်းကို ချုပ်ကိုင်ညွှန်ကြားတဲ့လူကို သိဖို့ပဲ"

ချူးအော့လျံ့၏မျက်ဝန်းအစုံတွင် စိုးရိမ်ထိတ်လန့်သောဟန်မူရာများ ပေါ်လွင်လာလေသည်။ ခေါင်းသွင်သွင်ခါယမ်းလိုက်ပြီး ...

"မဖြစ်ဘူး ... အဲဒီလူရဲ့သိုင်းပညာဟာ အင်မတန်ကြောက်စရာကောင်းပြီး လျှို့ဝှက်ဆန်းကြယ်တယ်၊ ဒါကြောင့် ရှင် ဒီအတိုင်းသွားပြီးရင်ဆိုင်မယ်ဆိုရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်သွားလိမ့်မယ်"

ကျန်းကျူးရှန်၏ မျက်ဝန်းအစုံတွင် နာကျင်သောဟန်မူရာများ ပေါ်လွင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အသက်သေဆုံးတော့ကော ဂရုစိုက်စရာလား၊ ကျုပ်တို့ ကျန်းအာမခံဌာနရဲ့ သိက္ခာအတွက် ကျုပ်သေဆုံးသွားလည်း ဂရုမစိုက်ဘူး"

ချူးအော့လျှံက သူ့အားစိုက်ကြည့်ကာ ...

"ကောင်းပြီလေ ... ရှင်သေဆုံးသွားခဲ့ရင် ကျန်းအာမခံဌာနရဲ့သိက္ခာကို ပြန်ဆယ်ယူနိုင်မှာတဲ့လား၊ နောက်ပြီး အာမခံဌာနအဖွဲ့သားဆယ်ယောက်ရဲ့အသက်ကိုကော ရှင် ဘယ်လိုစဉ်းစားထားသလဲ"

ကျန်းကျုံးရှန့် ရုတ်တရက် ငိုင်ကျသွား၏။ အတန်ကြာမှ ချူးအော့လျှံကို နီရဲသောမျက်ဝန်းအစုံဖြင့် ဆတ်ခနဲကြည့်လိုက်မိသည်။

သူမ၏မျက်ဝန်းတွင် မျက်ရည်များဖြင့် စိုစွတ်နေ၏။ သို့သော် အားယူပြီးရင်း လက်ထဲရှိအငွေ့တထောင်းထောင်းထနေသော ဆေးရည်ပန်းကန်ကို ကမ်းပေးလိုက်လေသည်။

ကျန်းကျုံးရှန့်က ဆေးရည်ပန်းကန်လုံးကို လှမ်းယူကာ ဖြည်းညင်းစွာမော့ချလိုက်၏။

ချူးအော့လျှံက သူ့အားကြည့်ကာ ကြည်နူးဝမ်းသာစွာ ပြုံးလိုက်သည်။



"ကျေးဇူးတင်ပါတယ်၊ ကျုပ်ရင်ထဲမှာ ခံစားနာကျင်ရလွန်းလို့ ပြောခဲ့မိတာ ခွင့်လွှတ်ပါ"

ချူးအော့လျှံက ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး၊ အစ်ကိုကျန်းရဲ့ ရင်ထဲက ခံစားမှုကို ကျွန်မ နားလည်ပါတယ်၊ အစ်ကိုကျန်းရဲ့နေရာမှာဆိုရင် ကျွန်မလည်း ဒီလိုပဲ ပြောမိမှာပါ"

ကျန်းကျုံးရှန့်သည် သူမအား စေ့စေ့ကြည့်ကာ ...

"အော့လျှံ ... မင်းဟာ ကမ္ဘာပေါ်မှာ စိတ်ထားအနူးညံ့ဆုံး အမြင့်မြတ်ဆုံးနဲ့ သဘောထားအပြည့်ဝဆုံး မိန်းကလေးတစ်ယောက်ပါ"

ချူးအော့လျှံ၏ရင်ထဲ၌ နင့်ခနဲဖြစ်သွားလေသည်။

"ဒါပေမဲ့ ကံတရားက ကျွန်မတို့နှစ်ယောက်ကို မျက်နှာသာ မပေးပါဘူးရှင်"

"ဘာဖြစ်လို့လဲ"

ချူးအော့လျှံက သူ့အားနွမ်းလျစွာစိုက်ကြည့်ရင်း တုန်ယင်အက်ကွဲသောအသံဖြင့် ...

"ကျွန်မရဲ့ဖေဖေက ရှင့်ရဲ့ မဟာရန်သူဖြစ်နေလို့ပါ"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျုံးရှန့်သည် ချူးအော့လျှံအား ပြုံးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း

"မင်း မင်းအဖေက ကျူပ်ရဲ့ ရန်သူ ... ဟုတ်လား၊ ဒါနဲ့ မင်းမှာ အဖေမရှိဘူးဆို၊ ဘယ်နေရာက မင်းအဖေ ပေါ်လာရတာလဲ၊ ကျူပ်နဲ့ကော ဘယ်လိုဖြစ်ပြီး မဟာရန်သူဖြစ်ခဲ့ရတာလဲ"

ချူးအော့လျှံ၏မျက်နှာတွင် ကြေကွဲဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ စိုးထိတ်အားငယ်ခြင်း စသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

အတန်ကြာမှ သူမသည်မိမိဖခင်နှင့်မင်းသားလေးကောင်းကန်း၏ဖခင် ကောင်းကျက်မိန်တို့ပူးပေါင်း၍ ကျန်းကျုံးရီထံမှ ဓားနှစ်လက်လုယူခဲ့ပုံမှစကာ မိမိဖခင် အရိုးဆွေး အဆိပ်မိနေရခြင်းနှင့် မင်းသားလေးကောင်းကန်း၏အစီအစဉ်များပါမကျန် အလုံးစုံ ဖွင့်ပြောလိုက်သည်။

စကားအဆုံးတွင် ချူးအော့လျှံသည် ကန္တာရခရီးရှည်တစ်ခုကို ဖြတ်သန်းခဲ့ရသည့်အလား ခြေကုန်လက်ပန်းကျကာ ရင်ထဲ၌ မွန်းကျပ်သွားရလေသည်။

ကျန်းကျုံးရှန့်သည် မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် သူမအားစိုက်ကြည့်ရင်း စိတ်မထိန်းနိုင်အောင် ဖြစ်လာပုံရ၏။



စားပွဲကို လက်သီးဖြင့် ထိုးချလိုက်ပြီး ...

'ဝုန်း'

"ကျူပ်ရဲ့ မဟာရန်သူက မင်းရဲ့အဖေ ဘာဖြစ်လို့ဖြစ်နေရတာလဲ၊ မင်းရဲ့အဖေ ဘာဖြစ်လို့ ဖြစ်နေရတာလဲ"

အရူးတစ်ယောက်ပမာ သွေးရူးတန်းရူး အော်ဟစ်လိုက်သည်။ ချူးအော့လျှံက ငိုကြွေးနေမိ၏။

တစ်သက်တာ ဘဝအဖော်အဖြစ်လက်တွဲရန် ရည်မှန်းမျှော်လင့်ခဲ့သောချစ်သူကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီဟု ခံစားနားလည်လိုက်မိသည်မဟုတ်ပါလား။

ကျန်းကျုံးရှန့်သည် ဖြောင်းဆန်သွားသည့်စိတ်ကို ထိန်းချုပ်ကာ ချူးအော့လျှံအား လှမ်းကြည့်လိုက်၏။ ပြီးမှ သက်ပြင်းမျှင်းမျှင်းချပြီး ...

"အော့လျှံ ... မငိုနဲ့တော့၊ ဒီကိစ္စဟာ ကံတရားက ဖန်တီးလိုက်တဲ့ ကြမ္မာဆိုးပါ၊ ဒီကိစ္စက မင်းနဲ့ဘာမှ မပတ်သက်ပါဘူး"

"ရှင်"

ချူးအော့လျှံ အံ့ဩသွားသည်။

"ဘယ် ဘယ်လို ... ကျွန်မနဲ့ဒီကိစ္စ မပတ်သက်ဘူး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဒီကိစ္စမှာ မင်းက အသုံးချခံခဲ့ရတဲ့ အပြစ်မဲ့တဲ့ မိန်းကလေးပါ ... ဒါပေမဲ့"

ချူးအော့လျှံ မျက်ခုံးပင့်ကြည့်လိုက်သည်။ ကျန်းကျုံးရှန့်က လေးလေးပင်ပင် ဆက်ပြောလိုက်၏။

"ဒါပေမဲ့ ကျုပ်မိဘတွေကိုသတ်ခဲ့တဲ့ ရန်သူကိုတော့ သွေးနဲ့ စာရင်းရှင်းရလိမ့်မယ်"

ချူးအော့လျှံ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

မိမိကိုးကွယ်အားထားရာ ဖခင်နှင့် ဘဝတစ်သက်တာလက်တွဲဖော်တို့ မကြာမီ သူသေကိုယ်သေ ရင်ဆိုင်တိုက်ခိုက်ကြရတော့မည်ဟု နားလည်လိုက်မိခြင်းကြောင့်ဖြစ်သည်။

ကျန်းကျုံးရှန့်က သူမအနီးသို့ လျှောက်လာပြီး ပခုံးကိုညင်သာစွာ သိုင်းဖက်ကာ ...

"ခွင့်လွှတ်ပါ ဒါဟာ သမိုင်းကပေးအပ်ထားတဲ့ သွေးစာရင်းပါ။ ဒါပေမဲ့ တစ်ခုတော့ မင်း ယုံကြည်ပါ"

ချူးအော့လျှံက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။ ကျန်းကျုံးရှန့်က သူမအား ကြင်နာစွာ ပြုံးပြလိုက်ပြီး ...

"ဒီအဖြစ်အပျက်တွေဟာ ကျုပ်နဲ့မင်းရဲ့ မေတ္တာကို ဘယ်



လိုမှ မဖျက်ဆီးနိုင်ဘူးဆိုတာပါပဲ"

ချူးအော့လျှံ၏မျက်လုံးအစုံက ဝင်းလက်တောက်ပသွားပြီး

"ကျေးဇူးတင်ပါတယ် ကျေးဇူးတင်ပါတယ်ရှင်"

ကျန်းကျုံးရှန့်က သူမအား စိုက်ကြည့်လိုက်သည်။

သူမသည် ဖခင်ဖြစ်သူနှင့် မိမိတို့ ထိပ်တိုက်ရင်ဆိုင်ရတော့မည်ကို သိရှိပါလျက် ဟန့်တားခြင်းမရှိသည်မှာ မိမိအတွက် ခံစားနားလည်ပေးခြင်းကြောင့်ဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် ရင်ထဲ၌ ပို၍ နင့်နင့်နဲနဲ တဆစ်ဆစ်နာကျင်ခံစားလာရ၏။

မည်သို့ပင်ဖြစ်စေ ကံတရား၏ စီမံဖန်တီးမှုကို ရှောင်လွှဲ၍မရနိုင်တော့ပြီ။

သက်ပြင်းမှူဉ်းမှူဉ်း တစ်ချက်ချလိုက်ပြီး ...

"ကဲ ကဲ ... မင်းလည်း ပင်ပန်းလှပြီ အနားယူတော့"

ပြောပြီး အခန်းတံခါးဆီသို့ လျှောက်သွားရန် ဟန်ပြင်လိုက်သည်။

ချူးအော့လျှံက ရုတ်တရက် ဟန့်တားလိုက်သည်။

"ခဏ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျိုးရှန့် လှည့်ကြည့်လိုက်သည်။

"မင်း ဘာပြောစရာရှိလဲ"

ချူးအော့လျှံ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် ဟန်မူရာများပေါ်လာလေသည်။

ရုတ်တရက် ဘာမျှမပြောနိုင်သေးဘဲ ကျန်းကျိုးရှန့်ကို ငေးစိုက်ကြည့်၏။

ခဏကြာမှ နှုတ်ခမ်းတစ်ချက်ကိုက် ကာ ...

"အစ်ကိုကျန်း ... ကျွန်မအစ်ကိုရဲ့ မျိုးဆက်သစ်တစ်ယောက်ကို အရူးအမူးတမ်းတမိပါတယ်၊ ဒါကြောင့် ရှင် အခုချက်ချင်း ထွက်မသွားပါနဲ့ဦး"

အမှန်တွင် သူမသည် ဤစကားကိုရှက်ရွံ့စွာဖြင့် အရဲစွန့်ပြောလိုက်ခြင်းဖြစ်သည်။

ယခုတစ်ကြိမ် ကျန်းကျိုးရှန့်နှင့် ခွဲခွာရခြင်းသည် နောက်ထပ်တစ်ဖန် ပြန်လည်မဆုံတွေ့နိုင်တော့သည့် ခွဲခွာခြင်းဟု နားလည်ခံစားလိုက်မိသောကြောင့်ဖြစ်သည်။

ကျန်းကျိုးရှန့်ကိုယ်တိုင်လည်း ထိုသို့ပင် ခံစားရသည်သာ သို့သော် နှစ်သိမ့်ပြုံး ပြုံးလိုက်ပြီး ...

"စိတ်ချပါ ... ကျုပ် မင်းဆီကို ပြန်လာပါမယ်၊ ဒီတစ်ကြိမ်



ပြန်လာရင် ကျုပ်တို့နှစ်ယောက် တစ်သက်တာမခွဲတော့ဘဲ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြမယ်နော်"

စကားဆုံးသည်နှင့် ကျန်းကျိုးရှန့်သည် လေးလံသော ခြေလှမ်းများဖြင့် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျုံးရှန့်သည် လေးလံသောခြေလှမ်းများဖြင့် အခန်းထဲမှ ထွက်လာခဲ့၏။

အမှန်တော့ သူသည် ချူးအော့လျှံကဲ့သို့ဆန္ဒမျိုးပင် ရှိနေခဲ့သည်။

သို့သော် မိမိဆန္ဒကို ဆင်ခြင်တုံတရားဖြင့် ထိန်းချုပ်ကာ ချူးအော့လျှံအနီးမှ အမြန်ဆုံး ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

အကြောင်းကား ယခုတစ်ကြိမ် မိမိရင်ဆိုင်ရမည့် ရန်သူမှာ အလွန်ပရိယာယ်များပြီး ကြောက်မက်ဖွယ်ရာကောင်းနေသောကြောင့်ဖြစ်သည်။

ထို့ပြင် ယခုအချိန်၌ မိမိသည် ဒဏ်ရာရရှိထား၏။ ရန်သူ၏ အသာစီးရယူတိုက်ခိုက်မှုကို မလွဲမသွေခံရမှာ သေချာလှ၏။

သို့ဖြစ်ရာ တိုက်ပွဲမစမီကပင် သေခြင်းတရားနှင့် ပူးကပ်ယှဉ်တွဲလျက်ရှိနေချေပြီ။

အမှန်တော့ သေခြင်းတရားဆိုသည်မှာ မဆန်းလှပါချေ။



မွေးဖွားလာခြင်းသည်ပင်လျှင် သေဆုံးခြင်း၏အစ မဟုတ်ပါလော။

မည်ကဲ့သို့ သေရမည်၊ မည်သည့်နေရာတွင် သေမည်ကို မည်သူမျှ မသိပါ။

အရေးကြီးဆုံးမှာ စိတ်ချလက်ချသေဆုံးနိုင်ရန်သာ ဖြစ်သည်။

ချူးအော့လျှံတစ်ယောက် မည်သို့ရှိမည်နည်း။ သူ လှည့်မကြည့်ဝံ့ပါ။ မကြည့်ရက်ခြင်းသာဖြစ်သည်။

ယခုကဲ့သို့ ထိတ်ထိတ်ကြဲ ရန်သူနှစ်ယောက်နှင့်ရင်ဆိုင်ရမည့်အချိန်မျိုးတွင် သူ့အနေဖြင့် အနည်းငယ်မျှပင် အာရုံအပျံ့လွင့်မခံနိုင်ပါ။

ယင်းကြောင့် သူမအား ကြိုးစား၍မေ့ပျောက်ထားလိုက်၏။

ဤတစ်ကြိမ်ခွဲခွာသွားခဲ့ရပါလျှင် ချူးအော့လျှံ၏ လှပ၍အပြစ်ကင်းစင်သော မျက်နှာကလေးအား ထပ်မံတွေ့ဆုံချင်မှ တွေ့ဆုံနိုင်တော့မည်ဖြစ်သည်။

အကြောင်းကား ယခုတစ်ကြိမ်ခွဲခွာရခြင်းသည် သေကွဲကွဲရန် လွန်စွာသေချာနေသောကြောင့်ဖြစ်သည်။ ကျန်းကျုံးရှန့်ရင်ထဲ၌ စိုးရိမ်စိတ်များ ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မိမိအပေါ်ထားရှိသော မေတ္တာမှာ နှင်းယှဉ်မရ အောင်ကြီးမားလှသဖြင့် မိမိနောက်သို့ သူက လိုက်လာမည်ကိုစိုးရိမ်မိသည်။

သို့သော် သူမ၏ဟန်မူရာမှာ လိုက်လာမည့် အရိပ်အယောင်မရှိချေ။ လာရောက်နှုတ်ဆက်ခြင်းပင် မရှိပေ။

ကျန်းကျုံးရှန် အနည်းငယ် အံ့သြသွား၏။ သူမအား ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

သူမသည် မိမိအားစူးစိုက်ကြည့်နေဆဲဖြစ်၏။ မျက်ဝန်းအစုံတွင် မျက်ရည်များဝဲနေလေသည်။

စကားတစ်ခွန်းမျှ မပြောသော်လည်း မျက်ဝန်းအစုံကမူ စကားပြောနေသကဲ့သို့ရှိ၏။

"ရှင် လုပ်သင့်တယ်ထင်လို့ လုပ်တဲ့ကိစ္စကို ယုံကြည်စိတ်ချစွာနဲ့လုပ်ပါ။ ကျွန်မကြောင့် ရှင့်ကိုအနှောင့်အယှက် အဟန့်အတားမဖြစ်စေရပါဘူး"

ကျန်းကျုံးရှန်၏ ရင်ထဲတွင် အေးချမ်းသွားမိလေသည်။

ဤကဲ့သို့သော မိန်းကလေးအား တွေ့ဆုံရခြင်းသည် မိမိအား မိုးနတ်မင်းက အကောင်းဆုံးသော ကံတရားကို ဖန်ဆင်းပေးခဲ့သည်ဟု မှတ်ယူရပေတော့မည်။



သူက ပြုံး၍ လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။ ယင်းနောက် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်လာခဲ့လေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

## လျှော်ကြေး

မွန်းလွဲချိန်ဖြစ်သည်။ မြို့ပြင် တောလမ်းလေးအတိုင်း လူရွယ်တစ်ယောက် ကြွေရွက်များကိုနင်းချေ၍ တစ်လှမ်းချင်း လျှောက်လာနေသည်။

သူသည် အနီရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီးဓားလွတ်တစ်ချောင်းကိုင်ဆောင်ထားလေသည်။

ခုနစ်ပေရှည်သောဓားဖြစ်ပြီး ဓားဖျား၏တစ်လက်မအလိုတွင် လခြမ်းသဏ္ဌာန်ဓားကောက်ကလေးတစ်ချောင်းပါရှိလေ၏။

ဓားပုံစံမှာ ဆန်းကြယ်သကဲ့သို့ ဓားတည်ဆောက်ထားပုံမှာလည်း ထူးဆန်း၍လျှို့ဝှက်လှပေသည်။

ဓားမှာပါးလွှာပြီး နှစ်ဖက်သွားဖြစ်၏။ ဓားမှထွက်ပေါ်လာသော အရောင်သည် လူရွယ်၏ကိုယ်ပေါ်ရှိ အင်္ကျီအရောင်ကဲ့သို့ ရဲ



ရဲနီနေပေသည်။

လူရွယ်သည် ဓားကိုညာလက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် လျှောက်လာခဲ့ရာ မကြာမီအဝေးဆီမှ တောင်ကုန်းတစ်ခုကိုတွေ့မြင်လိုက်ရသည်။

ထိုတောင်ကုန်းအား တွေ့မြင်သည်နှင့်တစ်ပြိုင်နက် လူရွယ်၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။

သူသည် ခြေလှမ်းအရှိန်ကို ပို၍မြှင့်တင်ကာ တောင်ကုန်းကလေးဆီသို့ ဦးတည်လျှောက်လာလေသည်။

သို့သော် ခြေလှမ်းသုံးလှမ်းမျှလှမ်းပြီးချိန်၌ သူ၏ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားလေသည်။

အကြောင်းကား သူ၏သွားလမ်းအား သစ်ပင်ကြီးတစ်ပင်နောက်ကွယ်မှ ထွက်လာသောလူတစ်ယောက်က ပိတ်ဆို့ဟန့်တားလိုက်ခြင်းကြောင့်ဖြစ်သည်။

*

www.burmeseclassic.com

လေတစ်ချက်ဝှေ့ယမ်း တိုက်ခတ်လာသည်။ ဝန်းကျင်တစ်ခုလုံးအေးစိမ့်သွား၏။

ကျန်းကျုံးရှန့်၏ နှလုံးသားထဲ၌လည်း အေးစိမ့်၍နေလေသည်။

ရွက်ခြောက်ကလေးများသည် သစ်ပင်ပေါ်မှ တစ်ရွက်ပြီး တစ်ရွက်ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေကျလာပြန်သည်။ ကြွေရွက်တစ်ရွက်က မလှုပ်မယှက်နေသော ကျန်းကျုံးရှန့်ကို တို့ထိကျီစယ်သွားလေသည်။

ကျန်းကျုံးရှန့်က ဝိတ်ဆို့ရပ်တန့်နေသူကို ကြည့်လိုက်၏။ ထိုသူကမူ သူ့အားမကြည့်ပါ။

ကျန်းကျုံးရှန့်၏လက်ထဲမှ ဓားကိုသာမျက်တောင်မခတ်စိုက်ကြည့်နေလေသည်။

ဝန်းကျင်တစ်ခုလုံး လေတိုက်သံမှ အပ ပကတိတိတ်ဆိတ်ငြိမ်သက်နေ၏။



"ကျန်းကျုံးရှန့် မဟုတ်လား"

ထိုလူ၏အသံက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်သည်။ ကျန်းကျုံးရှန့်က သူ့အားစိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ချူးဝေယွမ်ဆိုရင် ကျုပ်က ကျန်းကျုံးရှန့်ပဲ"

ထိုလူ မျက်မှောင်ကြုတ်သွားသည်။

"မင်းက ကျုပ်ကို ချူးဝေယွမ်ဖြစ်တယ်လို့ ဘာကြောင့် သေချာပြောနိုင်ရတာလဲ"

"ခင်ဗျားကကော ကျုပ်ကို ကျန်းကျုံးရှန့်လို့ ဘာကြောင့် သေချာပြောနိုင်ရတာလဲ"

ချူးဝေယွမ်ဆိုသူက ကျန်းကျုံးရှန့်၏လက်ထဲမှ ဓားကိုတစ်ချက်ကြည့်လိုက်သည်။

"ဒီလောကပေါ်မှာ မီးလျှံဓားကို ကိုင်နိုင်တဲ့လူဟာ ကျန်းကျုံးရှန့်ကလွဲပြီး ဘယ်သူရှိဦးမှာလဲ"

ကျန်းကျုံးရှန့်က သူ့အားအေးစက်စက်ဖြင့် ကြည့်လိုက်ပြီး

"ဒီလောကပေါ်မှာ ကျုပ်ရဲ့ မီးလျှံဓားကို သိနိုင်တဲ့သူဟာ ချူးဝေယွမ်နဲ့ မင်းသားလေးကောင်းကန်းတို့ကလွဲပြီး ဘယ်သူမှ မရှိနိုင်ပါဘူး"

"အင်း ... ကျုပ်က မင်းသားလေးကောင်းရဲ့ အသူအအ

www.burmeseclassic.com

www.burmeseclassic.com



ရှယ် မဟုတ်တော့ မင်းရဲ့ ခန့်မှန်းချက်က မမှားနိုင်ပါဘူး"

ကျန်းကျုံးရှန့်က တစ်ချက်ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဘာပဲဖြစ်ဖြစ် ဒီကနေ့ ကျုပ်ကို သွေးစာရင်းရှင်းနိုင်ခွင့်ပေးခဲ့တဲ့ ကံတရားကို ကျေးဇူးတင်ရမှာပဲ"

ချူးဝေယွမ်က သူ့အားစိုက်ကြည့်လိုက်သည်။

"ဒါပေမဲ့ အဲဒီကံတရားက မင်းကို ကံဆိုးစေမယ်ထင်တယ်"

"ခင်ဗျား ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"အခု မင်းရဲ့ခန္ဓာကိုယ်ပေါ်မှာ အနည်းဆုံးဒဏ်ရာငါးချက်လောက်တော့ ရှိနေမယ်ထင်တယ်"

ကျန်းကျုံးရှန့် မဲ့ပြုံးပြုံးလိုက်ပြီး ...

"သြော် ... ဒါကြောင့် ခင်ဗျားကို မင်းသားလေးကောင်းကန်းက လွှတ်ပြီး ကျုပ်ကို ရှင်းပစ်ခိုင်းတာ ဆိုပါတော့"

"မင်းမှားနေပြီ၊ မင်းသားလေးကောင်းကန်းဟာ မာနကြီးတဲ့လူ၊ မင်းဆီ ကျုပ်ကိုလွှတ်ပြီး လမ်းကဖြတ်တိုက်ခိုင်းမယ့် လူစားမျိုးမဟုတ်ဘူး၊ မင်း သူ့ဆီရောက်လာမယ့်အချိန်ကို စောင့်နေတာ"

ကျန်းကျုံးရှန့်မျက်နှာပေါ်တွင် ဝေခွဲမရသော ဟန်မူရာပေါ်လွင်လာလေသည်။

"နေပါဦး ... ခင်ဗျားက ကောင်းအမျိုးအနွယ်ရဲ့ အရိုးဆွေး



အဆိပ်ကြောင့် အမိန့်တွေအားလုံး နာခံနေရတယ်လို့ကြားတယ် ... အဲဒါ ဟုတ်ရဲ့လား"

ချူးဝေယွမ်က ခေါင်းခါယမ်းလိုက်ပြီး ...

"မင်းထပ်မှားပြန်ပြီ၊ ဒါဟာ ကျုပ်က ကျေကျေနပ်နပ်ပေးဆပ်ထားခဲ့တဲ့ သစ္စာတရားတစ်ခုပါ၊ ကျုပ်ကြောင့် သူ့အဖေကောင်းကျက်မိန့် သေဆုံးသွားတယ်၊ ဒါဟာ သူ့အတွက် ဘယ်လောက်တန်ဖိုးကြီးတဲ့ ဆုံးရှုံးမှုလဲ၊ ဒါကြောင့်'

"ဒါကြောင့် ခင်ဗျားက သူ့အတွက် အသက်ရှင်နေသရွေ့ လိုချင်တာအားလုံးကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနေတယ် ဆိုပါတော့"

ချူးဝေယွမ် ခေါင်းညိတ်လိုက်သည်။

ကျန်းကျုံးရှန့်က စိတ်ပျက်ဟန်ဖြင့် အသာအယာ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားဟာတကယ်သစ္စာတရားကြီးမားတဲ့လူတစ်ယောက်ပါပဲ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ကျန်းကျုံးရှန့်က သူ့အားစိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားရဲ့ သစ္စာတရားက လွဲမှားတဲ့သစ္စာတရားဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီလွဲမှားတဲ့ သစ္စာတရားကြောင့် မင်းသားလေးကောင်းဟာ ဒုစရိုက်ဖြစ်မှန်းမသိဖြစ်နေပြီလေ"

ချူးဝေယွမ် မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"မင်းစကားရဲ့ အဓိပ္ပယ်က"

ကျန်းကျုံးရှန့်က ချူးဝေယွမ်ကိုကြည့်ကာ ...

"ခင်ဗျား ဘာဖြစ်လို့ မသိချင်ယောင် ဆောင်နေတာလဲ၊ သူက စန့်ကွမ်းချုံးမေကို သတ်ပစ်ခဲ့တယ် မဟုတ်လား"

ထိုစကားကြောင့် ချူးဝေယွမ် တစ်ချက်တုန်ခါသွားလေသည်။

"ဒါ ဒါက"

ကျန်းကျုံးရှန့်က လက်ကာပြလိုက်သည်။

"ခင်ဗျား ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့၊ စန့်ကွမ်းချုံးမေ မသေခင်ညက ချူးအော့လျှံအတွက် ကူညီမယ်လို့ ပြောခဲ့တယ်၊ ဒါဟာ မင်းသားလေးကောင်းက သူ့ကိုမုန်းတီးဖို့အကြောင်းဖြစ်ခဲ့တာပဲ၊ ဒါကြောင့် သူက စန့်ကွမ်းချုံးမေကို သတ်ပြီး ချူးအော့လျှံကိုချုပ်ကိုင်ဖို့ ထန်အဘိုးနဲ့ လုံအဘိုးတို့ကို အသုံးချခဲ့တယ်"

ချူးဝေယွမ်၏ မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။ ကျန်းကျုံးရှန့်က ပြုံးရင်း ...



"ဘယ်လိုလဲ ... ဒီတစ်ခါ ကျုပ်စကား မှားတယ်လို့ မပြောနိုင်တော့ဘူး မဟုတ်လား"

ချူးဝေယွမ်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုံးရှန့် ... မင်း ဒီစကားတွေပြောနေမယ့်အစား ကိုယ့်ကိ ကိုယ်ရှင်းသင့်တယ် မဟုတ်လား"

ကျန်းကျုံးရှန့်က ရယ်မောလိုက်သည်။

"ကောင်းပြီ ... အခု ဒီစကားတွေကို ကျုပ်မပြောတော့ဘူး၊ မင်းသားလေးကောင်းနဲ့တွေ့မှပဲ ပြောမယ်"

ချူးဝေယွမ်က အံတစ်ချက်ကြိတ်လိုက်ပြီး ...

"စိတ်ချ မင်း သူနဲ့တွေ့ခွင့်မရှိအောင် ကျုပ် အတတ်နိုင်ဆုံး ကြိုးစားပြီး ဟန့်တားမယ်"

"ကောင်းပြီ ... ဒါဖြင့် ကျုပ်ကိုဟန့်တားနိုင်အောင် ဓား ထုတ်လိုက်ပါ"

ချူးဝေယွမ် ဘာမှမပြောတော့ပါ။ ဓားကိုဆွဲထုတ်ပြီး ကျန်းကျုံးရှန့်အနီးသို့ တစ်လှမ်းချင်း တိုးလာလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



ချူးဝေယွမ်သည် ကျန်းကျုံးရှန့်နှင့် လက်တစ်ကမ်းအကွာတွင် ခြေလှမ်းရပ်တန့်လိုက်ပြီး ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။

ကျန်းကျုံးရှန့်က ဖြစ်ကတတ်ဆန်းရပ်၍ သူ့အားပြန်လည်စိုက်ကြည့်နေသည်။

သူ၏တစ်ကိုယ်လုံး၌ ဟာကွက်များချည်း ဖြစ်နေ၏။

မည်သူမဆို သူ့အားကြိုက်နှစ်သက်ရာနေရာသို့ ဓားနှင့်ထိုးသွင်းနိုင်လောက်အောင် ဟာကွက်များဖြစ်ပေါ်နေသည်။

သို့သော် ယင်းသို့ဟာကွက်များစွာဖြစ်ပေါ်နေခြင်းက တစ်ဖက်ရန်သူအား တိုက်ခိုက်ရန် ရွေးရခက်စေ၏။

တစ်နည်းဆိုရလျှင် ဟာကွက်များလွန်းသောကြောင့် ဟာကွက်မရှိဘဲ ဖြစ်နေလေသည်။

ထိုအချက်မှာ ထိပ်တန်းသိုင်းပညာရှင်တိုင်း သိထားကြ၏။ ချူးဝေယွမ်လည်း ကောင်းစွာသိထားလေသည်။



ထို့ကြောင့် စတင်တိုက်ခိုက်ခြင်းမပြုဘဲ အခွင့်ကောင်းကို စောင့်နေလိုက်သည်။

ထိုအခိုက် ကျန်းကျုံးရှန့်က မျက်တောင်တစ်ချက်ခတ်လိုက်သည်။

အခွင့်အရေးကိုစောင့်နေသော ချူးဝေယွမ်သည် လက်လွှတ်မခံဘဲ ကျန်းကျုံးရှန့်အား လျှပ်တစ်ပြက်ဓားဖြင့် ထိုးသွင်းလိုက်၏။

ကျန်းကျုံးရှန့်က ပြုံး၍ ဓားဖြင့်ခံပေးလိုက်သည်။

'ချွမ်း'

ဓားချင်းပူးကပ်သွားသည်နှင့် ပူပြင်းသောခံစားမှုတစ်ခုသည် ဓားကိုင်လက်မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ လျှင်မြန်စွာစီးဆင်းဝင်ရောက်လာရာ ချူးဝေယွမ်သည် ထိတ်ခနဲဖြစ်သွားပြီး ကမန်းကတန်းပင် ဓားကိုပြန်လည်ရုပ်သိမ်းရန် ဟန်ပြင်လိုက်သည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်ကျန်းကျုံးရှန်ကလက်ကောက်ဝတ်ကို တစ်ချက်လှည့်လိုက်ရာ ...

'ဝှစ်'

'ဒုတ်'

www.burmeseclassic.com

www.burmeseclassic.com



"အား"

ရုတ်တရက်ဆိုသလိုပင် မီးလျှံစား၏အဖျားပိုင်းရှိ လခြမ်းသည် ချူးဝေယွမ်၏လက်ကောက်ဝတ်အား တိတိရိရိဖြတ်ချသွားသည်။

ချူးဝေယွမ်၏လက်သည် သွေးများရဲရဲနီလျက် မြေပြင်ပေါ်သို့ ပြုတ်ကျသွား၏။

ချူးဝေယွမ်သည် ပြတ်ကျသွားသောလက်ကို ငုံ့ကြည့်ပြီး ခေါင်းပြန်မော့လိုက်သည်။

"သတ်လိုက် သတ်လိုက် ... ကျုပ်ကိုသတ်လိုက်"

ကျန်းကျုံးရှန့်က ခေါင်းခါယမ်းလိုက်ပြီး ...

"ခင်ဗျားကို ကျုပ် မသတ်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

ကျန်းကျုံးရှန့်က လက်နှစ်ချောင်း ထောင်ပြလိုက်သည်။

"အကြောင်းနှစ်ချက်ကြောင့်ပါ"

"ဘယ်လိုအကြောင်းလဲ"

"နံပါတ်တစ် ကျုပ်ရဲ့ဘဝမှာ ခင်ဗျားလို သစ္စာတရားကြီးမားတဲ့ လူကို မတွေ့ဖူးဘူး၊ ဒါကြောင့် လေးစားမိတယ်၊ နံပါတ်နှစ် ခင်ဗျားဟာ ကျုပ်ဘဝတစ်သက်တာလက်တွဲဖော်အဖြစ် ရည်မှန်း



မျှော်လင့်ချက်ထားမိတဲ့ မိန်းကလေးရဲ့အဖေ ဖြစ်နေလို့"

စကားဆုံးသည်နှင့် ကျန်းကျုံးရှန့်သည် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

## သွေးရိုင်းတစ်စက်

ဤနေရာသည် ထင်းရှူးတောင်ကုန်းပေါ်ရှိ အဆောက်အအုံ၏ ကြီးမားကျယ်ပြန့်သော ဧည့်ခန်းမဆောင်ကြီးဖြစ်သည်။

သို့သော် အိမ်ထောင်ပရိဘောဂများ မရှိချေ။ ခန်းမကြီး၏ အလယ်ဗဟိုတည့်တည့်တွင် နံရံကိုမှီ၍ စင်မြင့်တစ်ခုတည်ဆောက်ထားသည်။

စင်မြင့်ပေါ်တွင် မဟော်ဂနီရောင်တောက်ပနေသော ကုလားထိုင်ခုံရှည်တစ်လုံးရှိနေသည်။

ထို့ပြင် ကုလားထိုင်ရှေ့၌ ခုံပုကလေးနှစ်လုံးရှိနေ၏။

ခန်းမဆောင်တည်ဆောက်ထားပုံကို မြင်ရရုံဖြင့်ပင် မင်းသားလေးကောင်းကန်းသည် ခန်းမကြီးထဲရောက်ရှိလာသူမှန်သမျှ သူ့အား ရိုသေကျိုးနွံရန် စီမံထားကြောင်း သိသာလှပေသည်။



ယခု မင်းသားလေးကောင်းကန်းသည် ကုလားထိုင်မြင့်တွင် ထိုင်နေ၏။ သူ၏ခန္ဓာကိုယ်ပေါ်တွင် ဆွတ်ဆွတ်ဖြူသော ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသည်။

ချောမွတ်ခန့်ညားလှသော မျက်နှာပေါ်တွင် ဖြူဖွေးညီညာသော သွားကလေးများပေါ်အောင် ပြုံးနေသောကြောင့် အလွန်နှစ်လိုဖွယ်ရာ ကောင်းလှသော ဟန်မူရာဖြစ်နေသည်။

သို့သော် သူ့ရှေ့တွင်ထိုင်နေသော အဘိုးအိုနှစ်ယောက်အနက် အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်၏မျက်နှာမှာမူ ဖြူဖပ်ဖြူရော်ဖြစ်နေပေသည်။

သူသည် နှစ်လိုဖွယ်ရာကောင်းသော မင်းသားလေးကောင်းကန်း၏ အပြုံးကိုကြည့်ကာ ကြောက်ရွံ့ထိတ်လန့်နေခြင်းဖြစ်သည်။

"မင်းသားလေးကောင်း ... ကျုပ် ကျုပ်ကို ခေါ် ခေါ်နိုင်းတဲ့ ကိစ္စ"

မင်းသားလေးကောင်းကန်းက သူ့အားပြုံး၍ အေးတိအေးစက်မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

အနီရောင်ဝတ်စုံနှင့် အဘိုးအို၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ အဖော်ဖြစ်သူ အဘိုးအိုအား စစ်ကူ

www.burmeseclassic.com

www.burmeseclassic.com



တောင်းဟန်ဖြင့် ကြည့်လိုက်၏။

အဖော်ဖြစ်သူအဘိုးအိုက သူ့အား မသိမသာ မျက်ရိပ်ပြလိုက်သည်။ ထိုအခါမှ အနီရောင်ပတ်စုံနှင့် အဘိုးအို နေသာထိုင်သာ ရှိသွားလေသည်။

မင်းသားလေးကောင်းကန်းအနေဖြင့် သိုင်းပညာအဆင့်မြင့်ပြီး ကြောက်မက်ဖွယ်ရာရေခဲဓားကို ကိုင်ဆောင်ထားသည့်တိုင် မိမိတို့နှစ်ယောက်ပူးပေါင်းတိုက်ခိုက်ပါက အနိုင်မရသည့်တိုင်အောင် ရှုံးနိမ့်ခြင်းမရှိနိုင်ဟု ယုံကြည်မိ၏။

ထို့ပြင် မင်းသားလေးကောင်းကန်းကိုပင် စန့်ကွမ်းချုံးမေအား သတ်ဖြတ်မှုဖြင့် သက်ဆိုင်ရာအာဏာသားများထံ တိုင်ကြားကာ ကြိုးမိန့်ပေးစေနိုင်သေး၏။

သူသည် ယင်းသို့စဉ်းစားသည့်အခါ မျက်နှာတစ်ခုလုံး ပို၍တည်ငြိမ်အေးစက်လာ၏။

ယင်းအခိုက်မှာပင် မင်းသားလေးကောင်းကန်းသည် ဟက်ခနဲ ရယ်လိုက်ပြီး ...

"ထန်အဘိုး ... ခင်ဗျားမျက်နှာအမူအရာ ရုတ်တရက် ပြောင်းလဲသွားပါလား၊ ကြည့်ရတာ ကျုပ်ကို ခင်ဗျားတို့နှစ်ယောက် ဝိုင်းဟိုက်ပြီး ဒုက္ခပေးတော့မယ် ထင်တယ်"



ထိုစကားကြောင့် ထန်ဖုံးရီ ဆတ်ခနဲ တုန်ခါသွားသည်။

မင်းသားလေးကောင်းမှာ လွန်စွာ အကင်းပါးပြီး တစ်ဖက်သား၏ရင်ထဲထိ ထိုးဖောက်မြင်နိုင်စွမ်းရှိသော လူတစ်ယောက်ဖြစ်ကြောင်း နားလည်လိုက်၏။

ထန်ဖုံးရီသည် ထိတ်ထိတ်ပျာပျာဖြစ်ကာ ...

"မင်း မင်းသားလေးကောင်း ... ကျုပ်တို့ဟာ လှုပ်ရှားမှုစတင်ကတည်းက ခုချိန်ထိလက်တွဲလာတဲ့ သစ္စာခံတွေပါ၊ ကျေးဇူးပြုပြီး ဒီလိုသံသယမျိုး မဝင်စေချင်ပါဘူးဗျာ"

မင်းသားလေးကောင်းကန်းက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဘယ်လို သံသယ ဟုတ်လား"

ထန်ဖုံးရီ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

မင်းသားလေးကောင်းကန်းသည် အတန်ကြာအောင် ရယ်မောပြီးမှ ထန်ဖုံးရီကို စိုက်ကြည့်ပြီး ...

"ထန်ဖုံးရီ ... ခင်ဗျား ဒီနေ့ ဘာလုပ်ခဲ့သလဲ"

"ကျုပ် ကျုပ် ဒီနေ့တစ်နေ့လုံး ပျော်စံရာဂေဟာမှာ ရှိနေပါတယ်"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။ ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြုတ်သည့် ဟန်မူရာက မျက်ဝန်း၌ ထင်ဟပ်နေ၏။ သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး။

"ဟုတ်ပြီ ... နောက်ကော ဘယ်သူရောက်လာသလဲ"

ထန်ဖုံးရီက ထိတ်လန့်စွာဖြင့် မင်းသားလေးကောင်းကန်းအား ကြည့်လိုက်သည်။ သူ့၏နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာလေသည်။

"ဘယ် ဘယ်သူမှ မလာပါဘူး"

မင်းသားလေးကောင်းကန်းက နှုတ်ခမ်းမဲ့လိုက်သည်။

"ကျန်းကျုံးရှန့် ရောက်လာတယ် မဟုတ်လား"

ထန်ဖုံးရီ၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားတော့၏။

"ဟုတ် ဟုတ်ပါတယ် ... ဒါပေမဲ့ သူလာတာ ခဏပဲကြာပါတယ်"

"ဒါပေမဲ့ စန့်ကွမ်းချုံးမေကို ကျုပ် သတ်တယ်ဆိုတာ ပြောပြဖို့ အချိန်လုံလောက်တယ် မဟုတ်လား"

ထန်ဖုံးရီ၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။

"ထန်ဖုံးရီ ထန်ဖုံးရီ ... ခင်ဗျားက ကျန်းကျုံးရှန့်ဆီက လျှို့ ငွေတစ်သိန်းကို ရယူခဲ့တယ်၊ နောက်ပြီး ကျန်းကျုံးရှန့်က ကျုပ်ကို



သတ်ပစ်နိုင်လိမ့်မယ်၊ တကယ်လို့ မသတ်နိုင်ရင်တောင် ကြိုးစင်ပို့ပေးလိမ့်မယ်လို့ ယုံကြည်နေတယ်"

သူက စကားဆက်လိုက်သည်။

"အဲဒီလိုဖြစ်လာရင် ပျော်စံဂေဟာနဲ့ ထင်းရှူးတောင်ကုန်းမှာရှိတဲ့ စည်းစိမ်တချို့ဟာ ခင်ဗျားလက်ထဲရောက်လာလိမ့်မယ်လို့ မျှော်လင့်ပြီး ခင်ဗျား အခုလို သစ္စာဖောက်ခဲ့တာ မဟုတ်လား"

ထန်ဖုံးရီ၏မျက်နှာပေါ်တွင် အံ့ဩထိတ်လန့်သော ဟန်မူရာများ အထင်သားပေါ်လွင်လာ၏။

မင်းသားလေးကောင်းကန်းက ပြုံး၍ စကားဆက်လိုက်သည်။

"ဘာလဲ ... ခင်ဗျား အံ့ဩနေသလား၊ ခင်ဗျား နားလည်ထားဖို့က ကျုပ်ဆီကို မိန်းမထိန်းက တစ်နာရီအတွင်း စာပို့ခိုနဲ့ သတင်း ပို့နိုင်တယ်လေ"

ထန်ဖုံးရီ၏ခန္ဓာကိုယ်သည် ရေခဲတိုက်ထဲသို့ ကျရောက်သွားသည့်အလား အေးစက်တောင့်တင်းသွားလေသည်။ ကမန်းကတန်း ဒူးထောက်လိုက်ပြီး

"ကျုပ် ကျုပ်မှားပါတယ် ခွင့်လွှတ်ပါ"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ ခင်ဗျား ထိုင်ခုံမှာ ပြန်ထိုင်ပါ"

ထန်ဖုံးရီသည် အလွန်အမင်း အံ့ဩသွား၏။ ရုတ်တရက် ကုလားထိုင်ပေါ်တွင် ပြန်လည်ထိုင်ချကာ ကမန်းကတန်း လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်၊ အခုလို ခွင့်လွှတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားမှားနေပြီ။ ကျုပ်က ကိစ္စမရှိပါဘူးလို့ပဲ ပြောခဲ့တာ ခွင့်လွှတ်တယ်လို့ မပြောခဲ့ဘူး"

ထန်ဖုံးရီမျက်နှာ ကွက်ခနဲပျက်သွားသည်။

"ဒါ ဒါဖြင့်"

မင်းသားလေးကောင်းကန်း၏မျက်ဝန်းအစုံတွင် ရက်စက်ကြမ်းကြုတ်သော ဟန်မူရာများ ရုတ်တရက် ပေါ်ထွက်လာလေသည်။

"ခင်ဗျားအတွက် သက်တောင့်သက်သာသေဆုံးနိုင်မယ့် အခြေအနေကို ကျုပ် စဉ်းစားပေးနေတာပါ။ အခုတော့ ကျုပ် စဉ်းစားလို့ရသွားပါပြီ"



ထန်ဖုံးရီ ထိတ်လန့်တုန်လှုပ်သွားကာ ...

"မင်း မင်း"

ယင်းတဒင်္ဂလေးမှာပင် မင်းသားလေးကောင်းကန်းသည် ကုလားထိုင်လက်တန်းထိပ်ရှိ နဂါးခေါင်းကိုရုတ်တရက် ဆွဲလှည့်လိုက်၏။

'ဝုန်း'

ရုတ်ခြည်းဆိုသလိုပင် ထန်ဖုံးရီထိုင်နေသော ကုလားထိုင်သည် ကြမ်းပြင်အောက်သို့ ကျွံကျနိမ့်ဆင်းသွားလေတော့၏။

"အား"

ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းသော ထန်ဖုံးရီ၏ အော်ဟစ်သံက ကျယ်လောင်စွာထွက်ပေါ်လာပြီး နိမ့်ဆင်းသွားသည့် ကုလားထိုင်သည်လည်း ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်း ပြန်လည် မြင့်တက်လာလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



လုံရှောင်မင်သည် ထိတ်လန့်တုန်လှုပ်သော မျက်လုံးအစုံဖြင့် ကုလားထိုင်ခုံအား စိုက်ကြည့်နေ၏။

ယခုအချိန်တွင် ကုလားထိုင်ခုံသည် ဣန္ဒြေကြီးစွာဖြင့် တည်ရှိနေလေသည်။

အကယ်၍သာ လုံရှောင်မင်သည် စောစောပိုင်းဆီက ဤကုလားထိုင်ခုံပေါ်၌ ထိုင်နေသည့် ထန်ဖုံးရီအား မရဏာခရီးသို့ရောက်ရှိသွားစေခြင်းကို မမြင်တွေ့ခဲ့ရလျှင် သူ့အနေဖြင့် ဤကုလားထိုင်ကို ဂရုစိုက်မိလိမ့်မည် မဟုတ်ချေ။

သူသည် ရုတ်တရက် ဆတ်ခနဲထရပ်ကာ မင်းသားလေးကောင်းအား မျက်နှာချိုသွေးလိုက်သည်။

“မင်း မင်းသားလေးကောင်း ... ထန် ထန်ဖုံးရီဟာ တကယ်သစ္စာမဲ့တဲ့လူပဲ၊ သူ သေသင့်ပါတယ်”

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်ရင်း လုံရှောင်မင်အား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။



“ဟုတ်တယ် ... ဒါနဲ့ ခင်ဗျားကော”

လုံရှောင်မင် မျက်လုံးပြူးသွားသည်။

မင်းသားလေးကောင်းကန်းက အေးစက်စက်ပြုံးလိုက်ပြီး

“ခင်ဗျားလည်း စောစောက သူ့ကိုအကူအညီပေးမယ်လို့ မျက်ရိပ်ပြလိုက်တယ် မဟုတ်လား”

လုံရှောင်မင်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားတော့၏။ အခြေအနေမဟန်မှန်း သဘောပေါက်လိုက်သဖြင့် ကျောတွင်လွယ်ထားသောဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ...

“ယား”

မာန်သွင်းအော်ဟစ်ပြီး မင်းသားလေးကောင်းကန်းထံသို့ ခုန်ဝင်ထိုးသွင်းလိုက်သည်။ သူ၏ဓားဦးသည် မင်းသားလေးကောင်းကန်း၏ လည်တိုင်နှင့် တစ်လမခန့်အကွာသို့ ရောက်ရှိလာ၏။

ထိုအခါမှ မင်းသားလေးကောင်းကန်းက လုံရှောင်မင်၏ဓားကိုလက်ညှိုးဖြင့်တောက်လိုက်သည်။

‘ဖြောက်’

ဓားသည် ထက်ပိုင်းကျိုးသွားလေ၏။

လုံရှောင်မင် ထိတ်ခနဲဖြစ်ကာ နောက်သို့ ကမန်းကတန်းပြန်လည်ခုန်ဆုတ်ရန် ကြိုးစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ကျသွားလေပြီ။

မင်းသားလေး၏ ဘယ်ဘက်လက်ဝါးက သူ၏ရင်ဝအား အရှန်ပြင်းစွာ ရိုက်ချလိုက်ပြီးဖြစ်နေသည်။

'ဝုန်း'

လုံရှောင်မင်း၏ခန္ဓာကိုယ်သည် ကြိုးပြတ်သွားသည့် စွန်ပမာ အဝေးသို့ လွင့်စဉ်ကျသွားလေသည်။

'ဝေါ့'

ရုတ်တရက် သွေးခဲများအန်ထွက်လာကာ လုံးဝငြိမ်သက်သွားလေတော့သည်။

ထိုစဉ်မှာပင် ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယောက်သည် ခန်းမကြီးအတွင်းသို့ ဝင်ရောက်လာ၏။

သူသည် လဲကျသေဆုံးနေသော လုံရှောင်မင်းအား တစ်ချက်ငုံ့ကြည့်ပြီးနောက် မင်းသားလေးကောင်းကန်းအား မော့ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ဓားပါးလေးနှစ်လက်ပမာ မင်းသားလေးကောင်းကန်းအား စူးရှစွာစိုက်ကြည့်လိုက်၏။

မင်းသားလေးကောင်းကန်းသည် ထိုအဘိုးအိုအား တွေ့မြင်လိုက်သည်နှင့် မျက်နှာကွက်ခနဲပျက်သွားလေ၏။



ကုလားထိုင်ပေါ်မှ ကမန်းကတန်းဆင်းကာ ဒူးထောက်ဂါရဝပြုလိုက်လေသည်။

"ဘိုးဘိုးဆရာကို ဂါရဝပြုပါတယ်"

✲

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် မင်းသားလေးကောင်းကန်းအား စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။ မင်းသားလေးကောင်းကန်းက ခေါင်းငုံ့ထား၏။

ဝန်းကျင်တစ်ခုလုံး အသံဗလံမရှိ။ လှုပ်ရှားမှုကင်းမဲ့ကာ အပ်ကျသံပင် ကြားရလောက်၏။ အဘိုးအို၏အသံက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သည်။

"ကောင်းကန်း ... မင်းကို ကျုပ်သင်ပေးတဲ့ပညာတွေဟာ ဒီလိုရက်စက်ရိုင်းစိုင်းတဲ့ လူသတ်သမားဘဝကို ခံယူဖို့ဖြစ်နေသလား"

သူ၏မျက်နှာတွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်နေ၏။

မင်းသားလေးကောင်းကန်းက ခေါင်းငုံ့ထားဆဲပင်။

"ကျုပ်မေးနေတာကို ဖြေလေ"

မင်းသားလေးကောင်းကန်းက ဖြည်းညင်းစွာ မော့ကြည့်လိုက်သည်။



"ကျွန် ကျွန်တော်က"

သူ၏စကားမဆုံးမီ အဘိုးအိုက အော်ငေါက်လိုက်၏။

"တော် ... မင်း ဘာမှပြောမနေနဲ့ မင်းကို ချူးဝေယွမ် ကျုပ်ဆီခေါ်လာတုန်းက မင်းဟာ အင်မတန်ဖြူစင်တဲ့ ကလေးငယ် တစ်ယောက်ပါ။ မင်းဆယ်နှစ်သားကစပြီး ခုနစ်နှစ်လုံးလုံး ကျုပ်ရဲ့ သွန်သင်ဆုံးမမှုအောက်မှာ ကြီးပြင်းလာခဲ့ရတာ၊ ဒါကြောင့် ကျုပ်က မင်းကို သားအရင်းလိုချစ်ခင်ခဲ့ရတာယ်"

သူသည် ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး ...

"ကျုပ်ရဲ့ရည်ရွယ်ချက်က မင်းကိုတိုင်းပြည်အကျိုး သယ်ပိုးတဲ့ အဖြူရောင်သိုင်းလောကသား ဖြစ်စေချင်တယ်၊ မင်းက မိန်းကလေးတစ်ယောက်အတွက်နဲ့ ရိုင်းစိုင်းရက်စက်တဲ့ လူသတ်သမားဖြစ်နေပြီ၊ မင်းဆရာဖြစ်တဲ့ ကျုပ်ရင်ထဲမှာ ဘယ်လိုခံစားရမလဲ မင်း စဉ်းစားကြည့်စမ်း"

မင်းသားလေးကောင်းကန်းမှာ ကြက်ကြီးလည်လိမ်ထားသလို ခေါင်းငိုက်စိုက်ကျနေ၏။

"မင်းသားလေးကောင်း ... တကယ်ဆိုရင် မင်းဟာ မင်းရဲ့ သိုင်းပညာနဲ့ သိုင်းလောကမှာ သစ္စာရှိရှိ ရပ်တည်ရမှာ၊ ဘယ်လိုဖြစ်ပြီး အခုလိုဖြစ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုမှာ ရင်ထုမနာဖြစ်နေပုံရ၏။ မင်းသားလေးကောင်းကန်းသက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်တော်မှားပါတယ်ဆရာ၊ အမှန်တော့ ကျွန်တော်က မိန်းကလေးတစ်ယောက်အတွက် အခုလိုဖြစ်ရတာ မဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့ သိုင်းပညာအဆင့်ကိုစမ်းသပ်ချင်လို့ ကျန်းကျုံးရှန့်ကို ပြိုင်ဘက်အဖြစ် ရွေးချယ်မိခဲ့တာပါ၊ ရေခဲဓားကိုင်ဆောင်ထားတဲ့ ကျွန်တော့်အနေနဲ့ မီးလျှံဓားကို ကိုင်ဆောင်ထားတဲ့လူကိုပဲ ပြိုင်ဘက်အဖြစ်ရွေးသင့်တယ်လို့ ထင်တယ်လေ"

"သြော် ... ဒါဆိုရင် စန့်ကွမ်းချုံးမေကို သတ်ပစ်ခဲ့တာက ကော သိုင်းပညာ စမ်းသပ်ချင်လို့လား"

ထိုစကားကြောင့် မင်းသားလေးကောင်းကန်း၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

မိမိ၏လှုပ်ရှားမှုတိုင်းကို သိရှိနေသော ဘိုးဘိုးဆရာအား အံ့သြ၍ မဆုံးနိုင်အောင်ဖြစ်မိလေ၏။

အဘိုးအိုက သူ့အားတစ်ချက်ကြည့်၍ နှုတ်ခမ်းမဲ့လိုက်သည်။

"ဘာ ... ကျုပ်က မင်းရဲ့လှုပ်ရှားမှုတိုင်းကိုသိနေလို့ မင်း အံ့ သြနေတယ် မဟုတ်လား"



အဘိုးအိုက မဲ့ပြုံးပြုံးလိုက်ပြီး ...

"အံ့သြမနေပါနဲ့၊ တကယ်တော့ ဒါတွေအားလုံးကို ထန်ဖုံးရီက ကျုပ်ဆီလူတစ်ယောက်နဲ့ကြိုပြီး စာရေးပေးခဲ့လို့ သိခဲ့ရတာပါ"

မင်းသားလေးကောင်းကန်း ခေါင်းငိုက်စိုက်ကျသွားလေသည်။ အဘိုးအိုက စိတ်မချမ်းမသာဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

"ကောင်းကန်း ... မင်းဟာ ကောင်းကျက်မိန့်ရဲ့ နောက်ဆုံးမျိုးဆက်သွေးတစ်စက်ပါ၊ မင်းအဖေလို ဆန္ဒကိုမထိန်းချုပ်နိုင်တဲ့ အရိုင်းအစိုင်းတစ်ယောက်အဖြစ် အဆုံးရှုံးမခံနိုင်လို့ လိုက်လာခဲ့တာပါ၊ ဒါကြောင့် မင်းက ကျုပ်စကားကို နားထောင်စေချင်တယ်"

ကောင်းကန်းသည် မလှုပ်မယှက် ထိုင်နေရာမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ပြောပါ ဘိုးဘိုးဆရာ"

အဘိုးအိုက သူ့အားစေ့စေ့ကြည့်လိုက်ပြီး ...

"မင်းဟာ သွေးဆာနေတဲ့ လူသတ်သမားတစ်ယောက်လိုပဲ၊ လူသတ်ရတာကို ပုရွက်ဆိတ်သတ်သလို သဘောထားနေပြီ။ ဒီတော့ မင်းရဲ့စိတ်ကလေးကို ထိန်းချုပ်နိုင်အောင် ရေခဲဓားကို ကျုပ်လက်အပ်ပါ။ ရေခဲဓားကို ကျုပ်သိမ်းထားမယ်"

ကောင်းကန်းက ဆတ်ခနဲမော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... ရေခဲဓားကို အပ်ရမယ် ... ဟုတ်လား"

"ဟုတ်တယ်၊ ဒီရေခဲဓားရှိနေတာ ကျားကိုအတောင်ပံ တပ်ပေးသလို မင်းကိုသွေးကြွစေတယ်၊ ဒါကြောင့် ရေခဲဓားကို ကျုပ်ခဏသိမ်းထားမယ်၊ တစ်နေ့ မင်းရင့်ကျက်နားလည်လာတဲ့အချိန်ကျရင် ဒီရေခဲဓား မင်းလက်ထဲ ပြန်အပ်ပါ့မယ်"

မင်းသားလေးကောင်းကန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"ကောင်းကန်း ... မင်းက ကျန်းကျုံးရှန့်ရဲ့ မီးလျှံဓားကို ရေခဲဓားနဲ့ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ထားတယ် မဟုတ်လား"

မင်းသားလေးကောင်းကန်းက မချိပြုံး ပြုံးလိုက်၏။

"ဟုတ်ပါတယ်၊ မီးလျှံဓားဟာ ရေခဲဓားနဲ့သာရင်ဆိုင်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်၊ နောက်ပြီး ကျွန်တော့်အဖေဟာ သူ့အဖေလက်ချက်နဲ့ သေဆုံးခဲ့ရတာကြောင့်"

သူ၏စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်ပြောလိုက်သည်။

"မင်း မှားနေပြီ ... မင်းအဖေက သူ့အဖေကျန်းကျုံးရှီရဲ့ လက်ချက်ကြောင့် သေရတာ မဟုတ်ဘူး"

"ဒါဖြင့်"



"သူ့ရဲ့ ရိုင်းစိုင်းတဲ့စိတ်၊ သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်တဲ့စိတ်၊ အောင်မြင်မှုအားလုံးကို ပိုင်ဆိုင်ချင်တဲ့စိတ် အဲဒီစိတ်ဆန္ဒတွေကြောင့် သေရတာပါ"

မင်းသားလေးကောင်းကန်း တွေဝေသွားသည်။ အဘိုးအိုစကားဆက်လိုက်၏။

"ဒါကြောင့် ရန်ငြိုးဆိုတာကို နိဂုံးချုပ်လိုက်ပါတော့၊ တစ်ခုတော့ ကြိုပြောလိုက်မယ် ... ရန်ငြိုးကို နိဂုံးမချုပ်ဘဲ မင်းစိတ်ဆန္ဒအတိုင်းဆက်လုပ်မယ်ဆိုရင်တော့ ကျန်းကျုံးရှန့်နဲ့ ရင်မဆိုင်ခင် ကျုပ်နဲ့ အရင်ဆုံး ရင်ဆိုင်ရလိမ့်မယ်"

မင်းသားလေးကောင်းကန်း၏မျက်လုံးများ ပြူးကျယ်သွားလေသည်။ သူသည် အဘိုးအိုအား မလှုပ်မယှက်ဖြင့် စိုက်ကြည့်နေ၏။

သူ၏မျက်လုံးအစုံတွင် ထူးဆန်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဘိုးဘိုးဆရာ ... ကျွန်တော်ဟာ ဘိုးဘိုးဆရာရဲ့ သွန်သင်ဆုံးမမှုအောက်မှာ မိဘမဲ့ကလေးတစ်ယောက်ဘဝနဲ့ ကြီးပြင်းခဲ့ရတာပါ၊ အသက်ဆယ့်ခုနစ်နှစ်ကျမှ ဘိုးဘိုးက ကျွန်တော့်မိဘပိုင်ဆိုင်တဲ့ ဒီထင်းရှူးတောင်ကုန်းနဲ့ ရတနာရွှေငွေတွေကိုလွှဲပေးပြီး ဘိုးဘိုးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲက ထွက်စေခဲ့တာကို မေ့လို့မရပါဘူး"

သက်ပြင်းတစ်ချက်ချ၍ စကားဆက်လိုက်သည်။

"အင်း ... ခက်တာက ကျွန်တော် ကျန်းကျိုးရှုန့်ကို မတိုက်ခိုက်ရင် ကျန်းကျိုးရှုန့်ရဲ့တိုက်ခိုက်မှုကြောင့် ကျွန်တော် သေရလိမ့်မယ်၊ ဒါကြောင့် ..."

သူ၏စကားမဆုံးမီ အဘိုးအိုက လက်ကာ၍ကြားဖြတ်ပြောလိုက်သည်။

"ဒီအတွက် ကျုပ်တာဝန်ယူပါတယ်၊ အရေးကြီးတာက မင်းတို့နှစ်ယောက်ဆက်ပြီး ရန်ပြိုးမပွားကြစေဖို့ပဲ၊ အဲ ... အဓိကကျတဲ့ အချက်တစ်ခုရှိသေးတယ်"

"အမိန့်ရှိပါ ဘိုးဘိုး"

"ချူးအော့လျှံကို မင်းက လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးရလိမ့်မယ်"

မင်းသားလေးကောင်းကန်းရင်ထဲ၌ ထိတ်ခနဲဖြစ်သွားလေ၏။ သို့သော် ချက်ချင်းဣန္ဒြေဆည်ကာ လျှို့ဝှက်သောအပြုံးနှင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကောင်းပါပြီခင်ဗျာ"

အဘိုးအို၏မျက်နှာမှာ ပျော့ပျောင်းသော ဟန်အမူအရာ



များပေါ်လွင်လာလေသည်။ သက်ပြင်းတစ်ချက်ချရင်း မင်းသားလေးကောင်းကန်း၏ ဆံကေသာကို ပွတ်သပ်လိုက်သည်။

"အင်း ... ကောင်းကန်း မင်းဟာ ငယ်ငယ်ကတည်းက နားလည်လွယ်တဲ့ ကလေးတစ်ယောက်ပါ၊ ဒါကြောင့်လည်း ဘိုးဘိုးက မင်း လမ်းမှားမရောက်အောင် ဒီအထိလိုက်လာပြီး ထိန်းသိမ်းထားရတာပါ"

မင်းသားလေးကောင်းကန်း၏မျက်နှာပေါ်တွင် ဖော်မပြနိုင်သော ခံစားမှုတစ်ခု ထင်ဟပ်လာသည်။ အဘိုးအိုက လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး

"ကဲ ... ရေခဲဓားကို ဘိုးဘိုးလက်ထဲ အပ်ပါ"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်ရင်းကုလားထိုင်အနီးတွင်ထောင်ထားသော ရေခဲဓားကိုတစ်ချက်လှမ်းကြည့်လိုက်သည်။

ယင်းနောက် ရေခဲဓားဆီ တစ်လှမ်းချင်းလျှောက်သွားကာ ဓားရိုးနှင့်ဓားပြားအား လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လှမ်းယူလိုက်သည်။

အဘိုးအိုက သူ့အား ကရုဏာသက်သော မျက်လုံးများဖြင့် ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မင်းသားလေးကောင်းကန်းသည် သူ့ရှေ့သို့ ပြန်လည်လျှောက်လာကာ ဒူးထောက်လိုက်သည်။

"ဘိုးဘိုးဆရာကို ရေခဲဓားအပ်နှံပါတယ်"

အဘိုးအိုက ရေခဲဓားကိုလှမ်းယူလိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် မင်းသားလေးကောင်းကန်းသည် ဓားကိုလက်ဖြင့် ညွတ်ကွေးလိုက်သည်။ ဓားမှာ ပါးလွှာသောဓားတစ်လက်ဖြစ်သဖြင့် ညွတ်ကွေးသွား၏။ အဘိုးအိုထံ ချိန်ရွယ်ပြီး ရုတ်တရက် လက်လွှတ်လိုက်သောအခါ ...

'ထန်း'

ဓားသည် အရှိန်ဖြင့်ကန်ထွက်သွားကာ အဘိုးအို၏ရင်ဝသို့ စိုက်ဝင်သွားလေတော့၏။

နီးကပ်စွာရှိနေသည့်အပြင် မျှော်လည်းမျှော်လင့်မထားမိခြင်းကြောင့် အဘိုးအိုမှာ ရှောင်တိမ်းချိန်ပင် မရလိုက်ချေ။

"အား"

မသဲမကွဲညည်းညူရင်း ဒူးများခွေညွတ်ကာ လဲပြိုကျသွားလေသည်။

မင်းသားလေးကောင်းကန်းက ဓားကိုပြန်လည်ဆွဲနုတ်လိုက်သည်။



နီရဲသောသွေးများသည် အဘိုးအို၏ရင်ဝမှ ပန်းထွက်လာလေသည်။

အဘိုးအိုက ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသည့်မျက်လုံးအစုံဖြင့် သူ့အား ပြူးကြည့်လိုက်သည်။

"ကောင်း ကောင်းကန်း ... မင်းဟာ ရိုင်းစိုင်းတဲ့ ကောင်းကျက်မိန့်ရဲ့ ကြွင်းကျန်ခဲ့တဲ့ သွေးရိုင်းတစ်စက်ပဲကိုး"

သူ၏အသံက တစ်စထက်တစ်စ တိုးဝင်သွားကာ နောက်ဆုံး ပျောက်ကွယ်သွားလေသည်။

ကောင်းကန်းသည် အဘိုးဆရာဖြစ်သူအား ငုံ့ကြည့်လိုက်သည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ ...

"အင်း ... ဘိုးဘိုးဆရာကိုသတ်ရတာ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့မျှော်လင့်ချက်ကို ဟန့်တားလာရင် အားလုံးသေရမယ်"

ပြောပြီး ကုလားထိုင်မြင့်ဆီသို့ ပြန်လည်လျှောက်သွားကာ ထိုင်ချလိုက်လေသည်။

ယင်းနောက် ရေခဲဓားကို ကုလားထိုင်ရှေ့ရှိ ကြမ်းပြင်တွင် စိုက်ထားလိုက်ပြီး ကုလားထိုင်၏ ညာဘက်လက်တန်းပေါ်ရှိ ခလုတ်ကိုနှိပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

ဘိုးဘိုးဆရာနှင့် လုံရှောင်မင်တို့ လဲကျသေဆုံးနေသော ကြမ်းပြင်မှာ ရုတ်တရက်နိမ့်ဆင်းသွားလေသည်။

သို့သော် တစ်ခဏအကြာတွင် တဖြည်းဖြည်း ပြန်လည်မြင့်တက်လာကာ ကြမ်းပြင်သည် မူလအတိုင်းပြန်ဖြစ်သွားလေတော့၏။

* * *



## အခန်း (၂၁)

## အမိုက်နီဂုံး

•

ညနေဆည်းဆာချိန်ဖြစ်သည်။ လေတစ်ချက်ဝှေ့ဝဲတိုက်ခတ်လာသည်။ လေနှင့်အတူ ထင်းရှူးနံ့များက သင်းပျံ့လွင့်မျောလာလေသည်။

တစ်နေ့တာအပူချိန်အတွက် လေပြည်နှင့်အတူ လွင့်မျောလာသော ထင်းရှူးနံ့များသည် စိတ်အပန်းဖြေစရာပင်။

သို့သော် ကျွန်းကျိုးရှန့်ရင်ထဲ၌မူ တင်းကျပ်နေမိလေသည်။ သူသည် ထင်းရှူးတောင်ကုန်းပေါ်သို့ ရောက်ရှိလာသည့်အချိန်မှစ၍ ယခုကဲ့သို့ ခံစားနေရခြင်းဖြစ်သည်။

သို့ရာတွင် သူသည် ခြေလှမ်းများလှမ်းတိုင်း တွံ့ဆိုင်းသွားခြင်းမရှိဘဲ ထင်းရှူးပင်များဖြင့် ခြံရံထားသော အဆောက်အအုံကြီးဆီသို့ တစ်လှမ်းချင်း လျှောက်လှမ်းလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံကမူ ထင်းရှူးပင်များကြားသို့ သတိကြီးစွာဖြင့် ဝေ့ဝဲကြည့်လာ၏။

အုံ့ဩဖွယ်ရာကောင်းသည်မှာ အဟန့်အတား မဆိုထားနှင့် အစောင့်အရှောက် တစ်စုံတစ်ယောက်ကိုပင် မမြင်တွေ့ရခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် မင်းသားလေးကောင်းကန်းသည် မည်သည့်အကြံအစည်များ ရှိနေပါသနည်း။

ကျန်းကျူးရှန့် မဲ့ပြုံးပြုံးလိုက်သည်။ မင်းသားလေးကောင်းကန်းရှိသောနေရာသည် ကျားရဲတွင်းပင်ဖြစ်စေကာမူ သူ့အနေဖြင့် ရောက်အောင်သွားမည်သာတည်း။

ခြေလှမ်းမှန်မှန်ဖြင့် တစ်လှမ်းချင်းလျှောက်လာခဲ့ရာ မကြာမီ အဆောက်အအုံ၏အဝင်တံခါးဝသို့ ရောက်ရှိလာလေသည်။

ယင်းအချိန်မှာပင် လူတစ်ယောက်၏ ရယ်မောသံကို ကြားလိုက်ရလေသည်။

"ဟား ဟား ဟား ... မင်းရောက်လာပြီကိုး"

ရယ်မောသံထွက်ပေါ်လာရာသို့ ကျန်းကျူးရှန့် လှမ်းကြည့်လိုက်သည်။

အလွန်ကျယ်ဝန်းသော ခန်းမကြီးအတွင်း နံရံနှင့်ကပ်လျက်



တွင် စင်မြင့်တစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုစင်မြင့်ပေါ်တွင် ကုလားထိုင်ရှည်တစ်လုံးရှိနေပြီး အပြုံးရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရွယ်မှာ မင်းသားလေးကောင်းကန်းဖြစ်မည်ဟု ကျန်းကျူးရှန့် သိရှိလိုက်သည်။ ယင်းကြောင့် စဉ်းစားခြင်းမပြုတော့ဘဲ ခန်းမထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်သွားလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျုံးရှန့်သည် ခန်းမအတိုင်း ခြေလှမ်းကျဲကျဲဖြင့် လျှောက်ဝင်လာ၏။

မင်းသားလေးကောင်းကန်းက သူ့အားစိုက်ကြည့်လိုက်သည်။ နှုတ်ခမ်းအစုံတွင် နှစ်လိုဖွယ်ကောင်းသော အပြုံးတစ်ခု တွဲခိုလျက်ရှိနေလေသည်။ သူ၏လက်များက ကုလားထိုင်လက်တန်းပေါ်ရှိ ခြင်္သေ့ခေါင်းတစ်ခုအား ရုတ်တရက်ဆွဲလှည့်လိုက်ရာ

'ဝုန်း ဝုန်း ဝုန်း'

ကျန်းကျုံးရှန့် လျှောက်လာသော လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ကြမ်းပြင်များသည် ရုတ်တရက်နိမ့်ဆင်းသွားကာ ကြီးမားသော အပေါက်ကြီး ဖြစ်ပေါ်လာလေသည်။

သို့သော် ကျန်းကျုံးရှန့် တုန်လှုပ်ခြင်းမရှိပါ။ ခြေလှမ်းမှန်မှန်ဖြင့် ဆက်လျှောက်လာလေသည်။

မကြာမီ မင်းသားလေးကောင်းကန်းထိုင်နေသော စင်မြင့်ရှေ့သို့ရောက်ရှိလာကာ ခြေလှမ်းရပ်တန့်လိုက်လေသည်။



မင်းသားလေးကောင်းကင်း၏မျက်လုံးအစုံတွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။ သူသည် ပြုံးလိုက်ပြီး

"ကျန်းကျုံးရှန့် ... မင်း ဒီနေရာကို ဝင်ရောက်လာတဲ့အချိန်က စပြီး ကျုပ် မင်းကိုသတ်ချင်ရင် လက်မှာ သွေးစွန်းစရာမလိုဘဲ သတ်ပစ်လိုက်လို့ရတယ်ဆိုတာ မင်းနားလည်ရဲ့လား"

ကျန်းကျုံးရှန့်က မထီမဲ့မြင်ပြုံးကာ ...

"ကျုပ် နားလည်ပါတယ်"

"ဒါဆို မင်း ဒီနေရာကိုလာတာဟာ အသက်တစ်ချောင်းကို အလဟဿအဆုံးရှုံးခံဖို့လာတာနဲ့ တူမနေဘူးလား"

ကျန်းကျုံးရှန့် ပခုံးတစ်ချက်တွန့်လိုက်သည်။

"သိုင်းလောကမှာ မင်းလောက် မာန်မာနကြီးတဲ့လူတစ်ယောက် သိက္ခာကျခံပြီး ကျုပ်ကို ဒီလိုနည်းနဲ့ ဘယ်တော့မှ အနိုင်မယူဘူးဆိုတာ ကျုပ် ယုံကြည်ထားပါတယ်"

မင်းသားလေးကောင်းကန်း၏ မျက်ခုံးမွေးများ နဖူးပေါ်သို့ ပင့်တက်သွား၏။

ကျန်းကျုံးရှန့်အား အတန်ကြာ စိုက်ကြည့်နေပြီးနောက် အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ...မင်းမှားနေပြီ၊ မင်းမလာခင်အချိန်က

www.burmeseclassic.com

www.burmeseclassic.com



လေးကတင်ပဲ ကျုပ်က ဒီကြမ်းပြင်အောက်မှာ လျှို့ဝှက်ငရဲမီးကန်ကို အသင့်လုပ်ထားပြီးပြီ"

"ဒါပေမဲ့ မင်းက ကျုပ်ကိုတော့ ဒီလိုမလုပ်ဘူး"

မင်းသားလေးကောင်းကန်းက သူ့အားမျက်မှောင်ကုတ် ၍ ကြည့်လိုက်သည်။

"သေချာလှချည်လား ... မင်း ဘာကြောင့် ဒီလောက် သေချာ ပြောနိုင်ရတာလဲ"

ကျန်းကျူးရှန့်က ပြုံးလိုက်သည်။ ပြီးနောက် အေးစက်တည်ငြိမ်သောလေသံဖြင့် ...

"ချူးအော့လျှံကြောင့်"

မင်းသားလေးကောင်းကန်း၏ ရင်ထဲ၌ ပြင်းပြင်းထန်ထန် လှုပ်ရှားသွားမိလေသည်။ ကျန်းကျူးရှန့်က သူ့အားစိုက်ကြည့်ကာ စကားဆက်လိုက်သည်။

"မင်းက ချူးအော့လျှံရှေ့မှာ ကျုပ်ကိုအနိုင်ယူပြချင်တယ်၊ မင်းရဲ့ဓားပညာ၊ မင်းရဲ့တရားမျှတတဲ့ယှဉ်ပြိုင်မှုကို ချူးအော့လျှံ သိစေချင်တယ်လေ"

မင်းသားလေးကောင်းကန်းသည် သူ့အားစူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း သက်ပြင်းမှူးမှူးချလိုက်၏။



"အင်း ... မင်းသာ ကျန်းကျူးရှန့်မဖြစ်ခဲ့ရင် ကျုပ်ရဲ့အရင်းနှီးဆုံးမိတ်ဆွေ ဖြစ်လာနိုင်တယ်"

ကျန်းကျူးရှန့်က စိတ်မသက်သာဟန်ဖြင့် အသာအယာ ခေါင်းခါယမ်းရင်း ...

"အင်း ... မင်းသားလေးကောင်း မင်းသားလေးကောင်း အမှန်တော့ မင်းဟာ လူတော်တစ်ယောက်ပါ။ ဘာဖြစ်လို့ လောဘစိတ်တွေ လွှမ်းမိုးနေရတာလဲ"

မင်းသားလေးကောင်းကန်းက မချိပြုံး ပြုံးလိုက်သည်။

"မင်းမှားနေပြီ၊ ကျုပ် အခု မင်းကိုရင်ဆိုင်ရတဲ့ရည်ရွယ်ချက်က မီးလျှံဓားကိုလိုချင်တဲ့ ရည်ရွယ်ချက်တစ်ခုတည်းကြောင့် မဟုတ်ဘူး"

"ကျုပ်နားလည်ပါတယ်၊ မင်းက ချူးအော့လျှံကို စွန့်လွှတ်ရမှာကိုလည်း မခံစားနိုင်ဘူး မဟုတ်လား"

မင်းသားလေးကောင်းကန်း၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဟုတ်ပါတယ်၊ သူဟာ ကျုပ်ရဲ့နှလုံးသားထဲက မျှော်လင့်ချက်တစ်ခုပါ၊ ကျုပ်နှလုံးသားထဲက သူရှောင်ပြေးသွားတာကို လက်ပိုက်ကြည့်နေဖို့တဲ့သတ္တိ ကျုပ်မှာ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း မင်း သူ့ဆီကမေတ္တာကိုရဖို့ ကြိုးစားသင့်တာပေါ့"

မင်းသားလေးကောင်းကန်းကပြုံး၍ ခေါင်းခါယမ်းလိုက်သည်။ သူ၏မျက်လုံးအစုံတွင် နာကြည်းကြေကွဲသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"မဖြစ်နိုင်ဘူး ... ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မင်းရှိနေသရွေ့ သူ့ဆီက မေတ္တာကိုရဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ ဒါဟာ ငါ့နှလုံးသားကို အမြဲကြေကွဲစေတဲ့ ဆုံးရှုံးမှုပဲ"

"ကျုပ်နားလည်ပါတယ်၊ ဒါကြောင့် ဒီနေ့ မင်းနဲ့ကျုပ်ရဲ့ တိုက်ပွဲဟာ ရှောင်လွှဲလို့မရတော့ဘူး"

"ဟုတ်တယ်"

စကားဆုံးသည်နှင့် မင်းသားလေးကောင်းကန်းသည် ကြမ်းပြင်ပေါ် စိုက်ထားသော ဓားကိုဆွဲနုတ်ကာ ဖြည်းညင်းစွာ ထရပ်လိုက်လေသည်။

ထို့နောက် လှေကားထစ်များအတိုင်း စင်မြင့်ပေါ်မှ တစ်ထစ်ချင်းဆင်းလာကာ ကျန်းကျိုးရှန့်နှင့် မျက်နှာချင်းဆိုင်ရပ်တန့်လိုက်လေတော့သည်။

*



အပြင်ဘက်တွင် အမှောင်ထုက ကြီးစိုးနေပြီဖြစ်၏။ ခန်းမအတွင်း၌မူ မီးရောင်များဖြင့် ထိန်ထိန်လင်းနေလေသည်။

ကျန်းကျိုးရှန့်နှင့် မင်းသားလေးကောင်းကန်းတို့သည် တစ်ယောက်မျက်နှာတစ်ယောက်စိုက်ကြည့်ကာ မလှုပ်မယှက် ရပ်တန့်နေကြလေသည်။

အတန်ကြာမှ မင်းသားလေးကောင်းကန်းက ပြုံးပြကာ ...

"ကျန်းကျိုးရှန့် ကျုပ် အဆင်သင့်ဖြစ်နေပြီ"

အမှန်တော့ ကျန်းကျိုးရှန့်အား စတင်တိုက်ခိုက်ရန် အခွင့်အရေးပေးလိုက်ခြင်းဖြစ်သည်။ သို့သော် ကျန်းကျိုးရှန့်က ထိုအခွင့်အရေးကို လက်မခံချေ။

"ကျုပ်လည်း အဆင်သင့်ဖြစ်နေပါပြီ"

ကျန်းကျိုးရှန့်သည် မိမိကဲ့သို့ပင် မာနကြီးသူဖြစ်ကြောင်း မင်းသားလေးကောင်းကန်း နားလည်သဘောပေါက်လိုက်သည်။

"ကောင်းပြီ ... ဒါဆို ကျုပ်တို့နှစ်ယောက် ပြိုင်တူလှုပ်ရှ

www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့"

ကျန်းကျိုးရှန့် သဘောတူလိုက်သည်။

"ကောင်းတယ် ... ဒီအစီအစဉ် ကောင်းတယ်"

စကားဆုံးသည်နှင့် ဓားကိုတစ်ချက်ဝှေ့ယမ်းလိုက်သည်။ အနီရောင် စက်ဝိုင်းတစ်ခုသည် ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းသွားလေသည်။

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။

"ကြိုက်တယ်၊ ကျုပ်ရဲ့ပြိုင်ဘက်ဟာ လောကပေါ်မှာ မင်းကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး"

✲



မင်းသားလေးကောင်းကန်းသည် လေထဲသို့ ခုန်တက်လိုက်သည်။

ကျန်းကျိုးရှန့်ကလည်း လေထဲသို့ ခုန်တက်ကာ ဓားဖြင့် ခုတ်ချလိုက်သည်။

'ခွမ်း'

ဓားနှစ်လက်သည် လေထဲတွင် ပြင်းထန်စွာရိုက်ခတ်မိသွား၏။

ယင်းအချိန်မှာပင် မင်းသားလေးကောင်းကန်းနှင့် ကျန်းကျိုးရှန့်တို့သည် မြေပြင်ပေါ်သို့ ပြန်လည်ခြေချမိလိုက်ကြပြီဖြစ်သည်။

ကျန်းကျိုးရှန့်၏ဓားသည် လက်ဝဲဘက်မှ လက်ယာဘက်သို့ ရုတ်တရက်ပြောင်းသွားကာ ခုတ်ချလိုက်သည်။

မင်းသားလေးကောင်းကန်းက ဓားကိုအပေါ်သို့ ပစ်တင်လိုက်ပြီး ကျန်းကျိုးရှန့်ထံသို့ ခုန်အုပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် အပေါ်သို့ပြန်လည်ကျလာသော ဓား ကိုဖမ်းကာ ကျန်းကျုံးရှန့်၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ကျန်းကျုံးရှန့်သည် အမှတ်မထင် တိုးဝင်လာသောဓားချက်ကြောင့် ရင်ထိတ်သွားကာ မီးလျှံဓားဖြင့် ခံပေးလိုက်၏။

'ထန်း'

ဓားနှစ်လက်ရိုက်မိသံက ခန်းမကြီးတစ်ခုလုံး ပဲ့တင်ထပ်သွားလေသည်။

ဤတစ်ကြိမ်တွင် ဓားနှစ်လက်သည် ပူးကပ်သွား၏။ ယင်းတဒင်္ဂလေးအချိန်မှာပင် မင်းသားလေးကောင်းကန်းက လက်ကောက်ဝတ်ကို တစ်ချက်လှည့်လိုက်လေသည်။

ရုတ်တရက် မီးလျှံဓားနှင့်ပူးကပ်နေသော ရေခဲဓားသည် မြွေတစ်ကောင်ပမာ တွန့်လိမ်သွားလေသည်။

ကျန်းကျုံးရှန့် အံ့သြသွား၏။ မိမိ၏ မီးလျှံဓားကို ပြန်လည်ဆွဲနုတ်ယူရန် ကြိုးစားလိုက်သည်။

ထိုအခါ မင်းသားလေးကောင်းကန်း၏ လက်ဝါးတစ်ဖက်သည် သံတူတစ်လက်ပမာ သူ၏ရင်ဝသို့ ရိုက်ချလာလေသည်။

ကျန်းကျုံးရှန့်မှာ ကမန်းကတန်းပင် နောက်သို့ခုန်ဆုတ်ရှောင်တိမ်းပေးလိုက်ရသည်။



သို့သော် မင်းသားလေးကောင်းကန်း၏လက်ဝါးက သူ၏ရင်ဝကို အဖျားဖတ်ကာ ထိမှန်သွား၏။

'ဝုန်း'

သူသည် ကြိုးပြတ်သွားသော စွန်ပမာ လွင့်စဉ်သွားသည်။ လက်ထဲမှကိုင်ထားသည့်မီးလျှံဓားသည် မင်းသားလေးကောင်းကန်း၏လက်ထဲတွင် ကျန်ရစ်ခဲ့လေသည်။

ကျန်းကျုံးရှန့်သည် နှုတ်ခမ်းထောင့်မှ ယိုစီးကျလာသောသွေးကိုလက်ခုံဖြင့်သုတ်ရင်း လူးလဲထလိုက်၏။

ထိတ်လန့်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ အံ့သြတွေဝေခြင်းစသော ခံစားမှုများက သူ့ရင်ထဲ၌ လှိုင်းတံပိုးနှယ်ရိုက်ခတ်နေသည်။

မင်းသားလေးကောင်းကန်း၏ဓားသည် မိမိထက်ပို၍ မမြန်စေကာမူ လျှို့ဝှက်ဆန်းကြယ်ပြီး ရက်စက်ကြမ်းကြုတ်လှ၏။

ယင်းကြောင့် မင်းသားလေးကောင်းကန်းအား ပြူးကျယ်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်မိလေသည်။

ထိုအချိန်တွင် စင်မြင့်နှင့်ကပ်နေသော နံရံမှ ပန်းချီကားချပ်သည် တဖြည်းဖြည်းရွေ့လျားသွားကာ လူတစ်ယောက်ဝင်နိုင်သော အပေါက်ပိုင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် ယင်းအပေါက်ထဲမှ အလွန်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ချောမောသော မိန်းကလေးတစ်ယောက်ပြေးထွက်လာလေ၏။

သူမ၏နောက်မှ လက်တစ်ဖက်ပြတ်နေသော လူကြီးတစ်ယောက်လည်း ပါရှိလာလေသည်။

၎င်းတို့အား တွေ့မြင်လိုက်သည်နှင့် ကျွန်းကျုံးရှန်၏ မျက်နှာပေါ်တွင် နာကြည်းကြေကွဲသည့် ဟန်မူရာများ ထင်ဟပ်လာသည်။

ဤသို့ဆိုလျှင် ထိုနှစ်ယောက်သည် မည်သူများဖြစ်ပါသနည်း။ ချူးအော့လျှံနှင့် ချူးဝေယွမ်တို့ ဖြစ်ကြလေသည်။

✲



ကျွန်းကျုံးရှန့်သည် ရင်ထဲ၌ မွန်းကျပ်ကာ ဦးခေါင်းများမူးဝေနေသဖြင့် ခြေလှမ်းများဒယီးဒယိုင်ဖြစ်နေသည်။

သူ့အခြေအနေကို မြင်တွေ့လိုက်ရသည့်အခါ ချူးအော့လျှံ စိုးရိမ်ထိတ်လန့်သွား၏။

"အစ်ကိုကျွန်း"

အော်ခေါ်ရင်း ပြေးသွားရန်ဟန်ပြင်လိုက်ရာ ချူးဝေယွမ်က လက်တစ်ဖက်ဖြင့် ကမန်းကတန်း လှမ်းဆွဲလိုက်သည်။

"သမီး"

ချူးအော့လျှံသည် ဖခင်ဖြစ်သူအား မော့ကြည့်လိုက်သည်။ သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ပြည့်လျှံနေလေသည်။

မင်းသားလေးကောင်းကန်းသည် ကျွန်းကျုံးရှန့်နှင့် ချူးအော့လျှံတို့အား တစ်လှည့်စီကြည့်ကာ ရင်ထဲ၌နာကျင်သော ဝေဒနာများ ခံစားလာရလေသည်။ သို့သော် မျက်နှာကမူ ပြုံးလျက်ရှိ၏။

"ကျွန်းကျုံးရှန့် မင်းနဲ့ကျုပ်ရဲ့ ယှဉ်ပြိုင်ပွဲဟာ မပြီးဆုံးသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်”

ကျန်းကျုံးရှန့်က သူ့အားစေ့စေ့ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

မင်းသားလေးကောင်းကန်းက လက်ထဲတွင်ရောက်ရှိနေသော ရေခဲဓားကို ကျန်းကျုံးရှန့်ထံ ပစ်ပေးလိုက်သည်။

“ကျုပ်က လက်နက်မရှိတဲ့လူကို အနိုင်မယူချင်ဘူး”

ကျန်းကျုံးရှန့်က ရေခဲဓားကို ဖမ်းယူလိုက်သည်။ သူ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သော ဟန်မူရာယှက်ထင်နေသည်။

မင်းသားလေးကောင်းကန်းက ပြုံးရင်း

“ကျန်းကျုံးရှန့် မင်း ကျုပ်ကိုအနိုင်တိုက်နော်၊ ဒီတစ်ကြိမ် ကျုပ်က အလျှော့ပေးတော့မှာ မဟုတ်ဘူး”

ကျန်းကျုံးရှန့်က မချိပြုံးပြုံးကာ

“စိတ်ချ ... ကျုပ် အတတ်နိုင်ဆုံးကြိုးစားမှာပ”

မင်းသားလေးကောင်းကန်းက အားပါးတရရယ်မောလိုက်သည်။

“ဟား ဟား ဟား ... ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဒါပေမဲ့ မင်းနဲ့ကျုပ်မတိုက်ခင် တစ်ခုတော့ ကြိုတင်ပြောထားမယ်”

“ပြောပါ”



“ဒီတစ်ကြိမ် မင်းရှုံးရင် ပေးဆပ်ရမယ့် အရင်းအနှီးက မင်းအသက်၊ ပြီးတော့ ချူးအော့လျှံ”

ကျန်းကျုံးရှန့်၏ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိ၏။

ယင်းအချိန်တွင် မင်းသားလေးကောင်းကန်းသည် ဓားကို ရင်ဝတွင် ကန့်လန့်ဖြတ်ကိုင်ထားပြီး မျက်လုံးအစုံသည် ဓားသွားပေါ် ရောက်ရှိနေ၏။

လူနှင့်ဓားမှာ နှစ်ကိုယ်တစ်စိတ်အဖြစ် အသင့်ပြင်ထားလေသည်။ ဓားမှ အေးစက်သော အငွေ့အသက်များသည် ဝန်းကျင်တစ်ခုလုံးရိုက်ခတ်ပျံ့လွင့်နေ၏။

ကျန်းကျုံးရှန့်၏ရင်ထဲ၌ လေးလံလာမိသည်။ သူသည် အလွန်ကြောက်စရာကောင်းသော ရန်သူနှင့်ရင်ဆိုင်နေရရုံမက ရင်ဝမှ စူးရှနာကျင်သော ဝေဒနာဟောင်း၏ ဒဏ်ချက်ကိုလည်း ခံစားနေရသည် မဟုတ်ပါလား။

ချူးအော့လျှံသည် လွန်စွာအကင်းပါးသော မိန်းကလေးဖြစ်၏။ ထို့ကြောင့် ကျန်းကျုံးရှန့်၏အခြေအနေကို ကောင်းစွာ အကဲခတ်လိုက်မိသည်။

ယခုအချိန်၌ သူမအနေဖြင့် ဘာလုပ်ရမည်ဆိုသည်ကို လည်း နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကျန်း"

ကျန်းကျုံးရှန့် လှည့်ကြည့်လိုက်သည်။

မင်းသားလေးကောင်းကန်းကလည်း လှည့်ကြည့်လိုက်လေသည်။

ချူးအော့လျှံသည် ကျန်းကျုံးရှန့်အား စူးစူးစိုက်စိုက်ကြည့်ရင်း မျက်ဝန်းအစုံ၌ မျက်ရည်များရစ်ဝဲလာ၏။

"ရှင်လုပ်သင့်တာကို စိတ်ချယုံကြည်စွာ လုပ်ပါ။ ကျွန်မအတွက်နောက်ဆံ မတင်းပါနဲ့၊ ရှင့်ကိုကျွန်မ ဝမ်းသာစရာတစ်ခုပြောလိုက်မယ်၊ အဲဒါကတော့ ကျွန်မမှာ ရှင်ရဲ့ကိုယ်ပွားဝိညာဉ်တစ်ခုကို ဝမ်းနဲ့လွယ်ထားပြီးပြီ။ ဒါကြောင့် ဒီကလေးကို ကျွန်မဘဝနဲ့ရင်းပြီးပြုစုမယ်၊ စောင့်ရှောက်မယ်၊ ဘယ်လိုလူကမှ ကျွန်မနဲ့ ကျွန်မရင်သွေးလေးဘဝထဲကို ပိုင်စိုးဝင်ရောက်မလာစေရဘူးဆိုတာ ကတိပေးပါမယ်"

ထိုစကားကြောင့် ကျန်းကျုံးရှန့်၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

သူသည် ချူးအော့လျှံအား အလွန်တန်ဖိုးထားခဲ့ပြီး တစ်ကြိမ်တစ်ခါမျှ မှားယွင်းခဲ့ခြင်းမရှိပါ။ သို့ဖြစ်ရာ ယင်းကိစ္စသည် လုံးဝမဖြစ်နိုင်။



သို့ဆိုလျှင် ချူးအော့လျှံက အဘယ်ကြောင့် ထိုစကားမျိုးကိုပြောရပါသနည်း။

မည်သို့ပင်ဖြစ်စေ မိမိသေဆုံးခဲ့သည့်တိုင် ချူးအော့လျှံသည် မင်းသားလေးကောင်းကန်းအား မည်သည့်နည်းနှင့်မျှ လက်ဝပ်မည်မဟုတ်ဟု ယုံကြည်မိလေသည်။

သူ၏မျက်လုံးတွင် ကျေနပ်ခြင်း၊ ဝမ်းသာခြင်းစသည့် ခံစားမှုနှင့်အတူ နှုတ်ခမ်းစွန်းတွင် ပြုံးရိပ်ထင်ကာ ဓားကိုရှေ့သို့ ဆန့်တန်း၍ မင်းသားလေးကောင်းကန်းအား ကြည့်လိုက်သည်။

ဤတွင် သူ၏မျက်လုံးအစုံသည် နဖူးပေါ်သို့ ရုတ်တရက်မြင့်တက်သွားရတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား ...

မင်းသားလေးကောင်းကန်းသည် တိုက်ပွဲဝင်မည့် သူ့ရဲကောင်းတစ်ယောက်နှင့် မတူတော့ဘဲ မကောင်းဆိုးဝါး ပူးကပ်ခံရသလို ဆောက်တည်ရာမရ ထိတ်လန့်တုန်လှုပ်သွားခြင်းကြောင့်ဖြစ်သည်။

မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေပြီး ဝိုင်းစက်ပြူးကျယ်သောမျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာ၏။

ချူးအော့လျှံ၏စကားသည် သူ၏နှလုံးအား ဆူးပါသော ကျာပွတ်နှင့်ဖြတ်ရိုက်လိုက်သလိုဖြစ်နေသည် မဟုတ်ပါလား။

"ငါ ငါ ဘာဖြစ်လို့ ကျန်းကျုံးရှန့်လို သူ့ရဲ့အချစ်ကိုမရခဲ့တာလဲ၊ ငါက ဘာဖြစ်လို့ ကျန်းကျုံးရှန့်လို ကံမကောင်းခဲ့တာလဲ၊ ဒါ ဒါဟာ ကံတရားက ငါ့အပေါ် မတရားလွန်းဘူး၊ မတရားလွန်း



ဘူး"

သွေးပျက်သူပမာ ရင်ထဲ၌ အကြိမ်ကြိမ်ရေရွတ်မိလေသည်။

ချူးဝေယွမ်သည် အခြေအနေကို တိတ်ဆိတ်စွာ အကဲခတ်ကြည့်နေရာမှ ရင်ထဲ၌ စိုးထိတ်လာမိလေသည်။

"မင်းသားလေးကောင်းကန်း ဒီကနေ့ သိပ်ပင်ပန်းနေပြီ။ ယှဉ်ပြိုင်ပွဲကို နောက်နေ့မှ"

သူ၏စကားမဆုံးမီ မင်းသားလေးကောင်းကန်းက အသံကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"မလိုဘူး ... ကျုပ် ဒီကနေ့ပဲ စာရင်းရှင်းမယ်"

ကျန်းကျုံးရှန့်က သူ့အားစေ့စေ့ကြည့်လိုက်သည်။

"မင်းအရင်လား ကျုပ်က အရင်လား"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။ နာကြည်းကြေကွဲသောအပြုံးဖြစ်၏။

"ဘယ်သူပဲဖြစ်ဖြစ် ဓားရေးက အဓိကပါ"

ကျန်းကျုံးရှန့်က လှုပ်ရှားမှုဖြင့် အဖြေပေးလိုက်သည်။

သူသည် မင်းသားလေးကောင်းကန်းထံသို့ ခုန်ဝင်ကာ ဓားဖြင့်သုံးချက်ဆင့်ကာ ခုတ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းက ဓားဖြင့်ဝှေ့ယမ်းကာကွယ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဓားကိုအပေါ်သို့ပစ်တင်ပြီး ကျန်းကျုံးရှန့်ထံသို့ ခုန်ဝင်လိုက်သည်။

ယင်းနောက် အပေါ်မှ ပြန်ကျလာသောဓားကိုဖမ်းကာ ကျန်းကျုံးရှန့်၏ ရင်ဝသို့ ထိုးသွင်းလိုက်၏။

ဤသိုင်းကွက်မှာ ပထမအကြိမ် မိမိအားအကြီးအကျယ်ရှုံးနိမ့်သွားစေခဲ့သော သိုင်းကွက်ဖြစ်ကြောင်း မှတ်မိလိုက်၏။

ထိုအချိန်က သူသည် ဤသိုင်းကွက်ကြောင့် အကြီးအကျယ်ထိတ်လန့်တုန်လှုပ်ခဲ့လေသည်။ သို့သော်ယခုမှာမူ အံ့ဩစရာကောင်းအောင်ပင် သူ၏စိတ်များက တည်ငြိမ်နေ၏။

အကြောင်းကား ချူးအော့လျို၏စကားများသည် သူ့အားအမှန်တကယ်စိတ်ချလက်ချ ယုံကြည်မှုရှိစေသောကြောင့် ဖြစ်သည်။

ယင်းကြောင့် သူသည် တိုးဝင်လာသော မင်းသားလေးကောင်းကန်း၏ ဓားကိုင်လက်ကို ပုတ်ထုတ်လိုက်သည်။

တစ်ဆက်တည်းမှာပင် ညာဘက်လက်တွင် ဆုပ်ကိုင်ထားသော ရေခဲဓားဖြင့် မင်းသားလေးကောင်းကန်း၏ ရင်ဝသို့ထိုးသွင်းလိုက်လေတော့သည်။

"အား"



မင်းသားလေးကောင်းကန်းသည် မဝီမသည်သည်းညူရင်း မယုံကြည်နိုင်ဟန်ဖြင့် မျက်လုံးများပြူးကျယ်ကာ တအိအိလဲပြိုကျသွားလေသည်။

ချူးဝေယွမ်မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"မင်းသားလေးကောင်း"

အော်ဟစ်ရင်း မင်းသားလေးကောင်းကန်းဆီသို့ ပြေးသွား၏။ ချူးအော့လျိုကလည်း သူ့နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်မိလေသည်။

အဘယ်ကြောင့်မှန်းမသိ သူမ၏ရင်ထဲတွင် ကျန်းကျုံးရှန့်ကို အနိုင်ရစေချင်သည့်ဆန္ဒဖြစ်ပေါ်ခဲ့မိသော်လည်း မင်းသားလေးကောင်းကန်း ယခုကဲ့သို့ ရှုံးနိမ့်သွားသည်ကို တွေ့မြင်လိုက်သောအခါ ရင်ထဲ၌ ဝမ်းနည်းကြေကွဲလာမိသည်။

ယင်းကြောင့် မင်းသားလေးကောင်းကန်းအား ပွေ့ချီထားလိုက်မိ၏။

"မင်းသားလေးကောင်း မင်းသားလေးကောင်း ... ရှင်ဘာဖြစ်သွားသေးသလဲဟင်"

မင်းသားလေးကောင်းကန်း၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရသည့် ဟန်မူရာများက အထင်းသား

www.burmeseclassic.com

www.burmeseclassic.com



လွင်နေ၏။

သူသည် ရင်ဝ၌စိုက်ဝင်နေသော မီးလျှံစားကို ဆွဲနုတ်လိုက်သည်။ သူ၏လက်တစ်ခုလုံး သွေးများဖြင့် ရဲရဲနီသွားလေ၏။

ထို့နောက် လေးပင်နွမ်းယဲ့သောအပြုံးဖြင့် ချူးအော့လျှံကို စိုက်ကြည့်ကာ

"ချူးအော့လျှံ ... မင်းရဲ့ အမုန်းတွေအားလုံး ကျုပ်နဲ့အတူ တမလွန်ကိုယူဆောင်သွားပြီး မြေ ... မြှုပ် ... လိုက် ... ပါ"

သူ၏အသံသည် တဖြည်းဖြည်း တိမ်ဝင်ပျောက်ကွယ်သွား၏။

ချူးအော့လျှံ၏မျက်ဝန်းအစုံက ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူမသည် မင်းသားလေးကောင်းကန်း၏ ဝိညာဉ်ကင်းမဲ့နေသောမျက်နှာကို စိုက်ကြည့်ကာ မျက်ရည်များ တွင်တွင်ကျလာလေသည်။

ရုတ်တရုတ် ခေါင်းကိုခါယမ်းလိုက်ပြီး ...

"မင်းသားလေးကောင်း မင်းသားလေးကောင်း ရှင် ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ၊ ရှင့်ကို ကျွန်မ မမုန်းပါဘူး တကယ့်ကို မမုန်းပါဘူး၊ ရှင်ဟာ ဘယ်သူတွေအပေါ် ဘယ်လောက်ပဲဆိုးဆိုး ကျွန်မ



တို့သားအဖအပေါ်မှာတော့ တကယ်ကြင်နာစောင့်ရှောက်ခဲ့ပါတယ်"

သူမသည် ပြောပြီး ငိုကြွေးနေလေသည်။ ချူးဝေယွမ်၏မျက်လုံးအစုံတွင်လည်း မျက်ရည်များဖြင့် ပြည့်လျှံလာလေသည်။

"ဟုတ်တယ် သမီး ... သူဟာ ဖေဖေတို့အပေါ် တကယ်ကောင်းခဲ့ပါတယ်၊ သူဟာ ကျန်းကျူးရှန့်ရဲ့ တိုက်ခိုက်ဖို့ ဆုံးဖြတ်ပြီးချိန်မှာ ဖေဖေ့အတွက် အရိုးဆွေးအဆိပ်ဖြေဆေးကို ပေးခဲ့သေးတယ်"

ထိုစကားကြောင့် ချူးအော့လျှံ၏ရင်ထဲ၌ ပို၍ နာကျင်ကြေကွဲလာရလေသည်။

သူမက မင်းသားလေးကောင်း၏ ဝိညာဉ်ကင်းမဲ့နေသောမျက်နှာကို လက်ကလေးများဖြင့် ကြင်နာစွာပွတ်သပ်ရင်း ...

"ခွင့်လွှတ်ပါ ကျွန်မကိုခွင့်လွှတ်ပါ ကျွန်မရဲ့တောင်းပန်တဲ့စကားကို ရှင် တမလွန်က ကြားနိုင်ပါစေ ကြားနိုင်ပါစေရှင်"

သူမသည် အရူးတစ်ယောက်ပမာ တတွတ်တွတ်ပြောရင်း ငိုကြွေးနေလေသည်။ နွေးထွေးကြင်နာသော လက်တစ်ဖက်က သူမ၏ ပခုံးအား ညင်သာစွာဆုပ်ကိုင်လာသည်။

"အော့လျှံ ... မင်းကို သူက ခွင့်လွှတ်မှာပါကွာ၊ မင်းလည်း သိပ်ပင်ပန်းနေပြီ၊ အနားယူပါတော့၊ သူ့အတွက် အေးအေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးသွားနိုင်အောင် ကျုပ်တို့ ဆုမွန်ကောင်းတောင်းပေးကြပါစို့ ...
နော်"

ချူးအော့လျှံလှည့်ကြည့်လိုက်ရာ အားပေးနှစ်သိမ့်သော အပြုံးဖြင့်ပြုံး၍ကြည့်နေသော ကျန်းကျုံးရှန့်အား တွေ့မြင်လိုက်ရလေတော့သတည်း။

ပြီး

တက္ကသိုလ်နေလင်းအောင်



မင်းသားလေးကောင်းကန်းသည် လေထဲသို့ ခုန်တက်လိုက်သည်။

ကျန်းကျုံးရှန့်ကလည်း လေထဲသို့ ခုန်တက်ကာ ဓားဖြင့်ခုတ်ချလိုက်သည်။

'ခြွမ်း'

ဓားနှစ်လက်သည် လေထဲတွင် ပြင်းထန်စွာရိုက်ခတ်မိသွား၏။

ယင်းအချိန်မှာပင် မင်းသားလေးကောင်းကန်းနှင့် ကျန်းကျုံးရှန့်တို့သည် မြေပြင်ပေါ်သို့ ပြန်လည်ခြေချမိလိုက်ကြပြီဖြစ်သည်။

ကျန်းကျုံးရှန့်၏ဓားသည် လက်ဝဲဘက်မှ လက်ယာဘက်သို့ ရုတ်တရက်ပြောင်းသွားကာ ခုတ်ချလိုက်သည်။

မင်းသားလေးကောင်းကန်းက ဓားကိုအပေါ်သို့ ပစ်တင်လိုက်ပြီး ကျန်းကျုံးရှန့်ထံသို့ ခုန်အုပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် အပေါ်သို့ပြန်လည်ကျလာသော ဓား ကိုဖမ်းကာ ကျန်းကျုံးရှန့်၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ကျန်းကျုံးရှန့်သည် အမှတ်မထင် တိုးဝင်လာသောဓားချက်ကြောင့် ရင်ထိတ်သွားကာ မီးလျှံဓားဖြင့် ခံပေးလိုက်၏။

'ထန်း'

ဓားနှစ်လက်ရိုက်မိသံက ခန်းမကြီးတစ်ခုလုံး ပွဲတင်ထပ်သွားလေသည်။

ဤတစ်ကြိမ်တွင် ဓားနှစ်လက်သည် ပူးကပ်သွား၏။ ယင်းတဒင်္ဂလေးအချိန်မှာပင် မင်းသားလေးကောင်းကန်းက လက်ကောက်ဝတ်ကို တစ်ချက်လှည့်လိုက်လေသည်။

ရုတ်တရက် မီးလျှံဓားနှင့်ပူးကပ်နေသော ရေခဲဓားသည် မြွေတစ်ကောင်ပမာ တွန့်လိမ်သွားလေသည်။

ကျန်းကျုံးရှန့် အံ့သြသွား၏။ မိမိ၏ မီးလျှံဓားကို ပြန်လည်ဆွဲနုတ်ယူရန် ကြိုးစားလိုက်သည်။

ထိုအခါ မင်းသားလေးကောင်းကန်း၏ လက်ဝါးတစ်ဖက်သည် သံတူတစ်လက်ပမာ သူ၏ရင်ဝသို့ ရိုက်ချလာလေသည်။

ကျန်းကျုံးရှန့်မှာ ကမန်းကတန်းပင် နောက်သို့ခုန်ဆုတ်ရှောင်တိမ်းပေးလိုက်ရသည်။



သို့သော် မင်းသားလေးကောင်းကန်း၏လက်ဝါးက သူ၏ရင်ဝကို အဖျားဖတ်ကာ ထိမှန်သွား၏။

'ဝုန်း'

သူသည် ကြိုးပြတ်သွားသော စွန်ပမာ လွင့်စဉ်သွားသည်။ လက်ထဲမှကိုင်ထားသည့်မီးလျှံဓားသည် မင်းသားလေးကောင်းကန်း၏လက်ထဲတွင် ကျန်ရစ်ခဲ့လေသည်။

ကျန်းကျုံးရှန့်သည် နှုတ်ခမ်းထောင့်မှ ယိုစီးကျလာသောသွေးကိုလက်ခုံဖြင့်သုတ်ရင်း လူးလဲထလိုက်၏။

ထိတ်လန့်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ အံ့သြတွေဝေခြင်းစသော ခံစားမှုများက သူ့ရင်ထဲ၌ လှိုင်းတံပိုးနှယ်ရိုက်ခတ်နေသည်။

မင်းသားလေးကောင်းကန်း၏ဓားသည် မိမိထက်ပို၍ မမြန်စေကာမူ လျှို့ဝှက်ဆန်းကြယ်ပြီး ရက်စက်ကြမ်းကြုတ်လှ၏။

ယင်းကြောင့် မင်းသားလေးကောင်းကန်းအား ပြူးကျယ်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်မိလေသည်။

ထိုအချိန်တွင် စင်မြင့်နှင့်ကပ်နေသော နံရံမှ ပန်းချီကားချပ်သည် တဖြည်းဖြည်းရွေ့လျားသွားကာ လူတစ်ယောက်ဝင်နိုင်သော အပေါက်ပိုင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် ယင်းအပေါက်ထဲမှ အလွန်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ချောမောသော မိန်းကလေးတစ်ယောက်ပြေးထွက်လာလေ၏။

သူမ၏နောက်မှ လက်တစ်ဖက်ပြတ်နေသော လူကြီးတစ်ယောက်လည်း ပါရှိလာလေသည်။

၎င်းတို့အား တွေ့မြင်လိုက်သည်နှင့် ကျန်းကျုံးရှန့်၏ မျက်နှာပေါ်တွင် နာကြည်းကြေကွဲသည့် ဟန်မူရာများ ထင်ဟပ်လာသည်။

ဤသို့ဆိုလျှင် ထိုနှစ်ယောက်သည် မည်သူများဖြစ်ပါသနည်း။ ချူးအော့လျှံနှင့် ချူးဝေယွမ်တို့ ဖြစ်ကြလေသည်။

*



ကျန်းကျုံးရှန့်သည် ရင်ထဲ၌ မွန်းကျပ်ကာ ဦးခေါင်းများမူးဝေနေသဖြင့် ခြေလှမ်းများဒယီးဒယိုင်ဖြစ်နေသည်။

သူ့အခြေအနေကို မြင်တွေ့လိုက်ရသည့်အခါ ချူးအော့လျှံ စိုးရိမ်ထိတ်လန့်သွား၏။

"အစ်ကိုကျန်း"

အော်ခေါ်ရင်း ပြေးသွားရန်ဟန်ပြင်လိုက်ရာ ချူးဝေယွမ်က လက်တစ်ဖက်ဖြင့် ကမန်းကတန်း လှမ်းဆွဲလိုက်သည်။

"သမီး"

ချူးအော့လျှံသည် ဖခင်ဖြစ်သူအား မော့ကြည့်လိုက်သည်။ သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ပြည့်လျှံနေလေသည်။

မင်းသားလေးကောင်းကန်းသည် ကျန်းကျုံးရှန့်နှင့် ချူးအော့လျှံတို့အား တစ်လှည့်စီကြည့်ကာ ရင်ထဲ၌နာကျင်သော ဝေဒနာများ ခံစားလာရလေသည်။ သို့သော် မျက်နှာကမူ ပြုံးလျက်ရှိ၏။

"ကျန်းကျုံးရှန့် မင်းနဲ့ကျုပ်ရဲ့ ယှဉ်ပြိုင်ပွဲဟာ မပြီးဆုံးသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်"

ကျွန်းကျူးရှန့်က သူ့အားစေ့စေ့ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

မင်းသားလေးကောင်းကန်းက လက်ထဲတွင်ရောက်ရှိနေသော ရေခဲဓားကို ကျွန်းကျူးရှန့်ထံ ပစ်ပေးလိုက်သည်။

"ကျုပ်က လက်နက်မရှိတဲ့လူကို အနိုင်မယူချင်ဘူး"

ကျွန်းကျူးရှန့်က ရေခဲဓားကို ဖမ်းယူလိုက်သည်။ သူ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သော ဟန်မူရာယှက်ထင်နေသည်။

မင်းသားလေးကောင်းကန်းက ပြုံးရင်း

"ကျွန်းကျူးရှန့် မင်း ကျုပ်ကိုအနိုင်တိုက်နော်၊ ဒီတစ်ကြိမ် ကျုပ်က အလျှော့ပေးတော့မှာ မဟုတ်ဘူး"

ကျွန်းကျူးရှန့်က မချိပြုံးပြုံးကာ

"စိတ်ချ ... ကျုပ် အတတ်နိုင်ဆုံးကြိုးစားမှာမ"

မင်းသားလေးကောင်းကန်းက အားပါးတရရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဒါပေမဲ့ မင်းနဲ့ကျုပ်မတိုက်ခင် တစ်ခုတော့ ကြိုတင်ပြောထားမယ်"

"ပြောပါ"



"ဒီတစ်ကြိမ် မင်းရှုံးရင် ပေးဆပ်ရမယ့် အရင်းအနှီးက မင်းအသက်၊ ပြီးတော့ ချူးအော့လျှံ"

ကျွန်းကျူးရှန့်၏ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိ၏။

ယင်းအချိန်တွင် မင်းသားလေးကောင်းကန်းသည် ဓားကို ရင်ဝတွင် ကန့်လန့်ဖြတ်ကိုင်ထားပြီး မျက်လုံးအစုံသည် ဓားသွားပေါ် ရောက်ရှိနေ၏။

လူနှင့်ဓားမှာ နှစ်ကိုယ့်တစ်စိတ်အဖြစ် အသင့်ပြင်ထားလေသည်။ ဓားမှ အေးစက်သော အငွေ့အသက်များသည် ဝန်းကျင် တစ်ခုလုံးရိုက်ခတ်ပျံ့လွင့်နေ၏။

ကျွန်းကျူးရှန့်၏ရင်ထဲ၌ လေးလံလာမိသည်။ သူသည် အလွန်ကြောက်စရာကောင်းသော ရန်သူနှင့်ရင်ဆိုင်နေရရုံမက ရင်ဝမှ စူးရှနာကျင်သော ဝေဒနာဟောင်း၏ ဒဏ်ချက်ကိုလည်း ခံစားနေရသည် မဟုတ်ပါလား။

ချူးအော့လျှံသည် လွန်စွာအကင်းပါးသော မိန်းကလေးဖြစ်၏။ ထို့ကြောင့် ကျွန်းကျူးရှန့်၏အခြေအနေကို ကောင်းစွာ အကဲခတ်လိုက်မိသည်။

ယခုအချိန်၌ သူမအနေဖြင့် ဘာလုပ်ရမည်ဆိုသည်ကိုလည်း နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကျန်း"

ကျန်းကျုံးရှန် လှည့်ကြည့်လိုက်သည်။

မင်းသားလေးကောင်းကန်းကလည်း လှည့်ကြည့်လိုက်လေသည်။

ချူးအော့လျှံသည် ကျန်းကျုံးရှန့်အား စူးစူးစိုက်စိုက်ကြည့်ရင်း မျက်ဝန်းအစုံ၌ မျက်ရည်များရစ်ဝဲလာ၏။

"ရှင်လုပ်သင့်တာကို စိတ်ချယုံကြည်စွာ လုပ်ပါ။ ကျွန်မအတွက်နောက်ဆံ မတင်းပါနဲ့၊ ရှင့်ကိုကျွန်မ ဝမ်းသာစရာတစ်ခု ပြောလိုက်မယ်၊ အဲဒါကတော့ ကျွန်မမှာ ရှင်ရဲ့ကိုယ်ပွားဝိညာဉ်တစ်ခုကို ဝမ်းနဲ့လွယ်ထားပြီးပြီ။ ဒါကြောင့် ဒီကလေးကို ကျွန်မဘဝနဲ့ရင်းပြီးပြုစုမယ်၊ စောင့်ရှောက်မယ်၊ ဘယ်လိုလူကမှ ကျွန်မနဲ့ ကျွန်မရင်သွေးလေးဘဝထဲကို ပိုင်စိုးဝင်ရောက်မလာစေရဘူးဆိုတာ ကတိပေးပါမယ်"

ထိုစကားကြောင့် ကျန်းကျုံးရှန့်၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

သူသည် ချူးအော့လျှံအား အလွန်တန်ဖိုးထားခဲ့ပြီး တစ်ကြိမ်တစ်ခါမျှ မှားယွင်းခဲ့ခြင်းမရှိပါ။ သို့ဖြစ်ရာ ယင်းကိစ္စသည် လုံးဝမဖြစ်နိုင်။



သို့ဆိုလျှင် ချူးအော့လျှံက အဘယ်ကြောင့် ထိုစကားမျိုးကိုပြောရပါသနည်း။

မည်သို့ပင်ဖြစ်စေ မိမိသေဆုံးခဲ့သည့်တိုင် ချူးအော့လျှံသည် မင်းသားလေးကောင်းကန်းအား မည်သည့်နည်းနှင့်မျှ လက်ခံမည်မဟုတ်ဟု ယုံကြည်မိလေသည်။

သူ၏မျက်လုံးတွင် ကျေနပ်ခြင်း၊ ဝမ်းသာခြင်းစသည့် ခံစားမှုနှင့်အတူ နှုတ်ခမ်းစွန်းတွင် ပြုံးရိပ်ထင်ကာ ဓားကိုရှေ့သို့ ဆန့်တန်း၍ မင်းသားလေးကောင်းကန်းအား ကြည့်လိုက်သည်။

ဤတွင် သူ၏မျက်လုံးအစုံသည် နဖူးပေါ်သို့ ရုတ်တရက်မြင့်တက်သွားရတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား ...

မင်းသားလေးကောင်းကန်းသည် တိုက်ပွဲဝင်မည့် သူ့ရဲ ကောင်းတစ်ယောက်နှင့် မတူတော့ဘဲ မကောင်းဆိုးဝါး ပူးကပ်ခံရသလို ဆောက်တည်ရာမရ ထိတ်လန့်တုန်လှုပ်သွားခြင်းကြောင့်ဖြစ်သည်။

မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေပြီး ဝိုင်းစက်ပြူးကျယ်သောမျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာ၏။

ချူးအော့လျှံ၏စကားသည် သူ၏နှလုံးအား ဆူးပါသောကျာပွတ်နှင့်ဖြတ်ရိုက်လိုက်သလိုဖြစ်နေသည် မဟုတ်ပါလား။

"ငါ ငါ ဘာဖြစ်လို့ ကျန်းကျုံးရှန့်လို သူ့ရဲ့အချစ်ကိုမရခဲ့တာလဲ၊ ငါက ဘာဖြစ်လို့ ကျန်းကျုံးရှန့်လို ကံမကောင်းခဲ့တာလဲ၊ ဒါ ဒါဟာ ကံတရားက ငါ့အပေါ် မတရားလွန်းဘူး၊ မတရားလွန်း



ဘူး"

သွေးပျက်သူပမာ ရင်ထဲ၌ အကြိမ်ကြိမ်ရေရွတ်မိလေသည်။

ချူးဝေယွမ်သည် အခြေအနေကို တိတ်ဆိတ်စွာ အကဲခတ်ကြည့်နေရာမှ ရင်ထဲ၌ စိုးထိတ်လာမိလေသည်။

"မင်းသားလေးကောင်းကန်း ဒီကနေ့ သိပ်ပင်ပန်းနေပြီ။ ယှဉ်ပြိုင်ပွဲကို နောက်နေ့မှ"

သူ၏စကားမဆုံးမီ မင်းသားလေးကောင်းကန်းက အသံကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"မလိုဘူး ... ကျုပ် ဒီကနေ့ပဲ စာရင်းရှင်းမယ်"

ကျန်းကျုံးရှန့်က သူ့အားစေ့စေ့ကြည့်လိုက်သည်။

"မင်းအရင်လား ကျုပ်က အရင်လား"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။ နာကြည်းကြေကွဲသောအပြုံးဖြစ်၏။

"ဘယ်သူပဲဖြစ်ဖြစ် ဓားရေးက အဓိကပါ"

ကျန်းကျုံးရှန့်က လှုပ်ရှားမှုဖြင့် အဖြေပေးလိုက်သည်။

သူသည် မင်းသားလေးကောင်းကန်းထံသို့ ခုန်ဝင်ကာ ဓားဖြင့်သုံးချက်ဆင့်ကာ ခုတ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းက ဓားဖြင့်ဝှေ့ယမ်းကာကွယ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဓားကိုအပေါ်သို့ပစ်တင်ပြီး ကျန်းကျုံးရှန့်ထံသို့ ခုန်ဝင်လိုက်သည်။

ယင်းနောက် အပေါ်မှ ပြန်ကျလာသောဓားကိုဖမ်းကာ ကျန်းကျုံးရှန့်၏ ရင်ဝသို့ ထိုးသွင်းလိုက်၏။

ဤသိုင်းကွက်မှာ ပထမအကြိမ် မိမိအားအကြီးအကျယ် ရှုံးနိမ့်သွားစေခဲ့သော သိုင်းကွက်ဖြစ်ကြောင်း မှတ်မိလိုက်၏။

ထိုအချိန်က သူသည် ဤသိုင်းကွက်ကြောင့် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ခဲ့လေသည်။ သို့သော်ယခုမှာမူ အံ့သြစရာကောင်းအောင်ပင် သူ၏စိတ်များက တည်ငြိမ်နေ၏။

အကြောင်းကား ချူးအော့လျှံ၏စကားများသည် သူ့အား အမှန်တကယ်စိတ်ချလက်ချ ယုံကြည်မှုရှိစေသောကြောင့် ဖြစ်သည်။

ယင်းကြောင့် သူသည် တိုးဝင်လာသော မင်းသားလေးကောင်းကန်း၏ ဓားကိုင်လက်ကို ပုတ်ထုတ်လိုက်သည်။

တစ်ဆက်တည်းမှာပင် ညာဘက်လက်တွင် ဆုပ်ကိုင်ထားသော ရေခဲဓားဖြင့် မင်းသားလေးကောင်းကန်း၏ ရင်ဝသို့ထိုးသွင်းလိုက်လေတော့သည်။

"အား"



မင်းသားလေးကောင်းကန်းသည် မပီမသညည်းညူရင်း မယုံကြည်နိုင်ဟန်ဖြင့် မျက်လုံးများပြူးကျယ်ကာ တအိအိလဲပြိုကျသွားလေသည်။

ချူးဝေယွမ်မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"မင်းသားလေးကောင်း"

အော်ဟစ်ရင်း မင်းသားလေးကောင်းကန်းဆီသို့ ပြေးသွား၏။ ချူးအော့လျှံကလည်း သူ့နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်မိလေသည်။

အဘယ်ကြောင့်မှန်းမသိ သူမ၏ရင်ထဲတွင် ကျန်းကျုံးရှန့်ကို အနိုင်ရစေချင်သည့်ဆန္ဒဖြစ်ပေါ်ခဲ့မိသော်လည်း မင်းသားလေးကောင်းကန်း ယခုကဲ့သို့ ရှုံးနိမ့်သွားသည်ကို တွေ့မြင်လိုက်သောအခါ ရင်ထဲ၌ ဝမ်းနည်းကြေကွဲလာမိသည်။

ယင်းကြောင့် မင်းသားလေးကောင်းကန်းအား ပွေ့ချီထားလိုက်မိ၏။

"မင်းသားလေးကောင်း မင်းသားလေးကောင်း ... ရှင် ဘာဖြစ်သွားသေးသလဲဟင်"

မင်းသားလေးကောင်းကန်း၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရသည့် ဟန်မူရာများက အထင်းသားပေါ်

www.burmeseclassic.com

www.burmeseclassic.com



လွင်နေ၏။

သူသည် ရင်ဝ၌စိုက်ဝင်နေသော မီးလျှံဓားကို ဆွဲနုတ်လိုက်သည်။ သူ၏လက်တစ်ခုလုံး သွေးများဖြင့် ရဲရဲနီသွားလေ၏။

ထို့နောက် လေးပင်နွမ်းယဲ့သောအပြုံးဖြင့် ချူးအော့လျှံကို စိုက်ကြည့်ကာ

"ချူးအော့လျှံ ... မင်းရဲ့ အမုန်းတွေအားလုံး ကျုပ်နဲ့အတူ တမလွန်ကိုယူဆောင်သွားပြီး မြေ ... မြှုပ် ... လိုက် ... ပါ"

သူ၏အသံသည် တဖြည်းဖြည်း တိမ်ဝင်ပျောက်ကွယ်သွား၏။

ချူးအော့လျှံ၏မျက်ဝန်းအစုံက ပိုင်းစက်ပြူးကျယ်သွားလေသည်။

သူမသည် မင်းသားလေးကောင်းကန်း၏ ဝိညာဉ်ကင်းမဲ့နေသောမျက်နှာကို စိုက်ကြည့်ကာ မျက်ရည်များ တွင်တွင်ကျလာလေသည်။

ရုတ်တရက် ခေါင်းကိုခါယမ်းလိုက်ပြီး ...

"မင်းသားလေးကောင်း မင်းသားလေးကောင်း ရှင် ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ၊ ရှင့်ကို ကျွန်မ မမုန်းပါဘူး တကယ့်ကို မမုန်းပါဘူး၊ ရှင်ဟာ ဘယ်သူတွေအပေါ် ဘယ်လောက်ပဲဆိုးဆိုး ကျွန်မ



တို့သားအဖအပေါ်မှာတော့ တကယ်ကြင်နာစောင့်ရှောက်ခဲ့ပါတယ်"

သူမသည် ပြောပြီး ငိုကြွေးနေလေသည်။ ချူးဝေယွမ်၏ မျက်လုံးအစုံတွင်လည်း မျက်ရည်များဖြင့် ပြည့်လျှံလာလေသည်။

"ဟုတ်တယ် သမီး ... သူဟာ ဖေဖေတို့အပေါ် တကယ် ကောင်းခဲ့ပါတယ်၊ သူဟာ ကျန်းကျုံးရှန်ရဲ့ တိုက်ခိုက်ဖို့ ဆုံးဖြတ်ပြီး ချိန်မှာ ဖေဖေ့အတွက် အရိုးဆွေးအဆိပ်ဖြေဆေးကို ပေးခဲ့သေးတယ်"

BURMESE CLASSIC .com

ထိုစကားကြောင့် ချူးအော့လျှံ၏ရင်ထဲ၌ ပို၍ နာကျင်ကြေကွဲလာရလေသည်။

သူမက မင်းသားလေးကောင်း၏ ဝိညာဉ်ကင်းမဲ့နေသော မျက်နှာကို လက်ကလေးများဖြင့် ကြင်နာစွာပွတ်သပ်ရင်း ...

"ခွင့်လွှတ်ပါ ကျွန်မကိုခွင့်လွှတ်ပါ ကျွန်မရဲ့တောင်းပန်တဲ့ စကားကို ရှင် တမလွန်က ကြားနိုင်ပါစေ ကြားနိုင်ပါစေရှင်"

သူမသည် အရူးတစ်ယောက်ပမာ တတွတ်တွတ်ပြောရင်း ငိုကြွေးနေလေသည်။ နွေးထွေးကြင်နာသော လက်တစ်ဖက်က သူမ၏ ပခုံးအား ညင်သာစွာဆုပ်ကိုင်လာသည်။

"အော့လျှံ ... မင်းကို သူက ခွင့်လွှတ်မှာပါကွာ၊ မင်းလည်း သိပ်ပင်ပန်းနေပြီ၊ အနားယူပါတော့၊ သူ့အတွက် အေးအေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးသွားနိုင်အောင် ကျုပ်တို့ ဆုမွန်ကောင်းတောင်းပေးကြပါစို့ … နော်”

ချူးအော့လှုံ့လှည့်ကြည့်လိုက်ရာ အားပေးနှစ်သိမ့်သော အပြုံးဖြင့်ပြုံး၍ကြည့်နေသော ကျန်းကျူးရှန့်အား တွေ့မြင်လိုက်ရလေတော့သတည်း။

ပြီး

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com